# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၄၁)


**လောက၌ အကဲ့ရဲ့လွတ်သူမရှိ**

ကဲ့ရဲ့ခြင်းသည် ရှေးရိုးအစဉ်အလာပေတည်း။ ဤကဲ့ရဲ့ခြင်းသည် ယခုမှဖြစ်သည်မဟုတ်။ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကုန်၏။ များစွာဟောပြောသူကိုလည်း ကဲ့ရဲ့ကုန်၏။ နှုင်းချိန်၍ပြောသူကိုလည်း ကဲ့ရဲ့ကုန်၏။ လောက၌ အကဲ့ရဲ့လွတ်သောသူ မည်သည် မရှိပေ။ **ခုဒ္ဒကနိကာယ် (ဓမ္မပဒ-၂၂၇)**

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

### အစိုးရနှင့် ပြည်သူအကြား ပေါင်းကူးတံတားအဖြစ် ဆက်သွယ်ဆောင်ရွက်ပေးမည့် ပြန်ကြားရေးဝန်ကြီးဌာန



တွေ့ဆုံမေးမြန်း-မော်စီ စာ-၁၅၊ ၁၆၊ ၁၇

# နိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများ ယနေ့စတင်ဖွင့်လှစ်

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းသား ကျောင်းသူ ကိုးသိန်းကျော်တက်



**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)၊ ရဲထွဋ်**

**ရန်ကုန် ဇွန် ၁**

၂၀၁၆-၂၀၁၇ ခုနှစ် ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ ယနေ့ စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းသားကျောင်းသူ စုစုပေါင်း ၉၄၉၅၉၀ ပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ယခုနှစ် ပညာသင်နှစ်တွင် KG သင်ရိုးညွှန်းတမ်းသစ်ကို စတင်သင်ကြားလျက်ရှိရာ ကဗျာရွတ်ဆိုသီဆိုကခုန်ခြင်း၊ ပန်းချီဆွဲခြင်း၊ ရုပ်ပုံကားချပ်များအရောင်ခြယ်ခြင်း၊ ဝိုင်းဖွဲ့ကစားခြင်းများ အပါအဝင် သင်ကြားမှုနယ်ပယ်ကြီးခြောက်ရပ်ဖြင့် ပို့ချသင်ကြားပေးလျက်ရှိသည်ကို တွေ့ရသည်။

"ပညာရေးဝန်ကြီးဌာနက ရန်ပုံငွေချပေးတဲ့အတွက် အထူးသဖြင့် ကလေးတွေ ကျန်းမာရေးအတွက် မုန့်စားရုံ၊ သန့်စင်ခန်း၊ ခုံတွေ စတဲ့အဆောက်အအုံ၊ ပရိဘောဂအတွင်းပိုင်း၊ အပြင်ပိုင်းအားလုံး ယခုနှစ်ပညာသင်နှစ်အတွက် တတ်နိုင်သမျှ ပြုလုပ်ထားပါတယ်"ဟု ဗိုလ်တထောင် အထက (၅) ကျောင်းအုပ်ကြီး ဒေါ်စန်းစန်းဌေးက ပြောသည်။

ယခုနှစ် သူငယ်တန်း KG နှင့်ပတ်သက်၍ "KG သင်ယူမှုညွှန်ကြားချက်က ကလေးတွေအားလုံး ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်နဲ့ သင်ခန်းစာတွေကို သင်နိုင်ကာ KG ဆိုတဲ့ အဆင့်တစ်ဆင့်၊ ဘဝတစ်သက်တာအတွက် အမှတ်တရ ပျော်ရွှင်စရာကောင်းတဲ့အချိန်လေးကို ပြန်သတိရနိုင်ဖို့ရည်ရွယ်ပြီး Kg သင်ရိုးညွှန်းတမ်းလေးကို *စာမျက်နှာ ၃ ကော်လံ ၃* ✻

## ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်နေ

**တွေ့ဆုံမေးမြန်း - မင်းမင်းဇော်**

ပြည်ထောင်စုအစိုးရအဖွဲ့က ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကျိုးရှိမည့် စီမံချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များကို သိရှိနိုင်ရန် ပြည်နယ်ဝန်ကြီးများအား မေးမြန်းထားသည်များကို ရေးသားတင်ပြလိုက်ရပါသည်။

**ဦးအောင်ကျော်ဇံ**
**ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး**

ရခိုင်ပြည်နယ်ရဲ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဟာ ကျေးလက်ဒေသတွေအထိ ဖြန့်ဖြူးတဲ့အဆင့်ကို ရောက်နေပြီ ဖြစ်ပါတယ်။ ဒါကြောင့် လျှပ်စစ်အန္တရာယ် အသိပညာပေးရေးလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပြီး လျှပ်စစ်ဓာတ်အားလိုင်းတွေ *စာမျက်နှာ ၈ ကော်လံ ၁* ❍




မြန်မာ့အလင်း

# ငြိမ်းချမ်းရေးဗိမာန်သစ် တည်ဆောက်ခြင်း


ယခုရက်ပိုင်းများအတွင်း ၂၁ ရာစု ပင်လုံညီလာခံကျင်းပနိုင်ရေးပြင်ဆင်မှုသတင်းများ အတွေ့ရများနေသည်။ အစိုးရဘက်မှ ပြင်ဆင်မှုများ ရှိသလို တိုင်းရင်းသားများဘက်ကလည်း ပြင်ဆင်မှုများရှိနေသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ NLD ၏ ရွေးကောက်ပွဲကြေညာစာတမ်းတွင် ပထမဦးစားပေးနေရာမှရှိခဲ့သည့်အတိုင်း ယခုအစိုးရသစ်အဖို့ ဤလုပ်ငန်းစဉ်ကို အားထည့်လုပ်ဆောင်တော့မည်ဖြစ်သည်။

အစိုးရဘက်မှ ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဖွဲ့စည်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးစင်တာ ပြန်လည်ဖွဲ့စည်းရေးများ လုပ်ဆောင်နေသည်။ ထို့အပြင် ယခင်အစိုးရလက်ထက်ကရရှိခဲ့သော အပစ်အခတ်ရပ်စဲရေး စာချုပ်လက်မှတ်ရေးထိုးပြီးအဖွဲ့များ၊ လက်မှတ်မရေးထိုးရသေးသော အဖွဲ့များအားလုံးနှင့် တွေ့ဆုံပြီး ၂၁ ရာစုပင်လုံကျင်းပမည့် အတွင်းသဘောအကြောင်းအရာများကိုလည်း ရှင်းပြဖို့ ဆက်သွယ်ဆောင်ရွက်နေပြီဖြစ်သည်။

အလားတူပင် တိုင်းရင်းသား နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှလည်း ပြင်ဆင်မှုများပြုလုပ်နေသည်ကို ခပ်စိပ်စိပ် တွေ့မြင်လာနေရသည်။ NCA လက်မှတ်ရေးထိုးပြီး အဖွဲ့များတွေ့ဆုံညှိနှိုင်းမှုများပြုလုပ်ခဲ့သလို၊ လက်မှတ်မထိုးရသေးသော အဖွဲ့များလည်း 'ဝ' နယ်တွင် တွေ့ဆုံရန် ပြင်ဆင်လျက်ရှိသည်။ အလားတူ ၂၁ ရာစု ပင်လုံ မကျင်းပမီ တိုင်းရင်းသားနိုင်ငံရေးပါတီများပါဝင်သော ညီလာခံတစ်ရပ်ကျင်းပနိုင်ရန် ညီနောင်တိုင်းရင်းသားပါတီများဖက်ဒရေးရှင်း (NBF) က ကြိုးပမ်းသွားမည်ဟု မေ ၃၀ ရက်နှင့် ၃၁ ရက် အစည်းအဝေးအပြီးတွင် ပြောကြားခဲ့သည်။ ENAC ခေါ် တိုင်းရင်းသားလူမျိုးများရေးရာစင်တာကလည်း ၂၁ ရာစုပင်လုံတွင် တင်သွင်းနိုင်ရန် တိုင်းရင်းသားအဖွဲ့အစည်းများ ဆွေးနွေးထားသည့် မူဝါဒ (၉) ချက်ကို ရေးဆွဲထားပြီးဖြစ်ကြောင်း သိရသည်။ ထိုဆွေးနွေးပွဲများသို့ ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ ကရင်အမျိုးသားအစည်းအရုံး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP/SSA) အစရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များလည်း တက်ရောက်ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

နှစ်ပေါင်း ၇၀ နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သော ပထမပင်လုံနှင့် ၂၁ ရာစုပင်လုံကြား ကြီးမားသော ကွာခြားချက်များရှိသလို တူညီချက်များလည်း ရှိနေပါသည်။ ပထမပင်လုံကာလက ကမ္ဘာတွင် ဖက်ဆစ်ဝါဒကျဆုံးဖြစ်သလို ယခုကာလသည်လည်း စစ်အေးအလွန်ကာလမှစ၍ အာဏာရှင်စနစ်များပြိုကွဲပြီး ဒီမိုကရေစီစနစ်ကျင့်သုံးသောနိုင်ငံ ပိုများလာချိန်ဖြစ်သည်။ ပထမပင်လုံကာလက ဂျပန်ကို တွန်းလှန်တိုက်ခိုက်ခဲ့သော ဖဆပလအစိုးရ ရှိသလို ယခု ၂၀၁၅ ရွေးကောက်ပွဲတွင် တစ်ခဲနက် လူထုထောက်ခံမှုဖြင့် တက်လာသော အစိုးရရှိနေသည်။ ထို့ပြင် ပထမပင်လုံကာလက ပုဂ္ဂိုလ်ရေးအရ ဗိုလ်ချုပ်အောင်ဆန်းအပေါ်တွင် တိုင်းရင်းသားများ ယုံကြည်မှုရှိသလို၊ ၂၀၁၅ ရွေးကောက်ပွဲ၌ ပြည်နယ်အများစုတွင် NLD အနိုင်ရခဲ့ခြင်းက လက်ရှိအစိုးရ၏ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အပေါ် ယုံကြည်မှုရှိကြောင်း ပြဆိုနေပါသည်။ ထို့အပြင် ထိုအချိန်က တောင်တန်းဒေသအပေါ်ထားရှိခဲ့သော ဖဆပလ၏ နိုင်ငံရေးမူဝါဒမှန်ကန်ခဲ့သလို ယခုအစိုးရအဖို့ဆိုလျှင်လည်း အတိုက်အခံဘဝ ၁၉၉၀ အလွန်ကာလကတည်းက တိုင်းရင်းသားများလိုလားသော ဖက်ဒရယ်စနစ်ကို ရပ်ခံလာခဲ့သော ပါတီဖြစ်နေပါသည်။ ထိုသို့ တူညီချက်များကြောင့် ၂၁ ရာစုပင်လုံသည် အောင်မြင်ရန် အခြေခံအကြောင်းအချက်ရှိသည်ဟု ဆိုနိုင်ပါသည်။

တစ်ဖက်တွင်မူ ထူးခြားသော ဖြစ်ပေါ်ပြောင်းလဲမှုဖြစ်စဉ်များ ရှိနေသည်။ ၎င်းမှာ ၂၀၁၅ ရွေးကောက်ပွဲတွင် တိုင်းရင်းသားနိုင်ငံရေးပါတီများ ပေါ်ထွန်းလာခြင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အင်နှင့်အားနှင့်ရှိနေသော အခြေအနေပင်ဖြစ်သည်။ NCA စာချုပ် ဆွေးနွေးပွဲများကာလက တိုင်းရင်းသားများဘက်မှတင်သွင်းသော အဆိုများကိုသာ အခြေခံဆွေးနွေးခဲ့ခြင်းဖြစ်ပြီး နောက်ဆုံး သဘောတူညီချက်ရခဲ့သည်။ ယခုဆွေးနွေးပွဲတွင်လည်း အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များ၊ တိုင်းရင်းသားပါတီများသည် အဓိက ဆွေးနွေးဖက်များ ဖြစ်လာမည်ဖြစ်ပါသည်။ အရေးကြီးသည်မှာ အောင်မြင်ရန် အခြေခံအကြောင်းအချက်များပေါ် အမှီပြု၍ ထူးခြားသော ဖြစ်ပေါ်လာမှုများကို ညှိနှိုင်းဖြေရှင်းကြရန်ဖြစ်သည်။ "ငြိမ်းချမ်းရေးဆိုသည်မှာ နေ့စဉ်လျှောက်လှမ်းရမည့် ခရီးစဉ်ဖြစ်ပြီး အယူအဆများ တဖြည်းဖြည်းပြောင်းလဲသွားခြင်း၊ တံတိုင်းဟောင်းများ တဖြည်းဖြည်းတိုက်စားသွားခြင်းနှင့် ဗိမာန်သစ်များ တိတ်ဆိတ်စွာ တည်ဆောက်သွားခြင်းပင်ဖြစ်သည်" ဟူသော 'ဂျွန်ဖစ်ဇရာကင်နေဒီ'၏ စကားအတိုင်း နှလုံးသွင်းကြဖို့ တိုက်တွန်းလိုက်ရပါသည်။




## ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းဆင်းပွဲ တောင်ကြီး၌ ကျင်းပ

**တောင်ကြီး ဇွန် ၁**

ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး) က ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းဆင်းပွဲအခမ်းအနားကို တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး သင်တန်းခန်းမ၌ မေ ၃၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်က သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးက သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မှုခင်းကြိုတင်ကာကွယ်ရေးနှင့် ကျဆင်းရေးဆွေးနွေး

**နေပြည်တော် ဇွန် ၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရထားရဲတပ်ဖွဲ့အပိုင်နယ်မြေအတွင်းရှိ ဘူတာရပ်ဝင်းများ၊ ရထားများနှင့် မီးရထားပိုင်စက်ရုံ၊ အလုပ်ရုံများတွင် ရက် ၁၀၀ အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့်မှုခင်းကျဆင်းရေးလုပ်ငန်းများအား ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရက် ၁၀၀ စီမံချက် ဆွေးနွေးပွဲကို မေ ၃၁ ရက်က နေပြည်တော်ရထားရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရထားရဲတပ်ဖွဲ့တပ်ဖွဲ့မှူး ရဲမှူးချုပ်နေဝင်းက ဆောင်ရွက်လျက်ရှိသည့်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်အား ရှင်းလင်းပြောကြားပြီး ဒုတိယတပ်ဖွဲ့မှူးနှင့် ဦးစီးအရာရှိ (ပထမတန်း) တို့က စီမံချက်ပါ ပြည်သူလူထု သိသင့်သောဥပဒေများအားပြုစု၍ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပရေး၊ တရားရေး၊ ဥပဒေ၊ အုပ်ချုပ်ရေးနှင့် ဌာနဆိုင်ရာများ၊ ဒေသခံနယ်မြေရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရေး ရထားစီးခရီးသည်များအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးတို့ကိုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**




## ကရင်ပြည်နယ်၌ ကျောင်းဝတ်စုံနှင့် ကျောင်းသုံး ဗလာစာအုပ်များလှူ

**မြဝတီ ဇွန် ၁**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းသားသမီးများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၃၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က အမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ များအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၉.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၇.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၆.၄၉ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၈၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၆.၉၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ယူနက်စကို၏ မြန်မာနိုင်ငံ မီဒီယာဖွံ့ဖြိုးတိုးတက်မှုအကဲဖြတ်မှတ်တမ်း အနှစ်ချုပ်နှင့် အဓိကအကြံပြုချက်များ စာအုပ်မိတ်ဆက်

**ရန်ကုန် ဇွန် ၁**

မြန်မာနိုင်ငံ မီဒီယာဖွံ့ဖြိုးတိုးတက်မှုအကဲဖြတ်မှတ်တမ်း အနှစ်ချုပ်နှင့် အကြံပြုချက်များသည် မီဒီယာလောကနှင့် သက်ဆိုင်သူအားလုံးကို နည်းလမ်းကောင်း အကြံကောင်းများ ထုတ်ဖော်ပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ အစိုးရ၏ ဒီမိုကရေစီပြည့်ဝသောအနေအထားဆီသို့ ဆက်လက်ရည်မှန်းဆောင်ရွက်သွားရန် မူဝါဒလမ်းစဉ်များနှင့်လည်း ညီညွတ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။**(ယာပုံ)**




ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ပြုလုပ်သည့် UNESCO နှင့် International Media Support (ims) တို့ ပူးပေါင်းဆောင်ရွက်သည့် "မြန်မာနိုင်ငံမီဒီယာဖွံ့ဖြိုးတိုးတက်မှုအကဲဖြတ်မှတ်တမ်းနှင့် အကြံပြုချက်များ" စာအုပ် မိတ်ဆက်အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက" သတင်းမီဒီယာဖွံ့ဖြိုးရေး ဆောင်ရွက်ရာမှာ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်ကာလအတွင်း တိုးတက်မှုတွေရရှိခဲ့ပါတယ်။ လက်ရှိအနေအထားအရ ပြောရရင်တော့ ကျေနပ်အားရလောက်ဖွယ် မရှိသေးတာကို လက်ခံပါတယ်။ UNESCO၊ ims အစရှိတဲ့အဖွဲ့အစည်းတွေ အင်တိုက်အားတိုက် အားပေးကူညီခဲ့တာက အင်မတန်အရေးပါတယ်လို့ ထင်ပါတယ်။ သုံးသပ်ချက်အစီရင်ခံစာကို ကြည့်တဲ့အခါ UNESCO ရဲ့ မီဒီယာဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းတွေကို အခြေခံဆောင်ရွက်နေတာတွေ့ရတယ်။ မီဒီယာနဲ့ပတ်သက်တဲ့ လက်ရှိအနေအထားကို ရှေ့ဆက်ပြီးဖွံ့ဖြိုးဖို့ ဆောင်ရွက်သင့်တယ်ဆိုတဲ့ အကြံပြုသုံးသပ်ချက်တွေကိုတွေ့ရတယ်။ မီဒီယာအရည်အသွေးမြင့်မားရေးအတွက် လေ့ကျင့်မှုတွေ လိုအပ်ပါတယ်။ ရေးသားချက်တွေနဲ့ပတ်သက်ပြီး မကျေနပ်ရင် တိုင်ကြားဖို့၊ အဖြေရှာဖို့၊ သတင်းမီဒီယာကောင်စီရဲ့အခန်းကဏ္ဍကို ပိုပြီးအားကောင်းအောင် ဆောင်ရွက်ပေးတယ်ဆိုတဲ့ အချက်တွေဟာ ကျွန်တော်တို့ သုံးသပ်တာနဲ့ ဆင်တူနေပါတယ်။ ဒီအစီရင်ခံစာဟာ မီဒီယာဆိုင်ရာ စိတ်ကူးစိတ်သန်းလမ်းစတွေရဖို့ အထောက်အကူပြုနိုင်မယ်လို့ယူဆပါတယ်။ ချိတ်ဆက်လုပ်ရမယ်လို့ မြင်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်သံရုံး ကောင်စစ်ဝန် Mr. David Holmertz၊ သတင်းအတတ်ပညာ အကြီးတန်းသုတေသီ ဒေါက်တာ ဇင်မာကျော်၊ Myanmar News Net Work Co., Ltd. အမှုဆောင်အရာရှိချုပ် ဦးကိုကို၊ UNESCO ဗန်ကောက်ရုံးမှ ပြန်ကြားဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာအကြံပေး Ms. MISA-KOITO၊ International Media Support (ims) ၏ မြန်မာနိုင်ငံ အစီအစဉ်မန်နေဂျာ Mr. Glen K. Swanson နှင့် အပြည်ပြည်ဆိုင်ရာ သုတေသန ညှိနှိုင်းရေးမှူးနှင့် အကဲဖြတ်မှတ်တမ်းကိုဦးဆောင်ရေးသားသူ Mr. Bart Robertson တို့ကလည်း အဆိုပါစာအုပ်တွင်ပါရှိသည့် အချက်အလက်များနှင့်ပတ်သက်၍ အသေးစိတ် သုံးသပ်ဆွေးနွေးကြသည်။

"မြန်မာမီဒီယာ ဖွံ့ဖြိုးတိုးတက်မှု အကဲဖြတ်မှတ်တမ်း စာအုပ်တွေကို ပြန်ကြားရေးဝန်ကြီးဌာနနဲ့ မီဒီယာတွေကို ဖြန့်ဝေမှာပါ။ ဒီစာအုပ်က ယူနက်စကိုရဲ့စံချိန်စံညွှန်းတွေနဲ့ မြန်မာနိုင်ငံရဲ့မီဒီယာတိုးတက်မှုအပိုင်းကို အကဲဖြတ်ခဲ့တာဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ အခုအစိုးရသစ်လက်ထက် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ရှေ့ဆက်ပြီး ဆောင်ရွက်ဖို့ ပေးအပ်တာဖြစ်ပါတယ်"ဟု ဦးမျိုးမင်းထိုက် Program Adviser (ims) က ပြောသည်။

မြန်မာနိုင်ငံ မီဒီယာဖွံ့ဖြိုးတိုးတက်မှုအကဲဖြတ်မှတ်တမ်းအနှစ်ချုပ်နှင့် အဓိကအကြံပြုချက်များစာအုပ်ကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ထုတ်ထားပြီး ပြန်ကြားရေးဝန်ကြီးဌာနအပါအဝင် အခြားမီဒီယာအဖွဲ့အစည်းများသို့လည်း ဖြန့်ချိပေးသွားမည်ဖြစ်သည်။ အဆိုပါအကဲဖြတ်မှတ်တမ်းကို ပြန်လည်သုံးသပ်ကာ လိုအပ်သည်များကိုပြင်ဆင်သွားမည်ဖြစ်ပြီး ပိုမိုကောင်းမွန်အောင် ထပ်မံဖြည့်စွက်သွားရန်ရှိကြောင်း သိရသည်။



**သတင်းအတတ်ပညာ အကြီးတန်းသုတေသီ ဒေါက်တာ ဇင်မာကျော်**



UNESCO **ဗန်ကောက်ရုံးမှ ပြန်ကြားဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ အကြံပေး** Ms. MISA KOITO

အဆိုပါစာအုပ်ကို ပြည်နယ်ငါးခု တိုင်းဒေသကြီးလေးခုရှိ တိုင်းရင်းသားမီဒီယာအဖွဲ့အစည်းပေါင်း ၇၀ နှင့် တွေ့ဆုံကာ အင်တာဗျူးပေါင်း ၉၀၊ ဆွေးနွေးမှုပေါင်း (၄၈)ကြိမ် ပြုလုပ်ခဲ့ကာ မီဒီယာသည် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသင့်သည်ဆိုသည့်အချက်နှင့် မီဒီယာသည် ကောင်းမွန်သည့်အုပ်ချုပ်မှုစနစ်ကို ပံ့ပိုးသင့်သည့်ဆိုသည့် အခြေခံအချက်များကို မူတည်ရေးသားထားခြင်းဖြစ်ကြောင်း သိရသည်။

ယူနက်စကိုသည် ကမ္ဘာ့နိုင်ငံများအတွက် မီဒီယာဖွံ့ဖြိုးမှုအကဲဖြတ်မှတ်တမ်းများကို ရေးဆွဲပေးလျက်ရှိရာ အကဲဖြတ်မှတ်တမ်း သုံးသပ်ချက်အနှစ်ချုပ် ၁၅ အုပ်မြောက်ကို လာအိုနိုင်ငံအတွက် ရေးဆွဲပေးခဲ့ခြင်းဖြစ်ပြီး ယခု(၁၆)ကြိမ်မြောက် မှတ်တမ်းစာအုပ်မှာ မြန်မာနိုင်ငံအတွက် ရေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း - ဝင်းဝင်းမော်၊ မြတ်စန္ဒီသင်းဇော်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ရှမ်းပြည်နယ်အတွင်း စစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာသို့ အကြံပြုချက်များပေးပို့ထား

**နေပြည်တော် ဇွန် ၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် ရပ်စောက်မြို့နယ်အတွင်းရှိ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲအချုပ်ခန်း၊ ဆေးရုံအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းတို့ကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာ ညဏ်ဇော်နှင့် ဒေါ်မြမြတို့သည် မေလနောက်ဆုံးပတ်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် အကျဉ်းထောင်၊ ရဲအချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းအချို့၌ လူဦးရေကျပ်တည်းနေမှု၊ အချုပ်ကာလကြန့်ကြာနေမှု၊ ရဲအချုပ်ခန်းများ၌ သန့်ရှင်းရေးအားနည်းမှု၊ အကျဉ်းထောင် လက်စွဲဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိမှု စသည်တို့ကို စစ်ဆေးတွေ့ရှိရသဖြင့် ဝန်ကြီးဌာနများသို့ အကြံပြုတိုက်တွန်းချက်များ ပေးပို့ ထားကြောင်း သိရှိရသည်။
**(သတင်းစဉ်)**



**ဇွန် ၁ ရက်က အခြေခံပညာကျောင်းများစတင်ဖွင့်လှစ်ရာ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ ကျောင်းသားမိဘများနှင့် ကျောင်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား တွေ့ရစဉ်**
မြင့်မိုရ်(တာချီလိတ်)

**✻ ရှေ့ဖုံးမှ**

ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါးဖြစ်ဖို့ ဆောင်ရွက်ထားပါတယ်။ သူငယ်တန်းတစ်ခန်းကို ပျမ်းမျှ ၄၅ ဦးပဲ လက်ခံတယ်။ KG ရဲ့ပုံစံက သီချင်းဆိုကြမယ်၊ ပညာပေးသီချင်းတွေ၊ ကလေးတွေရဲ့စိတ်ဓာတ်၊ စည်းကမ်း၊ ယဉ်ကျေးမှု၊ ဘာသာတရားနဲ့ ပတ်သက်တဲ့ ကလေးတွေရဲ့အတွေးအခေါ်မှာ သူငယ်တန်းလောက်က အခြေခံချပေးနိုင်တဲ့သင်ရိုးတွေကို ပျော်ပျော်ပါးပါး သီချင်းတွေဆိုမယ်၊ ကကြမယ်၊ ကစားစရာလေးတွေနဲ့ကစားမယ်၊ လက် သန်မာအောင် ပန်းချီဆွဲမယ်၊ ရုပ်ပုံကားချပ်ကို အရောင်ခြယ်မယ်၊ စက္ကူခေါက်မယ်၊ ကလေးအားလုံး ဝိုင်းဖွဲ့ကစားကြမယ်၊ ဒီကျောင်းလို အဆောက်အအုံနေရာ အခက်အခဲရှိတဲ့ကျောင်းမျိုးက KG ကို သီးသန့်မထားနိုင်ဘူး။ အဆောက်အအုံကြီးတဲ့ ကျောင်းကတော့ သူငယ်တန်းကို သီးသန့်ထားတဲ့အတွက် ကလေးအတွက် ပိုကောင်းတယ်။ သင်ရိုးကလည်း ကဗျာ၊ သီချင်းဆိုကြမယ်။ ဟိုးအရင်ကတည်းက မြန်မာကစားနည်းတွေကို KG ကို အသက်သွင်းပေးတာ၊ အလွတ်ကျက်ပြီး ဖြေတဲ့ပုံစံကနေ ကလေးစဉ်းစားဉာဏ်၊ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်ဖြည့်စွက်ချက်တွေနဲ့ အထူးပြုသင်ကြားနည်းကလေးကို ဗဟိုပြုသင်ကြားနည်းပေါ့၊ ကလေးဘယ်လောက်သိလဲ အကြောင်းအရာပေါ်မှာ ကလေးတွေဘက်က ပြန်လာမှုအပေါ်မှာ အခြေခံပြီး ဆရာနဲ့ ကလေးအပြန်အလှန်မေးရင်းပြောရင်းနဲ့ ကလေးတွေ အသိတရား၊ ဗဟုသုတတွေ တိုးမြှင့်ပေးတဲ့ပညာရေးပါ" ဟု ၎င်းက ပြောသည်။

ဗိုလ်တထောင် အထက (၅) သူငယ်တန်း KG-A ဒေါ်ပိုးအိစိုးက "သင်တန်းပို့ချထားတဲ့ သင်ကြားမှုပုံစံအတိုင်း သင်ရမှာပါ။ ကိုယ့်အတန်းနဲ့ကိုယ် သင်တန်းကပို့ချလိုက်တဲ့သင်ထောက်ကူပစ္စည်းတွေ သုံးပြီးသင်မှာပါ။ ကလေးတွေကို အခုအုပ်စုနဲ့ထိုင်ခိုင်းပါတယ်။ ပုံမှန်ဆိုရင် ကျောင်းတွေမှာ အတန်းလိုက်ထိုင်ကြပေမယ့် ဒီနေ့မှာ ထိုင်ခုံတွေနဲ့ အုပ်စုဖွဲ့ပြီး ထိုင်ခိုင်းပါတယ်။ အဖွဲ့တွေကလည်း တစ်နေ့ တစ်ဖွဲ့ မတူဘူး။ ကလေးအားလုံး အချင်းချင်း ပျော်ရွှင်ရင်းနှီးမှုရှိသွားအောင် လှည့်ပြီး ထိုင်ခိုင်းထားပါတယ်။ ကလေးတွေဆော့ဖို့ ပစ္စည်းတွေရှိတယ်။ ဆေးရောင် ခြယ်တာ အရုပ်ဆက်တာတွေ လုပ်ကြမယ်။ တစ်ခန်းမှာ ၄၃ ယောက်ရှိပါတယ်။ ဒီနေ့က ကျောင်းစပြီးတက်တဲ့အတွက် ကလေးတွေကို နေရာချထားမယ်။ နာမည်ခေါ်ပြီး စစ်ဆေးမယ်။ စုံပြီဆိုရင် အတန်းထဲမှာရှိတဲ့ စည်းကမ်းချက်တွေ ပြောပြမယ်။ အမှိုက်ဘယ်မှာပြစ်မလဲ။ အားလုံးပြီးရင် ဆရာမနဲ့ မိတ်ဆက်မယ်။ ကလေးတွေအားလုံးက သူတို့အချင်းချင်းလည်း မိတ်ဆက်ကြမယ်။ ကဗျာဆိုမယ်၊ ပုံမှန်အရောင်ခြယ်တာတို့၊ စက္ကူခေါက်တာတို့လုပ်မယ်။ ညနေကျောင်းမဆင်းခင် ကဗျာတွေဆိုပြီး ကျောင်းဆင်းမယ်" ဟု ပြောသည်။

"ကျန်းမာရေးအတွက်လည်း ကျောင်းမဖွင့်ခင်ကတည်းက ခြင်ဆေးဖျန်းပြီးပါပြီ။ အခန်းအနေအထားက ပန်ကာတွေ၊ မီးချောင်းတွေထားပေးပါတယ်။ လက်ဆေးဖို့ ဘေစင်တွေ၊ ဆပ်ပြာတွေလည်း ထားပေးတယ်။ ကလေးတွေအပေါ့အပါးသွားဖို့ အစောင့်တွေလည်း ရှိပါတယ်။ ဆရာမလိုက်ပို့ရင် အတန်းမှာ ကျန်တဲ့ကလေး လစ်ဟာသွားမှာစိုးလို့ပါ။ KG က စာမသင်တဲ့အတန်း မဟုတ်ပါဘူး။ အားလုံးက ကဗျာပဲဆိုမယ်၊ စာမသင်ဘူးလို့ ထင်နေကြတယ်။ အမှန်က စာမသင်တာမဟုတ်ဘူး၊ ကလေးတစ်ယောက်ရဲ့ပညာရေးက နောက်ပိုင်းတောက်လျှောက် ပညာပဲသင်သွားရမှာ၊ ကလေးတစ်ယောက်ရဲ့ ဖွံ့ဖြိုးမယ့်အချိန်မှာ စိတ်ဓာတ်၊ စည်းကမ်း၊ သင်ကြားပေးသွားမှာဖြစ်ပါတယ်။ ကျောင်းမှာလည်း ပျော်ရွှင်မယ်၊ အများနဲ့လည်း ပူးပေါင်းနိုင်ရမယ်၊ နယ်ပယ်ကြီး(၆) ရပ် သင်ကြားသွားမှာပါ"ဟု ၎င်းက ဆိုသည်။

မိဘတစ်ဦးဖြစ်သူ မဝါဝါမြင့်က "သမီးလေးက သူငယ်တန်း KG မှာ တက်နေတာပါ။ KG တန်းမှာ သက်သောင့်သက်သာ ချောင်ချောင်ချိချိနဲ့ သင်ရိုးသစ်ကို သင်ရမှာဖြစ်တဲ့ အတွက် အဆင်ပြေမှာပါ။ ငယ်ရွယ်တဲ့အချိန်မှာ ဆော့ကစားရင်း ပညာသင်သွားမှာဖြစ်တဲ့အတွက် အလွန်ကောင်းမွန်ပါတယ်။ ပညာရေးကလည်း အခမဲ့ဖြစ်တာက အရင်ကတည်းက ဖြစ်သင့်ပါတယ်။ ကျောင်းကို အပ်တဲ့အခါ ဘာကြေးမှလည်း မပေးရ တော့ မိဘတစ်ယောက်အနေနဲ့ ဒီလို ပံ့ပိုးမှုတွေကြောင့် ပိုကောင်းတယ်လို့ မြင်ပါတယ်"ဟု ပြောသည်။

နိုင်ငံတော်က ကျောင်းနေအရွယ် ကလေးတိုင်း ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့ကို အခမဲ့ပညာရေးစနစ်သတ်မှတ်ထားရာ ကျောင်းအပ်နှံရာတွင် ငွေကုန်ကျမှုမရှိစေရန် ကျောင်းဝတ်စုံ၊ ဖတ်စာအုပ်၊ ဗလာစာအုပ်များကိုပါ အခမဲ့ ဖြန့်ဝေပေးလျက်ရှိပြီး ကျောင်းဝင်ကြေးများကိုလည်း ပေးဆောင်ရန်မလိုတော့ကြောင်း သိရသည်။

အခြေခံပညာဦးစီးဌာန တိုင်းပညာရေးမှူးရုံး(ရန်ကုန်တိုင်းဒေသကြီး)၏ ၂၀၁၆ ခုနှစ် (ယနေ့) ဇွန် ၁ ရက် အတန်းလိုက်ကျောင်းတက်ရောက်သည့် ကျောင်းသားစာရင်းများအရ ရန်ကုန်မြောက်ပိုင်းခရိုင်တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၄၅၀၅၆ ဦး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၆၉၈၀၀၊ ရန်ကုန်တောင်ပိုင်းခရိုင်တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၃၂၀၂၀ နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တွင် ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၀၂၇၁၄ ဦး တို့ စတင်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၄၉၅၉၀ ဦး ပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည့်အနက် ကျောင်းသား ၄၇၆၉၅၁ ဦးနှင့် ကျောင်းသူ ၄၇၂၆၃၉ ဦးတို့ရှိကြောင်း သိရသည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရွာသွန်းနိုင်မည့်အခြေအနေ

**နေပြည်တော် ဇွန် ၁**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။
(မိုး/ဇလ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘရာဇီးနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ


**နေပြည်တော် ဇွန် ၁**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီး H.E. Mr. Alcides G.R. Prates အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ကျန်းမာရေး၊ အားကစားနှင့် အခြားပူးပေါင်း ဆောင်ရွက်နိုင်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးတို့ တက်ရောက်ကြသည်။

**(မြဝတီ)**



## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးအား ယင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## သံအမတ်ကြီး ဦးအောင်ထူး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၂**

အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ထူးသည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် မေ ၃၁ ရက်တွင် ဂျကာတာမြို့၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိုကို ဝီဒိုဒိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံဆက်ဆံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၁**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး မစ္စတာ နီကိုးလ်လက်စ် ကော့ပယ်လ်အား ယနေ့ နံနက် ၉ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်းမွန်စေရန် ပူးပေါင်းလုပ်ဆောင်နိုင်ရေးနှင့် ကာကွယ်ရေးစက္ကူဖြူစာတမ်းအပေါ် သဘောထားအမြင်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# နယူးဇီလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စတီဖင် မာရှယ်အား မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇွန် ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် နယူးဇီလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စတီဖင် မာရှယ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် အဆိုပြုလာခြင်းကို သဘောတူညီပြီးဖြစ်သည်။

မစ္စတာ စတီဖင် မာရှယ်ကို ၁၉၄၉ ခုနှစ် မတ် ၃ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် နယူးဇီလန်နိုင်ငံ စီမံခန့်ခွဲမှုအဖွဲ့(အဆင့်မြင့်စီမံခန့်ခွဲမှုအစီအစဉ်) မှ ဘွဲ့ရရှိခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် ဘုရင်မကြီး၏ ပြည်သူ့ဝန်ထမ်းကောင်းဘွဲ့တံဆိပ်ကို ရရှိခဲ့သည်။ ၎င်းသည် ၁၉၇၇ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ နယူးဇီလန်နိုင်ငံ အလုပ်ရှင်များအသင်းချုပ်၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်များ ထမ်းဆောင်ခဲ့သည်။ မစ္စတာ စတီဖင် မာရှယ်သည် ၂၀၀၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဂျီနီဗာမြို့ရှိ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တွင် ဆက်ဆံရေးနှင့် အစည်းအဝေးများဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာဆက်သွယ်ရေးအရာရှိအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးသုံးဦးထွန်းကားသည်။ **(သတင်းစဉ်)**

# ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယူဂျယ်ကျောင်းအား မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇွန် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယူဂျယ်ကျောင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် အဆိုပြုလာခြင်းကို သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ယူဂျယ်ကျောင်းကို ၁၉၅၉ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၅ ခုနှစ်တွင် ဆိုးလ်မြို့ရှိ ကိုရီးယားတက္ကသိုလ်မှ အင်္ဂလိပ်စာ စာပေပညာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ် စတုန်နီဘရွတ် အစိုးရတက္ကသိုလ်မှ နည်းပညာစီမံခန့်ခွဲမှုဘာသာရပ်ဖြင့် မဟာသိပ္ပံဘွဲ့ရရှိခဲ့သည်။ မစ္စတာ ယူဂျယ်ကျောင်းသည် ၁၉၈၅ ခုနှစ်မှစတင်၍ ကိုရီးယားနိုင်ငံအခြေစိုက် ဆမ်ဆောင်းလျှပ်စစ်နည်းပညာကုမ္ပဏီလီမိတက်သို့ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ရာထူးအဆင့်ဆင့်ဖြင့် တာဝန်များထမ်းဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ်မှစတင်ကာ ဆမ်ဆောင်းလျှပ်စစ်နည်းပညာ ကုမ္ပဏီလီမိတက်တွင် ကမ္ဘာလုံးဆိုင်ရာ အရောင်းမြှင့်တင်ရေးဌာန၏အကြီးအကဲနှင့် ကုမ္ပဏီဒုတိယအကြီးတန်းဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားနှစ်ဦးထွန်းကားသည်။ **(သတင်းစဉ်)**

**အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**

# ရက် ၁၀၀ စီမံကိန်းတွင် ပြည်သူများပူးပေါင်းပါဝင်ရေး အမေရိကန်စင်တာ၌ ဟောပြောဆွေးနွေးမည်

**နေပြည်တော် ဇွန် ၁**

အိုင်ပေ့စ်၏ Advocacy in Democracy အတန်းကိုတက်ရောက်နေကြသည့် သင်တန်းသား သင်တန်းသူများက အစိုးရသစ်၏ ရက် ၁၀၀ စီမံကိန်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်သူလူထုအကြား အပြန်အလှန်ယုံကြည်မှု၊ ပွင့်လင်းမြင်သာမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုအားကောင်းလာစေရန် ဇွန် ၂ ရက် နံနက် ၁၀ နာရီခွဲတွင် အမေရိကန်စင်တာ၌ ဝိုင်းဝန်းဆွေးနွေးမည်ဖြစ်ကြောင်း iPACE မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်းသဥ္ဇာမျိုး၊ နိုင်ငံရေးလေ့လာသုံးသပ်သူ ဒေါက်တာ ရန်မျိုးသိမ်း၊ နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ အမှုဆောင်ကော်မတီအဖွဲ့ဝင် ဦးရဲနိုင်အောင်နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ ဦးနေလင်းစိုးတို့က ဦးဆောင်ဆွေးနွေးမည်ဖြစ်ပြီး စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**ဖိုးသန့်**

# မန္တလေးမြို့၌ လစဉ် တနင်္ဂနွေနေ့၌ စက်ဘီးစီးပြိုင်ပွဲကျင်းပမည်

**မန္တလေး ဇွန် ၁**

၂၀၁၆ ခုနှစ် ဇွန်လမှစ၍ လစဉ်လတစ်လ၏ နောက်ဆုံးပတ် တနင်္ဂနွေနေ့၌ မန္တလေးမြို့တွင် ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ စက်ဘီးအားကစားသမားများ စုပေါင်း၍ လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် စက်သုံးဆီခြိုးခြံချွေတာရေး ရည်ရွယ်ချက်တို့ဖြင့် စက်ဘီးစီးနင်းပွဲကို ဇွန် ၂၆ ရက် နံနက် ၆ နာရီတွင် မန္တလေးမြို့ကျုံးတောင်ဘက် မင်္ဂလာတံတား ၂၆ လမ်းနှင့် ၇၃ လမ်းဆုံစုရပ်နေရာ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မန္တလေးမြို့ လစဉ် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲသို့ ပါဝင်စီးနင်းလိုသူများ၊ အသင်းအဖွဲ့များအနေဖြင့် ဦးစိုးလွင်ဦး(ဥက္ကဋ္ဌ MBA)၊ အေပရယ်မောင်မောင်၊ ချမ်းလေး၊ ဖိုးစွံ၊ ထွန်းထွန်းဦးတို့ထံနှင့် အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်များသို့ စုံစမ်းဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတည်ထောင်ခြင်း (၆၈)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၁**

ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန တည်ထောင်ခြင်း (၆၈)နှစ်မြောက် အထိမ်းအမှတ်ဟောပြောပွဲနှင့် ပြပွဲအခမ်းအနားကို ရန်ကုန်မြို့ တက္ကသိုလ်စိန်ရတုခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာ မျိုးမြင့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် တက္ကသိုလ်ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာန ဝန်ထမ်းဟောင်းတစ်ဦးဖြစ်သူ ဦးဝင်းမောင် (ဆရာကြီး မင်းယုဝေ)က ဆရာကြီးမင်းသုဝဏ်နှင့်အတူ တာဝန်ထမ်းဆောင်ခဲ့ပုံ အမှတ်တရအကြောင်းကို လည်းကောင်း၊ မြန်မာစာအဖွဲ့အဖွဲ့ဝင်ဆရာကြီး ဒေါက်တာ ခင်အေး(မောင်ခင်မင်-ဓနုဖြူ) က ဆရာကြီးမင်းသုဝဏ်၏ လေးစားရသော စာပေဂုဏ်ကျေးဇူးအကြောင်းကိုလည်းကောင်း၊ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန ဝန်ထမ်းဟောင်းတစ်ဦးဖြစ်သူ ဆရာမကြီး ဒေါ်ခင်အေးကြည် (ခင်အေးကြည်-ဘာသာပြန်)က ဘာသာပြန်လုပ်ငန်းစဉ်အကြောင်းကို လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူး(ငြိမ်း)ဒေါ်ခင်နှင်းဦးက တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၏ အမှတ်တရများအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ယင်းနောက် တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန တည်ထောင်ခြင်း (၆၈)နှစ်မြောက် အထိမ်းအမှတ်စာစောင်ကို အမှတ်တရဝေငှကာ မြန်မာစာနှင့် ဘာသာစကား ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနက တည်းဖြတ်ခဲ့သော စာအုပ်များနှင့် မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုကို လေ့လာကြည့်ရှုအားပေးကြသည်။

တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနကို ၁၉၄၈ ခုနှစ် ဇွန် ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ဌာနကို စတင်တည်ထောင်သူမှာ ဆရာကြီး ဦးဝန်(မင်းသုဝဏ်)ဖြစ်ပြီး စာတည်းအဖြစ် စတင်တာဝန်ယူခဲ့သည်။ ၁၉၅၃ ခုနှစ် ဇွန် ၁ ရက်တွင် စာတည်းမှူးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခံရသည်။ ယခုအခါ ဌာနအနေဖြင့် တက္ကသိုလ်ပညာပဒေသာစာစောင်များကို စုစည်းထုတ်ဝေရေးနှင့် မြန်မာစာနှင့် ဘာသာပြန်စာပေ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဝင်များ၊ မြန်မာစာအဖွဲ့အဖွဲ့ဝင်များ၊ ဌာနတွင်တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းဟောင်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ရေ ၊ မြေ ၊ သစ်တောသယံဇာတ ပေါများကြွယ်ဝသည့်အတွက် အကျိုးရှိရှိ စနစ်တကျအသုံးချသွားမည်ဆိုပါက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာမည်

**နေပြည်တော် ဇွန် ၁**

အစိုးရအဆက်ဆက်ကတည်းက မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ဖွံ့ဖြိုးတိုးတက်စေချင်သည့်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ယခုအစိုးရသစ်လက်ထက်တွင်လည်း အကြောင်းအမျိုးမျိုးကြောင့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်နေသေးသည့် ရခိုင်ပြည်နယ်ကြီး အလျင်အမြန် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်စေရန် မေ ၃၀ ရက်တွင် နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် ၂၃/ ၂၀၁၆ ဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌ၊ မိမိနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က ဒုတိယဥက္ကဋ္ဌများအဖြစ်အဖွဲ့ဝင် ၂၇ ဦးဖြင့် စနစ်တကျဖွဲ့စည်းပြီး လုပ်ငန်းကော်မတီလေးခုကိုပါ ဖွဲ့စည်းထားကြောင်း၊ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများဖြင့် လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်မြေပုံမြို့နယ်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လူထုတွေ့ဆုံပွဲတွင် ပြောကြားသည်။

ရခိုင်ပြည်နယ်သည် သယံဇာတအလွန်ပေါများကြွယ်ဝသည့် ပြည်နယ်ကြီးဖြစ်ပြီး ရေ၊ မြေ၊ သစ်တော၊ သဘာဝတွင်းထွက်သယံဇာတများ ပေါကြွယ်ဝပါကြောင်း၊ ယင်းတို့ကို အကျိုးရှိရှိဖြင့် ပြည်ထောင်စုအစိုးရ၏ ကွပ်ကဲမှုနှင့် ဒေသခံပြည်သူများ၊ အဖွဲ့အစည်းများကပါ စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဆိုပါက ပြည်နယ်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရည်မှန်းထားသကဲ့သို့ အမျိုးသားရင်ကြားစေ့ရေးအတွက် အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ချစ်ခင်လေးစားမှု၊ အပြန်အလှန်ယုံကြည်မှုတို့ဖြင့် ပေါင်းစည်းနေထိုင်လုပ်ကိုင်ပြီး တိုင်းပြည်အတွက် ကြိုးစားဝိုင်းဝန်း ဆောင်ရွက်ကြရန် အလွန်အလေးထားပါကြောင်း၊ ယင်းသို့ အလေးထားဆောင်ရွက်နေခြင်းကို ဒေသခံတာဝန်ရှိသူများနှင့် ပြည်သူများကလည်း အားတက်သရော ကူညီပံ့ပိုးပေးကြပါရန် ပြောလိုပါကြောင်းဖြင့်လည်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်း ပြောကြားခဲ့သည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီနှင့် ကော်မတီများ ဖွဲ့စည်းကာ ဆောင်ရွက်သွားမည့် အစီအမံဆိုင်ရာများကို လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ ပြည်နယ်အတွင်း ကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ ပြည်နယ်အတွင်းနေထိုင်ကြသူများအတွက် နိုင်ငံသားကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်ခွင့်ရရှိစေရန် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည့်အခြေအနေဆိုင်ရာများကိုလည်းကောင်း ပြောကြားသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေး အဆင့်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသအတွင်းရှိ ကျောင်းအဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့မှုအခြေအနေများ၊ ပညာရေးအရည်အသွေးမြင့်မားလာစေရန် ပညာရေးဝန်ကြီးဌာနက စီမံဆောင်ရွက်နေမှုအခြေအနေများ၊ ကျောင်းသား ကျောင်းသူများ၏ ကိုယ်ရည်ကိုယ်သွေး၊ ကောင်းမွန်ပြည့်စုံသည့် သင်ယူမှုများနှင့် ဆရာ ဆရာမများ၏ ကောင်းမွန်သည့် သင်ကြားမှုအတွက် လေ့ကျင့်ဆောင်ရွက်ပေးရန် ကိစ္စရပ်ဆိုင်ရာများကိုလည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေ၊ သက်ဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်နှင့် တိုက်ရိုက်တွေ့ဆုံကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာမှုများပြုလုပ်သွားမည့် အခြေအနေများကိုလည်းကောင်း ပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးမှုပိုမိုတိုးတက်လာရေးကို ဆောင်ရွက်ရန် နိုင်ငံတော်က ပြင်ဆင်ဆောင်ရွက်ထားရှိမှုဆိုင်ရာများ၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းလက်တွဲကာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားမည့်အခြေအနေနှင့် ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ပြောကြားသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြည်နယ်အတွင်း လိုအပ်ချက်ဆိုင်ရာများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် ဆောင်ရွက်ဆဲအခြေအနေများကို ပြောကြားသည်။

တွေ့ဆုံပွဲတွင် မြေပုံမြို့နယ်၊ မင်းပြားမြို့နယ်၊ ပေါက်တောမြို့နယ် အုပ်ချုပ်ရေးမှူးများက မိမိတို့ မြို့နယ်အလိုက် ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး မြောက်ဦးခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်ချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြကာ နိုင်ငံတော်အပိုင်းမှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြသည်။

တက်ရောက်လာကြသည့် မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများကလည်း အထွေထွေကိစ္စရပ်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ကံသာထွက်ဝ IDP စခန်းရှိ နေရာချထားပြီး အိမ်ထောင်စု ၄၀ ၏ အသက်မွေးဝမ်းကျောင်းအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၂၀ ကို ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကံသာထွက်ဝ IDP စခန်း၌ မိသားစုများနှင့် တွေ့ဆုံပြီး ၎င်းတို့၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ လိုအပ်ချက်၊ လိုလားချက်များကို မေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် တောင်ပေါ်ရပ်ကွက် IDP စခန်းသို့ သွားရောက်ကာ ကလေးငယ်များ ပညာသင်ကြားနေမှု၊ လူမှုစီးပွား အခြေအနေများကို ကြည့်ရှုကြသည်။

ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်တွေ မြို့ဦးဥတ္တမခန်းမ၌ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေက ပြည်နယ်အတွင်း ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာများအလိုက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ အစီအမံများ၊ ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးများက မိမိတို့၏ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်သွားမည့် အစီအမံများ၊ လုပ်ကိုင်ဆောင်ရွက်နေဆဲ လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက် အကောင်အထည်ဖော်သွားမည့် လုပ်ငန်းဆိုင်ရာများအပေါ် ရှင်းလင်းပြောကြားကြသည်။

တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ မြို့မိမြို့ဖများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း ၁၄ ဦးက ၎င်းတို့၏ မြို့နယ်ဒေသများအလိုက် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည် ။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တိုက်ပွဲရှောင် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၄၀၀ နှင့် လေဘေးသင့် ပြည်သူများအတွက် အိမ်ရာများပြန်လည်ပြုပြင်နိုင်ရန် ထောက်ပံ့ငွေကျပ် သိန်း ၆၀၀ စုစုပေါင်း ငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်ရာ ပြည်နယ် စီမံ/ဘဏ္ဍာဝန်ကြီး ဦးကျော်အေးသိန်းက လက်ခံယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ သက္ကယ်ပြင် (IDP) စခန်းသို့ သွားရောက်ကာ စခန်းရှိ မိသားစုများအား သွားရောက်ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် စစ်တွေမြို့၌ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ရှင်းလင်းပြောကြားစဉ်



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရှင်းလင်းပြောကြားစဉ်



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ မြေပုံမြို့ရှိ IDP စခန်း၌ အိမ်ထောင်စုဝင်များအား တွေ့ဆုံအားပေးစဉ်

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဂုဏ်ပြုဆောင်းပါး

# လူသားတိုင်း၏ တာဝန်ကြီးတစ်ရပ်ဖြစ်လာသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

**အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည်**
**(သစ်တောတက္ကသိုလ်)**

ကျွန်ုပ်တို့လူသားများ၏ အဓိကလိုအပ်ချက်ဖြစ်သော စားဝတ်နေရေးအတွက် ကမ္ဘာဦးအစကပင် သဘာဝတရားက ကောင်းမွန်သော ပတ်ဝန်းကျင်ကို ဖန်တီးပေးထားပြီးဖြစ်သည်။ အစားအသောက်အတွက် သီးပင်၊ စားပင်များ၊ ကျေးငှက်တိရစ္ဆာန်များနှင့် ရေသတ္တဝါများ နေထိုင်ရေးအတွက် သစ်ပင်၊ ဝါးပင်၊ ကြိမ်ပင်၊ ဓနိပင်စသည်များ၊ လောင်စာအတွက် သစ်ပင်၊ ဝါးပင်များကို လုံလောက်စွာပေးထားသည်။ ထို့ပြင် ကောက်ပဲသီးနှံများစိုက်ပျိုးရန် ရေ၊ ကောင်းမွန်သော မြေဆီလွှာနှင့် ဖောက်ပြန်မှုနည်းသော ရာသီဥတုကိုလည်း ဖန်တီးပေးထားသည်။ သို့ရာတွင် အဆမတန် များပြားလာသော လူဦးရေကြောင့်လည်းကောင်း၊ နည်းပညာများ ဆန်းသစ်လာခြင်းနှင့်အတူ လူနေမှုအဆင့်မြင့်လာမှုကြောင့်လည်းကောင်း၊ ဝိသမလောဘသမားများကြောင့်လည်းကောင်း သဘာဝပတ်ဝန်းကျင်သည် အဘက်ဘက်မှလျော့နည်းခြင်း၊ ယိုယွင်းခြင်း၊ ပျက်သုဉ်းခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

**သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ**

သဘာဝပတ်ဝန်းကျင် (Natural Environment) တွင် ကမ္ဘာမြေကြီးပေါ်၌ သဘာဝအရတည်ရှိနေကြသော သက်ရှိများနှင့် သက်မဲ့အရာများ အားလုံးအကျုံးဝင်သည်။ ယင်းသည် သက်ရှိများ တစ်ခုနှင့်တစ်ခု အပြန်အလှန်အကျိုးပြုလျက်ရှိသည့် ပတ်ဝန်းကျင်တစ်ခုဖြစ်သည်။ ရာသီဥတု၊ မိုးလေဝသနှင့် သဘာဝရင်းမြစ်များက လူသားများ၏ ရှင်သန်နိုင်ရေးနှင့် စီးပွားရေးရာဆောင်ရွက်မှုများကို ဖြစ်ထွန်းစေသည်။

ဂေဟစနစ် (Ecosystem)ဆိုသည်မှာ ဒေသတစ်ခုအတွင်း၌ ရှိသော အပင်များနှင့် မှိုများ၊ ပိုးမွှားတိရစ္ဆာန်များနှင့် အခြား သက်ရှိဇီဝရုပ်များ တစ်ခုနှင့်တစ်ခု အပြန်အလှန်အကျိုးပြုလျက်ရှိမှုများနှင့် ယင်းတို့၏ ပတ်ဝန်းကျင်ရှိ မိုးလေဝသ၊ ကမ္ဘာ မြေကြီး၊ နေ၊ မြေဆီလွှာ၊ ရာသီဥတု၊ လေထု၊ ရေထု စသည့် သက်မဲ့ရုပ်များနှင့်လည်း အပြန်အလှန်အကျိုးပြုလျက်ရှိမှုများကို ခေါ်ဆိုသည်။ သက်ရှိဇီဝရုပ် တစ်ခုချင်းအနေဖြင့် ယင်းတို့ပါဝင်သည့် ဂေဟစနစ်တွင် ပေါက်ဖွားရှင်သန်နိုင်မှု သို့မဟုတ် အရေးပါမှုရှိကြသည်။

ထို့ကြောင့် ဂေဟစနစ်တစ်ခုတွင် အကျုံးဝင်သော ဖော်ပြပါ သက်ရှိသက်မဲ့အရာတစ်ခုသည် ပြောင်းလဲသွားလျှင်သော်လည်းကောင်း၊ ယိုယွင်းသွားလျှင်သော်လည်းကောင်း၊ ပျက်သုဉ်းသွားလျှင်သော်လည်းကောင်း အခြားသက်ရှိသက်မဲ့များကို ထိခိုက်စေနိုင်သည် (သို့မဟုတ်) ပြောင်းလဲစေနိုင်သည်။

ကမ္ဘာဂြိုဟ်တွင် အဓိကဂေဟစနစ်ကြီး နှစ်ခုရှိသည်။ ကုန်းပိုင်း ဂေဟစနစ် (Terrestrial Ecosystem) နှင့် ရေပိုင်းဂေဟစနစ် (Aquatic Ecosystem) များ ဖြစ်ကြသည်။ ကုန်းပိုင်းဂေဟစနစ်များတွင် အပူပိုင်းမိုးသစ်တောများ၊ အပူပိုင်း အမြဲစိမ်းသစ်တောများ၊ အပူပိုင်းမြက်ခင်းကြီးများ၊ သဲကန္တာရစသည်တို့ အကျုံးဝင်ကြပြီး ရေပိုင်းဂေဟစနစ်တွင် ပင်လယ်များ၊ မြစ်များ၊ ချောင်းများ၊ ကန်များ၊ ရေတိမ်ဒေသများ၊ သန္တာကျောက်တန်းများစသည်တို့ အကျုံးဝင်ကြသည်။

**ဂေဟခြေရာ**

ဂေဟခြေရာ(Ecological Footprint) သည် ဂေဟစနစ်များအပေါ် လူသားများ၏အကျိုးသက်ရောက်မှုကို တိုင်းတာသည့် အတိုင်းအတာတစ်ခုဖြစ်သည်။ ဤဝေါဟာရကို ကနေဒါနိုင်ငံမှ ပတ်ဝန်းကျင်ရေးရာပညာရှင် ဝီလျံရီးစ် (William Rees) က ၁၉၉၂ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နှစ်စဉ်ဂေဟစနစ်များ မည်ရွေ့မည်မျှ ကုန်ဆုံးလျက်ရှိသည်ကိုခန့်မှန်းနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် လူသားများ၏ လိုအပ်မှုနှင့် သဘာဝရင်းမြစ်များ၏ ဖြည့်ဆည်းပေးနိုင်မှုတို့ကို နှိုင်းယှဉ်ကြည့်ခြင်းဖြစ်သည်။

ကမ္ဘာ့မြေခြေရာကွန်ရက်အဖွဲ့ (Global Footprint Network)၏ ၂၀၀၇ ခုနှစ်က ခန့်မှန်းထားချက်အရ တစ်ကမ္ဘာလုံးရှိ လူသားများ၏ ဂေဟခြေရာသည် သဘာဝရင်းမြစ်များက ဖြည့်ဆည်းပေးနိုင်မှု၏ ၁ ဒသမ ၆ ဆ ရှိနေခြင်းကြောင့် လူသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လက်ရှိကမ္ဘာဂြိုဟ်မျိုး ၁ ဒသမ ၆ ခုခန့် လိုအပ်မည်ဖြစ်ကြောင်း မှတ်သားမိသည်။ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များရန်ပုံငွေအဖွဲ့ (World Wildlife Fund -WWF)၏ ထုတ်ပြန်ချက်အရ ကျွန်ုပ်တို့လူသားများက သဘာဝရင်းမြစ်များမှ ထုတ်ယူသုံးစွဲမှုပမာဏသည် ရင်းမြစ်များမှ ဖြည့်ဆည်းပေးနိုင်မှုပမာဏထက် ၂၀ ရာခိုင်နှုန်းခန့် ပို၍ များနေကြောင်း သိရှိရသည်။

ဂေဟခြေရာကို global hectare per capita(gha) ဖြင့် တိုင်းတာသည်။ လူတစ်ဦးအတွက်လိုအပ်မည့် ကမ္ဘာမြေဟက်တာပေါင်းဟုပြန်ဆိုလျှင် ဆီလျော်မည်ထင်ပါသည်။ (ကမ္ဘာမြေတွင် မြေပြင်ရော ရေပြင်ပါ ပါဝင်သည်။) gha သည် လူသားတစ်ဦးအတွက် သဘာဝရင်းမြစ်များက ထုတ်လုပ်ပေးနိုင်သည့် ယင်းရင်းမြစ်များ၏ ဧရိယာအကျယ်အဝန်းဖြစ်သည်။ ယခုအခါ သဘာဝပတ်ဝန်းကျင်က ဖြည့်ဆည်းပေးနိုင်သောအညွှန်းကိန်းအဖြစ် ကမ္ဘာတစ်ဝန်း ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိသည်။

ဂေဟခြေရာညွှန်းကိန်းများသည် လေ့လာသည့်အဖွဲ့အစည်းနှင့် လေ့လာခဲ့သည့်ကာလအလိုက် ကွဲလွဲမှုရှိသည်။ အချိန်နှင့်အမျှ လူဦးရေ သိသာစွာပိုမိုများပြားလာခြင်းနှင့် သဘာဝရင်းမြစ်များ လျော့နည်းလာခြင်းသည်လည်း ဤသို့ကွဲလွဲရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်သည်။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်ဆိုပါက လူသားတစ်ဦး၏ ပျမ်းမျှဂေဟခြေရာသည် ၁ ဒသမ ၈ gha ရှိပြီး အမေရိကန်တစ်ဦး၏ဂေဟခြေရာသည် ၉၊ ဆွစ်ဇာလန်တစ်ဦး၏ ဂေဟခြေရာသည် ၅ ဒသမ ၆ နှင့် တရုတ်တစ်ဦး၏ ဂေဟခြေရာသည် ၁ ဒသမ ၈ gha စီရှိကြောင်း "ကမ္ဘာ့မြေခြေရာအဖွဲ့"၏ ၂၀၀၉ ခုနှစ်က ထုတ်ပြန်ချက်အရ သိရှိရသည်။ ထို့ပြင် ယူကေနိုင်ငံတစ်ခုတည်းကို လေ့လာခဲ့သော ချိန်ဘာ(Chambers)နှင့်အဖွဲ့၏ ထုတ်ပြန်ချက်အရ ယူကေနိုင်ငံသားတစ်ဦး၏ ပျမ်းမျှခြေရာသည် ၅ ဒသမ ၄၅ gha ရှိကြောင်း မှတ်သားရပါသည်။

လူသားတစ်ဦးအတွက် ဂေဟခြေရာသည် ၂ ဒသမ ၇ gha ရှိသော်လည်း သဘာဝရင်းမြစ်များက ၂ ဒသမ ၁ gha သာ ဖြည့်ဆည်းပေးနိုင်စွမ်းရှိခြင်းကြောင့် သုံးစွဲမှုပမာဏက ဖြည့်ဆည်းပေးနိုင်မှုပမာဏထက် ၃၀ ရာခိုင်နှုန်းခန့် ပိုများနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝရင်းမြစ်များသည် အချိန်နှင့်အမျှ လျော့နည်းနေပြီဖြစ်ကြောင်း ဝီလျံရီးစ်၏ ၂၀၁၁ ခုနှစ်က ထုတ်ပြန်ချက်တစ်ခုတွင် သတိပေးထားသည်ကို ဖတ်ရှုရပါသည်။

ထို့ပြင် ကုလသမဂ္ဂမှ စာရင်းအင်းများကို အခြေခံလျက် ခန့်မှန်းတွက်ချက်ခဲ့သော လေ့လာမှုတစ်ခုအရ ၂၀၁၂ ခုနှစ်အတွက် လူသားတစ်ဦး၏ ဂေဟခြေရာသည် ပျမ်းမျှ ၁ ဒသမ ၈ gha ရှိပြီး နိုင်ငံအလိုက်ကွာဟမှုသည် ၁ gha ၏ အောက်မှ ၁၀ gha ၏ အထက်ထိရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံအတွင်းမှာပင် လူတစ်ဦးချင်း၏ စီးပွားရေးအခြေအနေနှင့် နေထိုင်မှုပုံစံများ ပေါ်တွင်မူတည်၍ ကွဲလွဲကြောင်း သိရှိရသည်။

**လူသားများ၏ လုပ်ဆောင်ချက်များကြောင့်**
**သဘာဝပတ်ဝန်းကျင် ထိခိုက်ခြင်း**

ကျွန်ုပ်တို့လူသားများ၏ လုပ်ဆောင်ချက်များ(ပယောဂများ)ကြောင့် သဘာဝပတ်ဝန်းကျင်ရှိ ဂေဟစနစ်မျိုးစုံသည် အနည်းနှင့်အများ ထိခိုက်လျက်ရှိသည်။ ဂေဟစနစ်တစ်ခုအတွင်းရှိ သက်ရှိဇီဝရုပ်တစ်ခုခုသည်လည်းကောင်း၊ သက်မဲ့အရာတစ်ခုခုသည်လည်းကောင်း မူလအခြေအနေမှပြောင်းလဲသွားပါက ကျန်ဇီဝရုပ်များနှင့် သက်မဲ့အရာများကို ထိခိုက်စေသည်။ အထက်တွင်ဖော်ပြသကဲ့သို့ ယင်းတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အကျိုးပြုလျက်ရှိကြသောကြောင့် ဖြစ်သည်။ သစ်တောများမှ သစ်ပင်များကို အလွန်အကျွံခုတ်ယူမှုကြောင့် ထိုသစ်တောများအတွင်းရှိ ဇီဝမျိုးကွဲမျိုးစုံနှင့် ရေထု (စိမ့်ရေ၊ စမ်းရေ၊ ချောင်းရေ၊ မြေအောက် ရေအောင်းလွှာ) မြေဆီလွှာစသည်များ လျော့နည်းခြင်း၊ ပျက်ယွင်းခြင်း၊ မျိုးသုဉ်းခြင်းနှင့် မိုးရွာသွန်းမှုနည်းခြင်း စသည်များသည် သိသာမြင်သာသည့် သာဓကတစ်ခုဖြစ်ပါသည်။

လူသားများ၏ အောက်ဖော်ပြပါ လုပ်ဆောင်ချက်များကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နေခြင်း ဖြစ်သည်။

(၁) ရုပ်ကြွင်းလောင်စာ အများအပြားသုံးစွဲခြင်း

(၂) သစ်တောများကိုထာဝစဉ်တောထွက် (Sustainable Yield) ထက်ကျော်လွန်၍ ထုတ်ယူခြင်း

(၃) အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်း

(၄) ညစ်ညမ်းရေများစွန့်ပစ်ခြင်း

**ရုပ်ကြွင်းလောင်စာအများအပြားသုံးစွဲခြင်း**

စက်မှုခေတ်စတင်ခဲ့ပြီးနောက် နည်းပညာများ တိုးတက်လာခြင်းနှင့်အတူ နိုင်ငံအများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့်လည်းကောင်း၊ လူဦးရေများပြားလာခြင်းကြောင့်လည်းကောင်း၊ မော်တော်ယာဉ်နှင့် အခြားစက်တပ်ယာဉ်များသုံးစွဲမှု၊ လူသုံးကုန်ပစ္စည်းများသုံးစွဲမှု၊ လျှပ်စစ်မီးဖို၊ လေအေးပေးစက်၊ အပူပေးစက်သုံးစွဲမှု အဆမတန်များပြား၍လာသည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင်လည်းကောင်း၊ မော်တော်ယာဉ်နှင့် အခြားစက်တပ်ယာဉ်များ မောင်းနှင်ရာတွင်လည်းကောင်း၊ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့၊ ဓာတ်ဆီ၊ ဒီဇယ်စသည့် ရုပ်ကြွင်းလောင်စာများကို အဓိကသုံးစွဲနေကြသည်။ ထို့ကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့် အခြား မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှု တစ်နှစ်ထက်တစ်နှစ် ပို၍များလာသည်။ ယင်း၏အကျိုးဆက်အဖြစ် ကမ္ဘာ့အပူချိန် သိသာစွာမြင့်တက်ခဲ့ပြီး ဆိုးကျိုးအဖြစ် ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုများ ပြောင်းလဲဖောက်ပြန်လျက်ရှိသည်။

အမျိုးသား သမုဒ္ဒရာနှင့်လေထုစီမံခန့်ခွဲရေးအဖွဲ့ NOAA (National Oceanic and Atmospheric Administration)၏ ထုတ်ပြန်ချက်အရ ၂၀၁၆ ခုနှစ် မတ်လ၏ ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ၁၈၈၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အထိ ၁၃၇ နှစ်တာကာလ မတ်လများအားလုံးအနက် အမြင့်ဆုံးဖြစ်ကြောင်း၊ ၂၀ ရာစုနှစ်၏ ပျမ်းမျှအပူချိန် ၅၄ ဒသမ ၅ ဒီဂရီဖာရင်ဟိုက်ထက် ၂ ဒသမ ၂ ဒီဂရီဖာရင်ဟိုက် ပိုများနေကြောင်း၊ ၂၀၁၅ ခုနှစ် မတ်လက စံချိန်တင်ထားသည့် အပူချိန်ထက် ၀ ဒသမ ၅၈ ဒီဂရီဖာရင်ဟိုက် ပို၍များကြောင်း သိရှိရသည်။ ၁၈၂၀ပြည့်လွန်နှစ်များမှ အစပြုလျက် ကမ္ဘာ့လေထုအတွင်း ပိုမိုများပြားလာသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့် အခြားမှန်လုံအိမ်ဓာတ်ငွေ့များနှင့်သက်ဆိုင်သော သုတေသနများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် သိပ္ပံပညာရှင်များက လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားမှန်လုံအိမ်ဓာတ်ငွေ့များ များပြားလာမှုကြောင့် ကမ္ဘာ့အပူချိန်သည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် သိသာစွာမြင့်တက်မည်ဖြစ်ကြောင်း၊ အကျိုးဆက်အဖြစ် ကမ္ဘာတစ်ဝန်း ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်မည်ဖြစ်ကြောင်း ကြိုတင်ခန့်မှန်းခဲ့ကြပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ ကမ္ဘာ့အပူချိန် ကိန်းဂဏန်းများက သိပ္ပံပညာရှင်များ၏ ကြိုတင်ခန့်မှန်းချက်များမှန်ကန်ကြောင်း သက်သေပြနေပါသည်။

ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုကြောင့် သစ်တောများရှိ တိရစ္ဆာန်များနှင့် ဇီဝမျိုးကွဲမျိုးစုံအချို့သည် ဆက်လက်ရှင်သန်နိုင်ရေးအတွက် ယင်းတို့နှင့်လိုက်လျောညီထွေဖြစ်မည့်ဒေသများသို့ ပြောင်းရွှေ့ကြကြောင်း၊ မပြောင်းရွှေ့နိုင်သည့် အချို့မျိုးစိတ်များမျိုးသုဉ်းသွားကြောင်း၊ အချို့ဒေသများတွင် ဖျက်ဆီးတတ်သော ပိုးမွှားများနှင့် အပင်ရောဂါများ ပိုမိုပေါက်ပွားရှင်သန်တိုးပွားလာကြောင်း မှတ်သားရပါသည်။

ထို့ပြင် ရုပ်ကြွင်းလောင်စာများသုံးစွဲသည့် မော်တော်ကားများ၊ စက်ရုံများမှထုတ်လွှတ်သော ဓာတ်ငွေ့များနှင့် ညစ်ညမ်းအမှုန့်များကြောင့် မြို့ကြီးများ၏ လေထုညစ်ညမ်းမှုသည် WHO က သတ်မှတ်ထားသည့် အရည်အသွေးများထက် ပိုများလျက်ရှိခြင်းသည်လည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုတစ်ခုပင်ဖြစ်သည်။

**သစ်တောများကို ထာဝစဉ်တောထွက်ထက် ပို၍ထုတ်ယူခြင်း**

သစ်တောများမှ သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများကို ထာဝစဉ်တောထွက်ထက်ပို၍ တရားဝင်ရော တရားမဝင်ပါ ထုတ်လုပ်နေခြင်းကြောင့် သစ်တောများအတွင်းရှိ သားငှက်တိရစ္ဆာန်များ၊ ငါးများ၊ ဇီဝမျိုးကွဲမျိုးစုံများ၊ စိမ့်ရေ၊ စမ်းရေ၊ ချောင်းရေ၊ မြေအောက်ရေအောင်းလွှာ၊ မြေဆီလွှာ စသည်များကို ထိခိုက်လျက်ရှိသည်။

အဆောက်အအုံ၊ ပရိဘောဂနှင့် အခြားအသုံးအဆောင်များအတွက် သစ်၊ ဝါး၊ ကြိမ်များထုတ်လုပ်ခြင်း၊ လောင်စာအတွက် ထင်းထုတ်လုပ်ခြင်း စသည်များကို တရားမဝင်လုပ်ကိုင်နေသူ များပြားလျက်ရှိသည်သာမက တရားမဝင်မီးသွေးဖုတ်ခြင်း၊ တောင်ယာမီးရှို့ခြင်း၊ အပူချိန်မြင့်သဖြင့် တောမီးများ ပို၍လောင်ခြင်းများကြောင့်လည်း သစ်တောများ အလျင်အမြန် ပြုန်းတီးနေရခြင်းဖြစ်သည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် လယ်ယာမလုပ်ကိုင်နိုင်သော တောင်သူလယ်သမားအများစုက သစ်တောများအပေါ် မှီခိုအားထားရမှု များလာခြင်းသည်လည်း အကြောင်းအချက်တစ်ခုဖြစ်ပါသည်။ ထို့ပြင် တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးပစ်ခတ်ခြင်းသည်လည်း သစ်တော၏ဂေဟစနစ်ကို ထိခိုက်စေပြီး အချို့မျိုးစိတ်များ မျိုးသုဉ်းသည်အထိ ဖြစ်သွားနိုင်သည်။

**အမှိုက်များစည်းကမ်းမဲ့စွန့်ပစ်ခြင်း**

အမှိုက်များ အထူးသဖြင့် ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်ဘူးခွံ၊ အချိုရည်ဘူးခွံနှင့် ဘီယာဘူးခွံများကို စည်းကမ်းမဲ့စွန့်ပစ်ကြခြင်းကြောင့် မြောင်းများ၊ ချောင်းများ၊ မြစ်များမှတစ်ဆင့် ပင်လယ်တွင်းသို့ရောက်ရှိကုန်သည်။ အကျိုးဆက်အဖြစ် ရေထုညစ်ညမ်းမှုဖြစ်သည်သာမက ငါးများကိုလည်း သေကျေပျက်စီးစေသည်။ ပင်လယ်ကမ်းစပ်တွင်သေနေသော ဝေလငါးများ၏ ဝမ်းဗိုက်တွင်း၌ ပလတ်စတစ်ဘူးခွံများ တွေ့ရှိရသည့်သတင်းမျိုးကို မကြာခဏဖတ်ရှုရပါသည်။ မြေပြင်တွင်စွန့်ပစ်လိုက်သော အဆိုပါအိတ်များကြောင့် စိုက်ပျိုးထားသည့်အပင်များ ပျက်စီးသည့်သတင်းကိုလည်း ကြားနေရသည်။

**ညစ်ညမ်းရေများစွန့်ပစ်ခြင်း**

အလုပ်ရုံ၊ စက်ရုံများမှ စွန့်ပစ်ရေများကို သန့်စင်ပြီး စွန့်ပစ်ရန်ဖြစ်သော်လည်း သန့်စင်ခြင်းမပြုဘဲ တိုက်ရိုက်စွန့်ပစ်နေကြခြင်းကြောင့် ချောင်းရေ၊ မြစ်ရေများ ညစ်ညမ်းပြီး လူများသောက်သုံးရန်မသင့်လျော်တော့သည်သာမက ရေသတ္တဝါများကိုလည်း ထိခိုက်စေသည်။ ငါးများ အစုလိုက်အပြုံလိုက် သေဆုံးသည့် သတင်းများကို မကြာခဏကြားသိနေရပါသည်။

ထို့ပြင် စိုက်ပျိုးရေးတွင်သုံးစွဲသည့် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများကြောင့် ချောင်းရေ၊ မြစ်ရေများ ညစ်ညမ်းရေဖြစ်ကုန်သည်။ လူတို့စွန့်ပစ်သော မိလ္လာရေများ၊ ရေယာဉ်များမှစွန့်ပစ်သော လူတို့၏အညစ်အကြေးများကြောင့်လည်း မြစ်ရေများ ညစ်ညမ်းရေဖြစ်သွားသည်သာမက သတ္တုတူးဖော်ရာမှ စွန့်ပစ်မြေစာနှင့် အသုံးပြုသည့် ဓာတုပစ္စည်းများကြောင့်လည်း ချောင်းရေမြစ်ရေများ ညစ်ညမ်းရေဖြစ်ကုန်ပါသည်။

**သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုအလားအလာ**

ကမ္ဘာ့လူဦးရေသည် ဆက်လက်၍ များပြားလာမည်ဖြစ်သကဲ့သို့ နိုင်ငံအများအပြား ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ခြင်းကြောင့် သဘာဝရင်းမြစ်များမှ ထုတ်ယူသုံးစွဲမှုသည် သဘာဝရင်းမြစ်များက ဖြည့်ဆည်းပေးနိုင်မှုထက် ကျော်လွန်နေဦးမည်ဖြစ်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ဆက်လက်၍ ထိခိုက်နေဦးမည်ဖြစ်သည်။ ထို့အပြင် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကြောင့်လည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နေဦးမည်ဖြစ်သည်။

သို့သော် တစ်ဖက်တွင် အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများက ရာသီဥတုပြောင်းလဲဖောက်ပြန်မှုတိုက်ဖျက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အထူးအလေးထား၍ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေကြပါသည်။ အဆိုပါ အဖွဲ့အစည်းများ၏ စည်းရုံးမှုကြောင့် လူတစ်ဦးချင်း၏ အမူအကျင့်များ ပြောင်းလဲလာပြီး နိုင်ငံကြီးသားပီသစွာ နေထိုင်ပြုမူလာကြမည်ဆိုပါကလည်းကောင်း၊ သဘာဝဘေးအန္တရာယ်များကို တွေ့ကြုံရသော ဒုက္ခအပေါင်းကြောင့်လည်းကောင်း သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုများ လျော့နည်းလာနိုင်ပါသည်။ မည်သို့ပင်ဆိုစေ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ကျွန်ုပ်တို့လူသားတိုင်း၏ တာဝန်ကြီးတစ်ရပ်ဖြစ်နေပါသည်။

အချုပ်အားဖြင့်ဆိုသော် ကျွန်ုပ်တို့ လူသားများက သဘာဝရင်းမြစ်များမှ ထုတ်ယူသုံးစွဲမှုနှင့် သဘာဝရင်းမြစ်များက ဖြည့်ဆည်းပေးနိုင်မှုသည် နောင်တစ်ချိန်ချိန်တွင် ဟန်ချက်ညီပါစေ။ ကျွန်ုပ်တို့က သားသမီးမြေးများအား ကောင်းမွန်သော ကမ္ဘာဂြိုဟ်ကြီးကို အမွေမပေးအပ်နိုင်ခဲ့သော်ငြားလည်း ကျွန်ုပ်တို့၏ မြေးများလက်ထက်တွင်မှ ၎င်းတို့၏မြေးများအား ကောင်းမွန် စိမ်းလန်းသော ကမ္ဘာဂြိုဟ်ကြီးကို အမွေပေးအပ်နိုင်ကြပါစေဟု အလေးအနက်ဆန္ဒပြုရင်း ၂၀၁၆ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်မည့် (၄၃)ကြိမ်မြောက် "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့"ကို ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ ။

**ကျွန်ုပ်တို့ လူသားများက သဘာဝရင်းမြစ်များမှ ထုတ်ယူသုံးစွဲမှုနှင့် သဘာဝရင်းမြစ်များက ဖြည့်ဆည်းပေးနိုင်မှုသည် နောင်တစ်ချိန်ချိန်တွင် ဟန်ချက်ညီပါစေ။ ကျွန်ုပ်တို့က သားသမီးမြေးများအား ကောင်းမွန်သော ကမ္ဘာဂြိုဟ်ကြီးကို အမွေမပေးအပ်နိုင်ခဲ့သော်ငြားလည်း ကျွန်ုပ်တို့၏ မြေးများလက်ထက်တွင်မှု ၎င်းတို့၏မြေးများအား ကောင်းမွန်စိမ်းလန်းသော ကမ္ဘာဂြိုဟ်ကြီးကို အမွေပေးအပ်နိုင်ကြပါစေ**

# တန့်ဆည်မြို့နယ်အတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးထားခြင်းမရှိ

**နေပြည်တော် ဇွန် ၁**

မကွေးတိုင်းဒေသကြီး အနောက်ပိုင်းရှိ သစ်တောပြုန်းတီးမှုများနှင့် သဘာဝ ပတ်ဝန်းကျင်ပျက်စီးမှုများအား ထိန်းသိမ်းစောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့ရာ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူခဲ့သည်။

အဆိုရှင်က မကွေးတိုင်းဒေသကြီးတွင် ယခင်ကသစ်တောဧက ခြောက်သိန်းကျော်ရှိခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် ထုတ်ပြန်ချက်အရ သုံးသိန်းခြောက်သောင်းကျော်သာ ကျန်ရှိသည်ဟု သိရကြောင်း၊ မြေပြင်ပကတိအခြေအနေတွင် လူမြင်ကွင်း၌ သစ်ပင်များတွေ့ရှိရသော်လည်း နောက်ပိုင်းများတွင် ကွင်းပြင်သာ ကျန်ရှိတော့ပါကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ အချို့နေရာများတွင် ဝါးပင်များပါ ပြုန်းတီးနေပါကြောင်း၊ ဝါးပြုန်းတော့ တောပြုန်း၊ တောပြုန်းတော့ တောင်ပြို၊ တောင်ပြိုတော့ ရေကြီးဆိုသလို ရေကြီးမှုများ မကြာခဏဖြစ်ပေါ်နေပါကြောင်း အဆိုတင်သွင်းစဉ် ပြောကြားခဲ့သည်။

ထို့ပြင် အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် မေးခွန်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဖြေကြားခဲ့သည်။

သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၏ "သာစည်မြို့နယ်ရှိ တိမ်ကောနေသော ညောင်ရမ်း မင်းလှကန်ကြီးအား ဆက်လက် ပြုပြင်ပေးရန်အတွက် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ညောင်ရမ်း-မင်းလှကန် သဲနုန်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ငွေကျပ်သန်း ၂၄၀၀၀ ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ရရှိရန်ပုံငွေကျပ်သန်း ၂၁၆၀ ဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့ရာ လုပ်ငန်း ၉ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါကြောင်း၊ ညောင်ရမ်း မင်းလှကန် သဲနုန်းတူးဖော်ခြင်း လုပ်ငန်းအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် သန်း ၁၀၀၀ လျာထားပါဝင်ပြီးဖြစ်၍ ဦးစားပေးဆောင်ရွက်ရန် လုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထပ်မံလိုအပ်သည့် ရန်ပုံငွေကျပ် သန်း ၂၀၈၆၃ ခန့်အား ဘဏ္ဍာနှစ်အလိုက် ဆက်လက်တင်ပြတောင်းခံ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း

နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၏ "သမဝါယမ အသေးစားငွေကြေးဝန်ဆောင်မှု ချေးငွေလုပ်ငန်းနှင့် ပတ်သက်ပြီး ၂၀၁၆ ခုနှစ်အတွင်း တစ်နှစ်တစ်ကြိမ် တိုး/ရင်းပေါင်း ပြန်လည်ပေးဆပ်သောစနစ်ကို ကျင့်သုံးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမအသင်းသားတောင်သူများသို့ ထုတ်ချေးသော စိုက်ပျိုးစရိတ်ချေးငွေများသည် China EXIM Bank ထံမှ ရယူထားသည့် ချေးငွေများဖြင့် ထုတ်ချေးပေးခြင်းဖြစ်ပြီး နှစ်နိုင်ငံချုပ်ဆိုထားသည့် စာချုပ်အရ ခြောက်လတစ်ကြိမ် အတိုး/အရင်း ပေးရန်ဖြစ်၍ တစ်နှစ် တစ်ကြိမ် တိုး/ရင်းပေါင်း ပြန်လည်ပေးဆပ်သောစနစ်အား ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၏ "တန့်ဆည်မြို့နယ်တွင် မြေဧက ၂၀၁၈၀ ကေကို လူ ၁၃ ဦး၏ နာမည်ပေါက်ချထားပေးခဲ့ရာ အခက်အခဲများ ကြုံတွေ့ရခြင်း၊ ပတ်ဝန်းကျင်ကျေးရွာများတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေ ၃၆(က)၊ ဥပဒေပုဒ်မ ၂၁ နှင့် ဥပဒေ ပုဒ်မ ၂၂(ဂ)ပါ ပြဋ္ဌာန်းချက်များကို ဒေသခံများနှင့် အသုံးပြုခွင့်ရရှိထားသူများသိအောင် မည်သို့ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လယ်ယာမြေပိုင်ဆိုင်ခွင့် ပုံစံ(၇) ထုတ်ပေးထားခြင်း ရှိ/မရှိ" သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် ယခင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသော လူပုဂ္ဂိုလ် ၁၀ ဦး၏ ဧရိယာ ၂၀၁၃၄ ဒသမ ၆၇ ဧကတွင် ၎င်းတို့ကိုယ်တိုင် စိုက်ပျိုးမှုသည် ၁၀၆၄ ဧကဖြစ်ပြီး ကျန် ၁၉၀၇၀ ဒသမ ၆၇ ဧကသည် မူလခွင့်ပြုကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်း မရှိသေးကြောင်း သိရှိရသည့်အတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရထားသည့် လူပုဂ္ဂိုလ်တစ်ဦးချင်းထံသို့ တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့က မူလခွင့်ပြုကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ၂၀၁၄ ခုနှစ် မေလတွင် အကြောင်းကြားထားရှိပြီး ဖြစ်ပါကြောင်း၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များ ပယ်ဖျက်ပြီးပါက ဒေသခံများ သိရှိနိုင်ရေး သက်ဆိုင်ရာ တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့က အသိပေးရှင်းလင်းပြောကြားနိုင်မည် ဖြစ်ပါကြောင်း၊ လူပုဂ္ဂိုလ်နှစ်ဦး ဧက ၂၀ နှင့် စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေအရ ဖော်ထုတ်စိုက်ပျိုးရန် သတ်မှတ်ကာလအတွင်း ကျော်လွန်ခြင်း မရှိသေးပါကြောင်း။

တန့်ဆည်မြို့နယ်အတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးထားခြင်း မရှိပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေတို့ကို ရုပ်သိမ်းသည့်ဥပဒေကြမ်းများ အမျိုးသားလွှတ်တော်က အတည်ပြု

**နေပြည်တော် ဇွန် ၁**

သောက်ရေခပ်(ပလက်ဝ) တံတားတည်ဆောက်ရေးလုပ်ငန်းကို ရွှေစွမ်းအင်ကုမ္ပဏီကတာဝန်ယူ၍ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယနေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြောကြားသည်။

မူလ ပလက်ဝချောင်းကူးတံတားသည် အရှည်ပေ ၁၂၀ ရှိ သံပေါင်တံတားဖြစ်ပြီး အဆိုပါနေရာ၌ အရှည် ၂၄၃ ဒသမ ၁၆ မီတာ၊ အမြင့် ၃၇ ဒသမ ၅ မီတာနှင့် တံတားအကျယ် ကိုးမီတာရှိ နှစ်လမ်းသွား သံကူကွန်ကရစ်တံတား တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် Pre Design ရရှိခဲ့ပြီး Design အရ ရေလယ်တိုင်နှစ်ခုသည် ရေစပ်တွင် ကျရောက်နေသဖြင့် မိုးတွင်းကာလ၌ လုပ်ငန်းဆောင်ရွက်ရန် ခက်ခဲမည်ဖြစ်သည့်အတွက် Design ပြန်လည်ညှိနှိုင်းလျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားသည်။



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေ

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၏ ပလက်ဝချောင်းကူးတံတားသည် ၂၀၁၁ ခုနှစ်တွင် ရေနစ်မြုပ်ခဲ့ပြီး ယနေ့တိုင် ပြန်လည်ဆောက်လုပ်ပေးခြင်းမရှိသဖြင့် ပြည်သူများ သွားလာဆက်သွယ်ရေး အခက်အခဲများရှိနေသည့်အတွက် အရေးတကြီး အမြန်လိုအပ်လျက်ရှိသော ပလက်ဝတံတားကို သတ်မှတ်ချိန်အတွင်း ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်အတွင်း ၂၀၀၈ ခုနှစ် မေ ၂ ရက်မှစ၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ရွှေစွမ်းအင်ကုမ္ပဏီမှ သောက်ရေခပ်ရေအားလျှပ်စစ်ထုတ်လုပ်ရေး လုပ်ကိုင်ခဲ့ကြောင်း၊ ပြည်ထောင်စုလမ်းဖြစ်သော တောင်ငူ-သံတောင်-ဘောဂလိ-မော်ချီးလမ်းပေါ်ရှိ ပလက်ဝချောင်းကူးတံတားသည် ၂၀၁၁ ခုနှစ်တွင် ရေနစ်မြုပ်ခဲ့ပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခဲ့ရပါကြောင်း။

ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေစေရန်အတွက် ရွှေစွမ်းအင်ကုမ္ပဏီက သံတောင်ဘက်နှင့် ပြောင်သိုဘက်တို့တွင် အသွား/အပြန် ပွန်တွန်းဇက်ရေယာဉ်ဖြင့် နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ တစ်ရက်လျှင် ပျမ်းမျှ ယာဉ်ကြီး ၁၀ စီး၊ ယာဉ်ငယ် ၁၅ စီး၊ ဆိုင်ကယ်အစီး ၁၅၀ နှင့်လူ ၃၀၀၀ ခန့်တို့အား အခမဲ့သယ်ယူပို့ဆောင်ပေးလျက်ရှိပါကြောင်း ဖြေကြားခဲ့သည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေ၏ ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါသော ကြပ်စင်မြစ်ကူးတံတားကို အမြန်ဆုံးပြီးစီးအောင် ဆောက်လုပ်ရန်အတွက် ပြည်နယ်ရန်ပုံငွေမှ ဘဏ္ဍာငွေပိုမိုချပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ပြည်ထောင်စုရန်ပုံငွေမှ ထပ်ဆောင်းပံ့ပိုးငွေချပေးရန် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ကြပ်စင်မြစ်ကူးတံတားသည် ပြည်နယ်အစိုးရက စီမံခန့်ခွဲသော မြေပုံ-မင်းပြားလမ်းပေါ်၌တည်ရှိပြီး ရခိုင်ပြည်နယ်အစိုးရရန်ပုံငွေဖြင့် တည်ဆောက်နေခြင်း ဖြစ်ပါကြောင်း။

**ကြပ်စင်တံတားပြီးစီးသည်အထိ ထပ်မံလိုအပ်မည့် ရန်ပုံငွေမှာ ငွေကျပ် ၈ ဒသမ ၄၆ ဘီလီယံဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရနှင့် ညှိနှိုင်း၍ ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်ရန်ပုံငွေ နှစ်ရပ်ပေါင်း တင်ပြတောင်းခံ ဆောင်ရွက်သွားမည်**

ကြပ်စင်တံတား ပြီးစီးသည်အထိ ထပ်မံလိုအပ်မည့် ရန်ပုံငွေမှာ ငွေကျပ် ၈ ဒသမ ၄၆ ဘီလီယံဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရနှင့် ညှိနှိုင်း၍ ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်ရန်ပုံငွေ နှစ်ရပ်ပေါင်း တင်ပြတောင်းခံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ် မရှိသည့်အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ခြင်းမပြုဘဲ အတည်ပြုလိုက်သည်။

**(သတင်းစဉ်)**

# လွှတ်တော်သတင်းအချက်အလက်များ ပြည်သူများ သိရှိနိုင်ရေးအတွက် အကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇွန် ၁**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် Facebook ၏ အာရှ - ပစိဖိတ်ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် မူဝါဒဆိုင်ရာ ညွှန်ကြားရေးမှူး Ms.Mia Garlickအား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ တွေ့ဆုံပြီး လွှတ်တော်၌ အသုံးပြုဆောင်ရွက်လျက်ရှိသည့် Facebook လူမှုကွန်ရက် အွန်လိုင်း နည်းပညာများအား လုံခြုံမှုပေးနိုင်ရေး၊ လွှတ်တော်သတင်းအချက်အလက်များအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး အတွက် အကူအညီပေးနိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

**အနောက်တောင် မုတ်သုံလေ အလယ်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်**

**နေပြည်တော် ဇွန် ၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။

(မိုး/ဇလ)

# ကန်ပက်လက်မြို့နယ်အတွင်းရှိ ရင်ကွဲတောင်၊ ကြက်မောက်တောင်သစ်တောကြိုးဝိုင်းနှင့် ကြိုးဝိုင်းပြင်ပရှိ ကျွန်းအပါအဝင် သစ်များထုတ်ယူနေခြင်းကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရန်အတွက် ရပ်ဆိုင်းရန် အစီအစဉ် ရှိ/မရှိ မေးမြန်းမည်

**နေပြည်တော် ဇွန် ၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ရာ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ရှိပြန်လည်အပ်နှံလယ်မြေများကို သီးစားဖြင့် လုပ်ကိုင်ခဲ့ရသည့်ကိစ္စ၊ ပန်းညိုကျေးရွာအုပ်စုပိုင် ကွင်းအမှတ် ၁၂၀၄ ကွင်းရှိ စားကျက်မြေဧက ၁၀၀ ကျော်ကိစ္စတို့နှင့် စပ်လျဉ်း၍ မည်သို့စီမံဆောင်ရွက်ပေးမည်တို့ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၏ ကျောက်ဖြူမြို့၏ မြစ်ကမ်းပါးမြေထိန်းနံရံများတွင် ဖြစ်ပေါ်နေသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် မေးခွန်းတို့ကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားမည်ဖြစ်သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ အစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ရာ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင်၏ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်အတွင်းရှိ ရင်ကွဲတောင်သစ်တောကြိုးဝိုင်း၊ ကြက်မောက်တောင်သစ်တောကြိုးဝိုင်းနှင့် ကြိုးဝိုင်းပြင်ပရှိ ကျွန်းအပါအဝင် သစ်များထုတ်ယူနေခြင်းကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန်အတွက် ရပ်ဆိုင်းရန် အစီအစဉ် ရှိ/မရှိနှင့် ရပ်ဆိုင်းခြင်းမရှိပါက သစ်တောပြုန်းတီးပြီး သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာကွယ်ရန် ဒေသခံပြည်သူများလက်ခံနိုင်သည့် ပွင့်လင်းမြင်သာသောအစီအစဉ်ဖြင့် ထုတ်လုပ်ရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်းကို သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

❍ *ရှေ့ဖုံးမှ*

အန္တရာယ်ကင်းရှင်းဖို့အတွက် ဓာတ်အားလိုင်းတွေနဲ့ ဓာတ်အားအသုံးပြုတဲ့ အဆောက်အအုံတွေကြား စနစ်ကျတဲ့ဓာတ်အားဆက်သွယ်မှု ရှိ၊ မရှိနဲ့ ဓာတ်အားဆုံးရှုံးမှု ရှိနိုင်တဲ့နေရာတွေကို စစ်ဆေးပြုပြင်သွားမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာ ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲတဲ့ လမ်းရှစ်ခု(မိုင်ပေါင်း ၅၁၄ မိုင် ၆ ဖာလုံ)နဲ့ ပြည်နယ်အစိုးရက ခန့်ခွဲတဲ့လမ်း ၄၈ ခု (၇၈၂ မိုင် ၄ ဖာလုံ) ရှိပါတယ်။ ပြည်နယ်လမ်းဦးစီးဌာနအနေနဲ့ အဲဒီလမ်းတွေမှာ မိုးရာသီကာလ ယာဉ်တွေ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ဖို့အတွက် လမ်းပခုံးမြေသားတွေကို လမ်းနဲ့ အညီတင်ပေးခြင်း၊ အင်ဂျင်နီယာပုံစံတကျဖြစ်ရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ လမ်းဘေးဝဲ/ယာမြေသားတာပေါင်တွေကို မူလပုံစံတကျမြေဖို့ပေးခြင်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပြီး အဝေးပြေးလမ်းမကြီးတွေမှာ လမ်းညွှန်ဆိုင်းဘုတ်တွေ အပြည့်အစုံတပ်ဆင်ခြင်းနဲ့ ဘေးအန္တရာယ်ဖြစ်နိုင်တဲ့ နေရာတွေမှာ သတိပေးလမ်းညွှန်ဆိုင်းဘုတ်တွေ တပ်ဆင်သွားမှာဖြစ်ပါတယ်။

နောက်ထပ် တံတားအဝင်၊ အထွက် အခက်အခဲဖြစ်တဲ့နေရာတွေမှာ မြေမျက်နှာပြင်တွေညှိခြင်းနဲ့ ယိုယွင်းပျက်စီးနေတဲ့ တံတားတွေကို ပြင်ဆင်ခြင်း၊ Guard Post များ စိုက်ထူခြင်း၊ ဆင်ခြေလျှောများကို မြေသားကပ်ပြီး ဆည်ဖို့ခြင်းနဲ့ ကြမ်းခင်းများ လွတ်ထွက်ပြီး ကြမ်းပြင်ညီညာမှုမရှိတဲ့ ဘေလီတံတားတွေကို အသစ်ပြန်လည်ခင်းပေးခြင်းတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။



ပြည်သူများ သွားလာမှုလွယ်ကူစေရေးအတွက် ဖောက်လုပ်ထားသည့် မောင်တောမြို့နယ် ဝေသာလီ- ဥဒေါင်း ကွန်ကရစ်လမ်း
ဓာတ်ပုံ - စံမြတ်ရွှေ

ပြည်နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှာတော့ မာန်အောင်၊ မြေပုံ၊ ကျိန္တလီ၊ စစ်တွေ၊ ငပလီနဲ့ သံတွဲမြို့တွေမှာ အိတ်ချိန်းလိုင်းအစား အိတ်ချိန်းလိုင်းအားများတဲ့ စက်တွေနဲ့ အစားထိုးပြောင်းလဲသွားမှာဖြစ်ပါတယ်။ ကျောက်ကုန်း၊ ဂွ၊ သံတွဲ ဖိုင်ဘာဆက်ကြောင်းတွေကိုလည်း အပြီးသတ်ဆောင်ရွက်သွားမှာဖြစ်ပြီး GSM မိုဘိုင်း စခန်းသစ်ငါးခုကိုလည်း တိုးချဲ့ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။

စစ်တွေ-ဘူးသီးတောင်၊ စစ်တွေ-မြောက်ဦး ရေကြောင်းလမ်းတွေမှာ ပြေးဆွဲနေတဲ့ ရေယာဉ်တွေရဲ့ ကြံ့ခိုင်မှုတွေကို စစ်ဆေးခြင်း၊ ခရီးစဉ်နဲ့ရေယာဉ်လုပ်သားတွေကို အသိပညာပေးဟောပြောပွဲတွေ၊ သရုပ်ပြပွဲတွေ ပြုလုပ်ပြသခြင်း၊ ရေယာဉ်တွေပေါ်မှာ လုံခြုံရေးဆိုင်ရာပစ္စည်းတွေ လုံလောက်စွာထားရှိခြင်းရှိ၊ မရှိနဲ့ ရေယာဉ်တွေပေါ်မှာ သတ်မှတ်ထားတဲ့ကုန်ချိန်၊ သတ်မှတ်ထားတဲ့ခရီးသည် အရေအတွက်ဖြင့်သာ ပြေးဆွဲခြင်း ရှိ/ မရှိ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နဲ့ သယ်ယူပို့ဆောင်ရေးကြီးကြပ်ဆောင်ရွက်မှုဌာနကလည်း ယာဉ်လိုင်းတွေ စည်းကမ်းနဲ့အညီ သွားလာနိုင်ရေးနဲ့ ကုန်တင်ကားဝင်းဆောက်လုပ်ဖို့ မြေနေရာရရှိရေးတွေကို ဆောင်ရွက်သွားမှာဖြစ်ပြီး ပြည်နယ်ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း မြစ်ကြောင်းတွေထဲမှာ လှေနဲ့ သင်္ဘောတွေ လမ်းမှန်သွားလာနိုင်ဖို့အတွက် ရေကြောင်းလမ်းညွှန် အမှတ်အသားတွေနဲ့ မြစ်ချောင်းကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရခိုင်ပြည်နယ်ဆိပ်ကမ်းရုံး (စစ်တွေမြို့)ကလည်း စစ်တွေဆိပ်ကမ်းမှာ ရေစူး ၂၄ ပေနဲ့ တန် ၁၅၀၀၀ ရှိ သင်္ဘောတွေဆိုက်ကပ်နိုင်ဖို့နဲ့ ရေစူး ၁၅ ပေ၊ အလျား ပေ ၃၀၀ ရှိတဲ့ ရေယာဉ်တွေ ဖောင်တော်ကြီး ဆိပ်ခံတံတားမှာ အလှည့်ကျတန်းစီစနစ်နဲ့ ကန်တင်/ကန်ချနိုင်ဖို့၊ အလျားပေ ၂၅၀၊ ရေစူး ၁၂ ပေရှိတဲ့ ကမ်းရိုးတန်းရေယာဉ်တွေကို မင်းဂံကုန်တံတားပေါ်မှာ အလှည့်ကျ ဆိုက်ကပ်ကုန်တင်/ကုန်ချပြုလုပ်နိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပြီး ပြည်နယ်စက်မှုကြီးကြပ်စစ်ဆေးရေးဦးစီးဌာနကလည်း လုပ်ငန်းသစ်တွေ မှတ်ပုံတင်ခြင်းနဲ့ လုပ်ငန်းသက်တမ်းတိုးမြှင့်ခြင်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ယာဉ်တွေမှတ်ပုံတင်ခြင်း၊ ယာဉ်မောင်းလိုင်စင်တွေ ထုတ်ပေးခြင်းလုပ်ငန်းတွေကို ဘူးသီးတောင်၊ မောင်တော၊ သံတွဲ၊ တောင်ကုတ်၊ ကျောက်ဖြူမြို့တွေမှာ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

**ဦးကျော်အေးသိန်း**
**ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး**

ပြည်နယ်ငွေရေးကြေးရေး စစ်ဆေးရေးဦးစီးဌာနက မြို့နယ် ငါးမြို့နယ်မှာ တောင်သူတွေကို ချေးငွေထပ်မံထုတ်ချေးနိုင်ဖို့ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အသေးစားစက်မှုလက်မှုဦးစီးဌာနအနေနဲ့ သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်နည်းနဲ့ လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်းတွေကို ကျောက်တော်မြို့နယ်မှာ ဖွင့်လှစ်ခဲ့ပြီး အခြေခံအပ်ချုပ်စက်သင်တန်းကို ရက်ကန်းနဲ့ သက်မွေးပညာသင်တန်းကျောင်းမှာ ဖွင့်လှစ်နိုင်ခဲ့တယ်။

ပြည်နယ်သမဝါယမဦးစီးဌာနကတော့ စိုက်ပျိုးစရိတ် ချေးငွေနဲ့ မွေးမြူရေးစရိတ် ချေးငွေတွေကို ထုတ်ချေးခဲ့ပြီး ပင်စင်ဦးစီးဌာနအနေနဲ့ သက်ပြည့်ပင်စင်၊ နှစ်ပြည့်ပင်စင်၊ နာမကျန်းပင်စင်၊ မိသားစုပင်စင်နဲ့ လျှော့ပေါ့ပင်စင် စုစုပေါင်း ၁၂၀ ကို ဆောင်ရွက်ခဲ့တယ်။

လူထုအခြေပြုခရီးစဉ်တွေအဖြစ် ဝါဘိုကျေးရွာနဲ့ ကျိန္တလီမြို့ကိုဖော်ဆောင်သွားဖို့ စီစဉ်ထားရှိပါတယ်။ နောက်ပြီး ပြည်နယ် အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ စားသုံးသူ ရေးရာဦးစီးဌာနနဲ့ ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနတွေကလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

**ဦးကျော်လွင်**
**ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီး**

ရခိုင်ပြည်နယ်အတွင်းမှာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးခြင်း၊ တောင်သူပညာပေးစံပြကွက်တွေ ပြုလုပ်ပြသခြင်း၊ ကျေးရွာမျိုးစေ့ဘဏ်တွေ ထူထောင်ခြင်း၊ အရန်မျိုးစပါး စုဆောင်းထားရှိခြင်းနဲ့ တောင်သူ အသိပညာပေး ပိုစတာစိုက်ထူခြင်းတွေဆောင်ရွက်သွားမှာဖြစ်ပြီး ဆည်မြောင်းနဲ့ ရေအသုံးချရေး စီမံခန့်ခွဲမှုဦးစီးဌာနကတော့ ကန်တော်ကြီးဆည်ဖို့ခြင်းလုပ်ငန်းကိုဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ငွေလုံးငွေရင်းနဲ့တည်ဆောက်မယ့်လုပ်ငန်းတွေကို တင်ဒါခေါ်ယူပြီး စံချိန်စံညွှန်းမီ အမြန်ဆုံး တည်ဆောက်နိုင်ဖို့နဲ့ ရေချိုငါးလုပ်ငန်း ဥပဒေနဲ့ ဆက်နွှယ်တဲ့ နည်းဥပဒေကို ရေးဆွဲတင်ပြသွားမှာဖြစ်ပါတယ်။ ထို့အတူ ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နဲ့ သတ္တုတွင်းဦးစီးဌာနတွေကလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။



ရခိုင်ပြည်နယ်မှ ကျောင်းသားလူငယ်များ အဆင့်မြင့် ပညာသင်ယူနိုင်ရေး ဖွင့်လှစ်ပေးထားသည့် စစ်တွေတက္ကသိုလ်
ဓာတ်ပုံ - စံမြတ်ရွှေ

**ဒေါက်တာချမ်းသာ**
**ပြည်နယ်လူမှုရေးဝန်ကြီး**

ပြည်နယ်ထဲက ကျောက်ကြီးတိုက်နယ်ဆေးရုံ၊ အလယ်ချောင်းတိုက်နယ်ဆေးရုံ၊ ကူတောင်တိုက်နယ်ဆေးရုံနဲ့ တပ်တောင်တိုက်နယ်ဆေးရုံသစ်တွေကို ဖွင့်လှစ်ပေးပြီး ဆေးရုံလုပ်ငန်းတွေလည်ပတ်နိုင်ဖို့ စီမံဆောင်ရွက်သွားမယ်။

ပြည်နယ်ဗဟိုပြုဆေးခန်းတွေကို ကျေးလက်ကျန်းမာရေးဆေးခန်းအားလုံးမှာ ဆောင်ရွက်နိုင်ဖို့ စီစဉ်ပေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါနှိမ်နင်းရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးခြင်းနဲ့ ကျောင်းကျန်းမာရေးလုပ်ငန်းတွေကို ကျောင်းဖွင့်ချိန်ကစပြီး ဆောင်ရွက်သွားပါမယ်။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက်နဲ့ ကျန်းမာရေးကြီးကြပ်(၂)တွေကို သင်တန်းတွေပေးသွားမယ်။ တိုင်းရင်းဆေးကုသရေးဦးစီးဌာနကလည်း စီမံချက်ဝင် မြို့နယ်တွေမှာရှိတဲ့ ကျေးရွာတွေကို ဆေးသေတ္တာတွေ ထောက်ပံ့ပေးခြင်းတွေနဲ့အတူ နယ်လှည့်ကွင်းဆင်းဆေးကုသရေး လုပ်ငန်းတွေကို ကုသရေးဌာနနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပညာရေးဌာနမှာဆိုရင်လည်း မေးခွန်းပုံစံများ ပြောင်းလဲပြုပြင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်ပေးခြင်း၊ ပညာရေးစွမ်းရည်မြှင့်တင်သင်တန်းများဖွင့်လှစ်ခြင်း၊ ကျောင်းဖွင့်အမီ ကျောင်းသုံးစာအုပ်တွေနဲ့ ကျောင်းသုံးပရိဘောဂတွေကို ပြည့်စုံအောင်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

နောက်ထပ် ပြည်နယ်အဆင့်တွေဖြစ်တဲ့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ သူနာပြုသင်တန်းကျောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနဲ့ လူမှုဝန်ထမ်းဦးစီးဌာနတွေကလည်း သက်ဆိုင်ရာကဏ္ဍတွေအလိုက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေ၊ ကူညီထောက်ပံ့ရေးလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားကြမှာဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်ရဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းဟာ ကျေးလက်ဒေသတွေအထိ ဖြန့်ဖြူးတဲ့အဆင့်ကို ရောက်နေပြီဖြစ်**

**မာန်အောင်၊ မြေပုံ၊ ကျိန္တလီ၊ စစ်တွေ၊ ငပလီနဲ့ သံတွဲမြို့တွေမှာ အိတ်ချိန်းလိုင်းအစား အိတ်ချိန်းလိုင်းအားများတဲ့ စက်တွေနဲ့ အစားထိုးပြောင်းလဲသွားမှာဖြစ်**

**ဦးမင်းအောင်**
**ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး**

ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာနအနေနဲ့ ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေနဲ့ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ မောင်တော၊ ဘူးသီးတောင်၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ အမ်း၊ သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်တွေမှာရှိတဲ့ ကျေးရွာပေါင်း ၁၁၀ မှာ ကျေးလက်ရေပေးရေးလုပ်ငန်း ၁၁၇ ခုကို လုပ်ဆောင်သွားပါမယ်။ နောက်ထပ် အဲဒီဦးစီးဌာနရဲ့ မွမ်းမံရန်ပုံငွေနဲ့ပဲ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ မောင်တော၊ အမ်း၊ သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်တွေထဲက သတ်မှတ်ထားတဲ့ကျေးရွာတွေမှာလည်း ကျေးလက်ရေပေးရေးလုပ်ငန်းတွေကို ဆောင်ရွက်သွားမယ်။



နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်း ကျောင်း (မောင်တော)

# မူးမြစ်ကမ်းပါး ရေတိုက်စားမှုကာကွယ်ရေးဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ရွှေဘို ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် မအူပင်ကျေးရွာ၌ မူးမြစ်ရေတိုက်စားပြီး ကမ်းပါးပြိုမှုကာကွယ်ရေးလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုငွေကျပ်သိန်း ၄၀၀ဖြင့် ဆောင်ရွက်လျက်ရှိရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ခေါင်၊ တိုင်းဒေသကြီး ရေအရင်းအမြစ် ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမြင့်၊ ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်း)လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်း၊ ခရိုင်ရေအရင်းအမြစ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးကျော်ဗိုလ်သိန်းတို့က လုပ်ငန်းဆောင်ရွက်နေမှုအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မအူပင်ကျေးရွာတွင် အိမ်ခြေ ၂၉၉ အိမ်၊ လူဦးရေ ၂၁၁၆ ဦးနေထိုင်လျက်ရှိရာ ၂၀၁၅ ခုနှစ်က မူးမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျကာလူနေအိမ် ၁၅ လုံး ပြောင်းရွှေ့ခဲ့ရသည့်အတွက် ယခုနှစ်တွင် အလားတူဖြစ်စဉ်မျိုး မဖြစ်စေရေးအတွက် တိုင်းဒေသကြီး ရေအရင်းအမြစ်ဦးစီးဌာနမှ မျောတိုင်ဖြင့် သဲအိတ်ပြည့်ရေကာတာရှစ်ခု စုစုပေါင်းအလျား ပေ ၁၀၅၀ အား တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လုပ်ငန်းများအမြန်ပြီးစီးစေရေးအတွက် ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးသီဟ(ပြန်/ဆက်)**





# ဆင်ပေါင်ဝဲမြို့နယ်တွင် နယားချောင်းရေကျော်တံတားကျိုးပဲ့

**ဆင်ပေါင်ဝဲ ဇွန် ၁**

မေ ၃၀ ရက်က မိုးရွာသွန်းမှုကြောင့် ဆင်ပေါင်ဝဲမြို့နယ် ကျောက်ဆောင်စမ်းကျေးရွာအုပ်စု စည်ပင်လုကျေးရွာအနီး ဆင်ပေါင်ဝဲ - တောညောင်ပင်သာ ကားလမ်း မိုင်တိုင်အမှတ် ၅၀ နှင့် ၅၁ အကြား ခန့်မှန်း မပည (GS-၄၂၉၀၄) နယားချောင်း ရေကျော်သည် ချောင်းရေတိုက်စားမှုကြောင့် မူလ အလျား ၁၁၀ ပေ၊ အနံ ၂၂ ပေရှိရာ အလျား ပေ ၂၀၊ အနံ ခြောက်ပေခန့် ကျိုးပဲ့သွားခဲ့သည်။

အဆိုပါနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ၊ ကျောက်ဆောင်စမ်းကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ယာဉ်ငယ်များ ညတွင်းချင်း ဖြတ်သန်းသွားလာနိုင်ရေး ဆောင်ရွက်ကြကြောင်း သိရသည်။

ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်ရေးကို ဇွန် ၁ ရက် နံနက်မှစ၍ လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ချောင်းရေများ ထပ်မံမကျလာပါက ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်မည် ဖြစ်ကြောင်း လမ်းဦးစီးဌာနမှ တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပခုက္ကူ-ရန်ကုန် အမှတ်(၆၂) အစုန်ရထားလမ်းချော်မှုဖြစ်ပွား

**ကျောက်ပန်းတောင်း ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်းမြို့အထွက် သဲအင်းဂူဓမ္မရိပ်သာအနီး ကျောက်ပန်းတောင်း- မိတ္ထီလာ မော်တော်ကားလမ်းနှင့် မီးရထားလမ်းဆုံရာတွင် မေ ၃၁ ရက် ည ၈ နာရီခန့်က မီးရထားတစ်စီးစက်ခေါင်းတွဲလမ်းချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းချော်မှုဖြစ်စဉ်မှာ စက်ခေါင်းမောင်း ဦးဇော်မြင့်ဦး မောင်းနှင်သောစက်ခေါင်း အမှတ် DF-2066 ပခုက္ကူ-ရန်ကုန် အမှတ်(၆၂) အစုန်ရထားသည် ပခုက္ကူဘူတာမှ ညနေ ၄ နာရီတွင် စတင်ထွက်ခွာ၍ ပုဂံဘူတာမှ ညနေ ၅ နာရီတွင် ထွက်ခွာလာခဲ့ပြီး ဆက်လက်၍ ကျောက်ပန်းတောင်းဘူတာမှ ည ၈ နာရီတွင် ရန်ကုန်သို့ ဆက်လက်ထွက်ခွာလာခဲ့ရာ ကျောက်ပန်းတောင်းမြို့အထွက် ကျောက်ပန်းတောင်း-မိတ္ထီလာကားလမ်းနှင့် မီးရထားလမ်းဆုံရာ နေရာအရောက်တွင် လမ်းချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါနေရာတွင် မော်တော်ကားလမ်းနှင့်မီးရထားလမ်းဖြတ်သန်းသွားသည့် နေရာဖြစ်သည့်အတွက် မိုးရွာသွန်းထားမှုကြောင့် ရထားသံလမ်းပေါ် ရေကျော်ကာ သဲများဖုံးလွှမ်းနေသဖြင့် လမ်းချော်မှုဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းလမ်းချော်ရာသို့ မြန်မာ့မီးရထားမှ အင်ဂျင်နီယာမှူး (စက်မှု) ဦးမင်းသူအောင်၊ အငယ်တန်းအင်ဂျင်နီယာ ဦးကြည်ဝေ၊ ကျောက်ပန်းတောင်းဘူတာရုံတာဝန်ခံ(ရုံပိုင်ကြီး) ဦးမြင့်ထွန်းနှင့် ဝန်ထမ်းများ ရောက်ရှိကြပြီး မော်တော်ကားလမ်းပိတ်ဆို့မှု မဖြစ်စေရေးအတွက် ဆောင်ရွက်ခဲ့ကြရာ ည ၁၁ နာရီခန့်တွင် လုပ်ငန်းပြီးစီးခဲ့ပြီး ည ၁၁ နာရီခွဲတွင် ရန်ကုန်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

ရထားလမ်းချော်မှုကြောင့် ပျက်စီးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**




# တောင်သူလယ်သမားအသိပညာပေး ဟောပြော

**စလင်း ဇွန် ၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့ ရွှေမန်းဇာတ်ပွဲရုံကြီးတွင် မေ ၂၉ ရက် နံနက် ၈ နာရီက တောင်သူလယ်သမား အသိပညာပေးဟောပြောပွဲ ကျင်းပရာ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က မိုးလေဝသဆိုင်ရာကိစ္စရပ်များကို ဟောပြောခဲ့ပြီး တောင်သူလယ်သမားများသိလိုသည့်မေးခွန်းများကို ပြန်လည်ဖြေကြားပေးခဲ့သည်။

ယင်းဟောပြောပွဲသို့ တောင်သူ ၁၀၀၀ ကျော် တက်ရောက်ခဲ့ပြီး စလင်းမြို့နယ်ရှိ စိုက်ပျိုးရေးဆေးဆိုင်များက ဟောပြောပွဲသို့ တက်ရောက်လာသော တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာပစ္စည်းများ ကံစမ်းမဲဖောက်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ရမည်းသင်းအကျဉ်းထောင်များ စစ်ဆေး

**နေပြည်တော် ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်တင်နွယ်ဝင်းသည် ဒက္ခိဏခရိုင် တရားသူကြီးနှင့်အတူ မေ ၂၇ ရက် နံနက်က ရမည်းသင်းအကျဉ်းထောင်သို့သွားရောက်ပြီး အကျဉ်းထောင်အတွင်းရှိ အချုပ်သားများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ထောင်မှူးကြီးက အချုပ်သားများအား ထိန်းသိမ်းထားရှိမှု၊ စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အချုပ်သားများ၏ ဥပဒေအခွင့်အရေးများရရှိစေရေးစပ်လျဉ်း၍ ဆောင်ရွက်ပေးနိုင်ရန် လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တရားလွှတ်တော် တရားသူကြီးနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ်ရဲအချုပ်ခန်းကိုလည်းကောင်း၊ မေ ၂၈ ရက်တွင် ပျဉ်းမနားမြို့မရဲအချုပ်ခန်း၊ လယ်ဝေးမြို့မ ရဲအချုပ်ခန်းနှင့် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ် (၁) ရဲအချုပ်ခန်းတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ အရှေ့တိုင်းပညာဘာသာရပ်အလုပ်ရုံဆွေးနွေး

**မိတ္ထီလာ ဇွန် ၁**

နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် စုစုပေါင်း ၄၂ ခု ပါဝင်သည့် မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ အရှေ့တိုင်းပညာဘာသာရပ်နှင့်ပတ်သက်သည့်အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁ ရက် နံနက် ၉ နာရီက မိတ္ထီလာတက္ကသိုလ်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် အရှေ့တိုင်းပညာဌာန ဆရာမ ဆရာမများ၏ သင်ကြားရေးစွမ်းရည်ကို ခေတ်နှင့်အညီ မြှင့်တင်ရန်၊ သင်ကြားရေးနည်းစနစ်များကို ခေတ်နှင့်အညီ မြှင့်တင်ရန်၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် အရှေ့တိုင်းပညာဘာသာရပ်၏ အနှစ်သာရများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဖြန့်ဝေသင်ကြားပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ မိတ္ထီလာတက္ကသိုလ် အရှေ့တိုင်းပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာဌေးဌေးသိန်းက ပြောသည်။

ဆက်လက်၍ အငြိမ်းစားပါမောက္ခ ဦးဟန်တင့်က Buddhits Culture ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပခုက္ကူတက္ကသိုလ်ပါမောက္ခဌာနမှူး ဒေါက်တာလှလှမြင့်က Pralcrit Language Literature ခေါင်းစဉ်ဖြင့် စာတမ်းများဖတ်ကြားရာ တက်ရောက်လာကြသည့် နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များမှ အရှေ့တိုင်းပညာ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများက ပြန်လည်ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁ ရက်မှ ၃ ရက်အထိ ကျင်းပ မည်ဖြစ်ပြီး မိတ္ထီလာတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် ပခုက္ကူတက္ကသိုလ်များမှ ပါမောက္ခ ဌာနမှူးနှင့် ပါမောက္ခများက စာတမ်းများ ဖတ်ကြားဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ )**

# ကျောက်တောင်ပြိုကျ၍ လူနှစ်ဦးသေဆုံး

**ပုသိမ်ကြီး ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာအုပ်စု ကျောက်တောကျေးရွာရှိ ကျောက်ထုတ်လုပ်သည့် လုပ်ငန်းခွင်တွင် မေ ၃၁ ရက် နံနက် ၁၁ နာရီခွဲခန့်က အမြင့်ပေ ၁၀၀ ခန့်ရှိ ကျောက်တောင်ပြိုကျသဖြင့် လူနှစ်ဦးသေဆုံးခဲ့ကြောင်း အုန်းချောရဲစခန်းမှ သိရသည်။

"လုပ်ငန်းခွင်မှာ သူတို့နှစ်ယောက်က ကျောက်ရွေးနေတုန်း ကျောက်တောင်က ကျောက်စတွေ ကွဲထွက်လာတာ မြင်တယ်။ ထွက်ပြေးပေမယ့် မလွတ်ခဲ့ဘူး။ ကျန်တဲ့ အလုပ်သမားတွေက ထမင်းစားနားချိန်မှာဆိုတော့ မရှိလို့တော်သေးတယ်" ဟု အုန်းချောရဲစခန်းမှ ရဲအုပ်တင်ကိုလတ်က ရှင်းပြသည်။

အဆိုပါကျောက်တောင်ပြိုကျမှုကြောင့် ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်မိုးကြည်(၃၅နှစ်)နှင့် အလုပ်သမားဖြစ်သူ ကိုဇေယျာမင်း(၂၀ နှစ်)တို့ သေဆုံးခဲ့သဖြင့် အုန်းချောရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပထမဆုံး ကိုယ်ပျောက်တိုက်လေယာဉ်ကို တရုတ်အသုံးပြုတော့မည်



**ပေကျင်း ဇွန် ၁**

တရုတ်နိုင်ငံသည် ၎င်း၏ ပထမဆုံး ကိုယ်ပျောက်တိုက်လေယာဉ် J-20 ကို စမ်းသပ်မှုများပြုလုပ်နေပြီး ယင်း စစ်လေယာဉ်ကို မကြာခင်အသုံးပြုတော့မည်ဖြစ် ကြောင်း လေကြောင်းတပ်ဖွဲ့က ပြောသည်။

J-20 သည် အမေရိကန်နှင့် စစ်ရေးစွမ်းပကား ကွာဟမှုအတွက် လျော့ကျစေလိမ့်မည်ဟု တရုတ်က မျှော်လင့်နေသည်။ တိုက်တိုက်ဆိုင်ဆိုင် ပင် ပထမအကြိမ်တိုက်လေယာဉ်စမ်းသပ်ပျံသန်းမှုကို ၂၀၁၁ ခုနှစ်က ပေကျင်းသို့ အမေရိကန် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ် လာရောက်လည်ပတ်စဉ် အတွင်း ပြုလုပ်ခဲ့သည်။

J-20 သည် လေ့ကျင့်ရေး ပြုလုပ်စဉ်အတွင်း ပျောက်ကွယ်သွားခဲ့သည် ဟုဆိုသည်မှာ ခိုင်မာမှုမရှိသည့် သတင်းအချက်အလက်ဖြစ်သည်ဟု တရုတ်လေတပ်မှ ဖော်ပြခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် J-20သည် လေတပ်တွင် အသုံးပြုရန် တပ်ဆင်ထားပြီးဖြစ်ကြောင်း အင်္ဂါနေ့က လေတပ်မှ ပြောသည်။

**(ဆင်ဟွာ)**

# ဂေါ်ရီလာသေဆုံးမှုအတွက် ဖြစ်နိုင်ဖွယ်ရှိသည့် ပြစ်မှုကျူးလွန်သူကို တရားစွဲမည်

**လန်ဒန် ဇွန် ၁**

ဆင်စင်နာတီရှိ ဂေါ်ရီလာ လှောင်အိမ်အတွင်းသို့ သုံးနှစ်သားကလေးငယ် ပြုတ်ကျသွားမှုကြောင့် ကလေးငယ်ကို ကယ်တင်ရန် တိရစ္ဆာန်ကို ပစ်သတ်ရေး တောင်းဆိုခဲ့သည့် မိဘများကို အဆိုပါ မတော်တဆမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးနေကြောင်း အင်္ဂါနေ့တွင် ရဲများက ပြောသည်။

စုံစမ်း စစ်ဆေးသူများသည် အားလပ်ရက်ကဖြစ်ပွားသော အဆိုပါ မတော်တဆမှုအတွင်း မိဘများနှင့် မိသားစုဝင်များ၏ အပြုအမူများ၊ ဆင်စင်နာတီ တိရစ္ဆာန်ရုံ၏ လုံခြုံမှုနှင့် ပေါင် ၄၅၀ ခန့်ရှိ ဂေါ်ရီလာဟာရမ်ဘေးကို ပစ်သတ်ခဲ့သည့် သက်ဆိုင်ရာ တာဝန်ရှိသူများကို အဓိက စုံစမ်းနေကြောင်း ဆင်စင်နာတီ ရဲတပ်ဖွဲ့က ပြောသည်။

"အမှုဖြစ်ပွားရာ အချက်အလက်တွေကို ပြန်လည်သုံးသပ်နေပါတယ်"ဟု ရဲတပ်ဖွဲ့တွစ်တာ စာမျက်နှာတွင် ဖော်ပြထားသည်။

မတော်တဆမှုအတွင်း ကနဦးက မည်သူ့ကိုမျှ တရားစွဲဆိုခဲ့ခြင်းမရှိခဲ့ဘဲ ဖြစ်နိုင်ဖွယ်ရာ ပြစ်မှုကျူးလွန်သူကို တရားစွဲဆိုရေးရဲတပ်ဖွဲ့က ဒုတိယအကြိမ်



**မေ ၃၀ ရက်က အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ် ဆင်စင်နာတီ တိရစ္ဆာန်ဥယျာဉ် လူဝံ(ဂေါ်ရီလာ) ကမ္ဘာပြခန်း အပြင်ဘက် လူဝံကြေးသွန်းရုပ်တုကို လာရောက်ကြည့်ရှုသော ပရိသတ်တချို့ကို တွေ့ရစဉ်**

ဆောင်ရွက်နေခြင်းဖြစ်သည်။

"ပထမတစ်ခါ စုံစမ်းစစ်ဆေးပြီးသွားပြီး သူတို့က ဖြစ်နိုင်ခြေရှိတဲ့ ပြစ်မှုကျူးလွန်သူကို ကျွန်တော်တို့နဲ့ ဆွေးနွေးညှိနှိုင်းသွားပါမယ်" ဟု ဟာမစ်တန်စီရင်စု ရှေ့နေတစ်ဦးဖြစ်သူ ဂျိုးဆက် ဒတ်တာက ပြောသည်။

ကလေးငယ်၏ အသက်မှာ သုံးနှစ်ဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် အတည်ပြုခဲ့သည်။ အစောပိုင်းက လေးနှစ်ဟု ဖော်ပြခဲ့ကြသည်။

ကလေးငယ်သည် လှောင်အိမ်အတွင်းသို့ သွားလိုသည့်အတွက် သုံးပေအမြင့်ရှိ အရန်အတားကို ကျော်တက်ရာ ၁၅ ပေခန့်နက်သော ကျုံးအတွင်းသို့ လိမ့်ကျသွားခြင်း ဖြစ်ကြောင်း မျက်မြင်သက်သေများက ဆိုသည်။

**(ရိုက်တာ)**

# ပျောက်ဆုံးနေသော လေးနှစ်အရွယ်ကလေးငယ်အား တောနင်းရှာဖွေမှုများ ဆက်လက်ပြုလုပ်

**တိုကျို ဇွန် ၁**

ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ခ်ကိုင်းဒိုး၌ အသက်ခုနစ်နှစ်အရွယ် ယောက်ျားကလေးပျောက်ဆုံးနေသည်မှာ လေးရက်ရှိလာပြီဖြစ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ပျောက်ဆုံးနေသောကလေးငယ် ယာမာတိုတာနိုအိုကာ၏ မိဘများသည် ပြောဆို၍မရသော ၎င်းတို့ကလေးငယ်ကို အပြစ်ပေးသည့်အနေဖြင့် တောအုပ်အတွင်း တစ်နေရာ၌ စနေနေ့က ခေတ္တချန်ထားခဲ့ခြင်းဖြစ်သည်ဟု ထွက်ဆိုခဲ့ကြောင်း ရဲများက ပြောသည်။ မိသားစုခရီးထွက်လာရာမှ အိမ်ပြန်လမ်းတစ်နေရာ၌ ကားပေါ်မှ ချန်ထားခဲ့ခြင်း ဖြစ်ကြောင်း၊ မိနစ်အနည်းငယ်အကြာ ကလေးငယ်ကို ပြန်ခေါ်ယူရန် ကြိုးစားသောအခါ ကလေးငယ်ကို ရှာ၍မတွေ့တော့ကြောင်း ပျောက်ဆုံးနေသော ကလေးငယ်၏ မိဘများက ပြောသည်။

ဗုဒ္ဓဟူးနေ့၌ ကာကွယ်ရေးတပ်ဖွဲ့ဝင် ၇၀ ကျော်သည်ရဲတပ်ဖွဲ့ဝင်နှင့် မီးသတ်ဝန်ထမ်း စုစုပေါင်း ၁၃၀ တို့နှင့်အတူ ပူးပေါင်း၍ ကလေးငယ်အားရှာဖွေမှုများ ပြုလုပ်ခဲ့သည်။ သို့သော် မည်သည့်သဲလွန်စကိုမျှရှာမတွေ့သေးပေ။ ဗုဒ္ဓဟူးနေ့က ပြုလုပ်သည့် ရှာဖွေမှုများကို နေမဝင်ခင်ထိ ဆက်လက်ပြုလုပ်သွားမည်ဟု ခန့်မှန်းထားသည်။

**(အင်န်အိတ်ချ်ကေ)**

# ပါရီမြို့၌ ပထမဦးဆုံး ဒုက္ခသည်စခန်းဆောက်မည်ဟု အာဏာပိုင်များပြော

**ပါရီ ဇွန် ၁**

တိုင်းပြည်အတွင်း စစ်နှင့်ဆင်းရဲမွဲတေမှုကြောင့် ထွက်ပြေးလာသော လူရာပေါင်းများစွာကိုထားရှိရန် ပြင်သစ်နိုင်ငံ၌ ပထမဦးဆုံး ဒုက္ခသည်စခန်းများဆောက်လုပ်ရန်စီစဉ်ထားကြောင်း အင်္ဂါနေ့၌ ပါရီမြို့တော်ဝန် Anne Hidalgo က ကြေညာခဲ့သည်။ "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စများနှင့် ရွှေ့ပြောင်းဒုက္ခသည်များ၏ ပြည့်စုံကောင်းမွန်ခြင်းမရှိသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို ဒီထက်ပို၍ လက်မခံနိုင်တော့ကြောင်း ယခုအချိန်သည် ပြောင်းလဲမှုပြုလုပ်ရန် အချိန်ဖြစ်သည်"ဟု ပါရီမြို့တော်ဝန်က ပြောသည်။

ပြင်သစ်နိုင်ငံမှ ဝန်ထမ်းများသည် ပြင်သစ်နိုင်ငံမြောက်ပိုင်းဒေသ၌ ဒုက္ခသည်စခန်းဆောက်လုပ်ရန် နေရာကောင်းများ ရှာဖွေလျက်ရှိရာ ပြင်သစ်နိုင်ငံမြောက်ပိုင်း Grand-Synthe စခန်းမှ အိမ်များကဲ့သို့ သစ်သားအိမ်များဆောက်လုပ်ရန်ရည်ရွယ်ထားကြောင်း ၎င်းကဆက်လက်ပြောသည်။

အရှေ့အလယ်ပိုင်းနှင့် အာဖရိကမှ ရွှေ့ပြောင်းဒုက္ခသည် ထောင်ပေါင်းများစွာတို့သည် စစ်ဘေးဒဏ်နှင့် ဆင်းရဲမှုတို့ကြောင့် နိုင်ငံအတွင်းမှ ထွက်ပြေးလာခဲ့ကြပြီး ဥရောပသို့ ဘဝသစ်စတင်ရန် ရောက်ရှိလာကြသည်။ ဒုက္ခသည်အချို့မှာ မြောက်ပိုင်းရှိ ကလာအစ်၌ နေထိုင်ကြပြီး အချို့မှာ လော်ရီကားများ၊ ရထားများဖြင့် ပိုမိုကောင်းမွန်သောဘဝရရှိရေး ဗြိတိန်နိုင်ငံသို့ ဆက်လက်ထွက်ခွာကြသည်။

ပြင်သစ်နိုင်ငံသည်လာမည့် နှစ်နှစ်ကျော်အတွင်း ဒုက္ခသည် ၃၀၀၀၀ ကို လက်ခံသွားမည်ဟု ကတိပြုထားသည်။

**(ဆင်ဟွာ)**

# အမေရိကန်ကျောထောက်နောက်ခံပြု ဆီးရီးယားတပ်ဖွဲ့များ မန်ဘစ်မြို့ကိုပြန်လည်သိမ်းပိုက်နိုင်ရေးထိုးစစ်ဆင်

**ဒမတ်စကတ် ဇွန် ၁**

ဆီးရီးယားရှိ အမေရိကန်ကျောထောက်နောက်ခံတပ်ဖွဲ့ဝင်များသည် ဆီးရီးယားမြောက်ပိုင်းရှိ အိုင်အက်စ်တို့ထိန်းချုပ်ထားသော မန်ဘစ်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ရေး ထိုးစစ်ဆင်တိုက်ခိုက်မှုများပြုလုပ်လျက်ရှိသည်ဟု အမေရိကန်ဘက်မှ ရိုက်တာသို့ ဖွင့်ဟပြောဆိုခဲ့သည်။

စစ်ဆင်ရေးကို အင်္ဂါနေ့ကစတင်ပြုလုပ်ခဲ့ပြီး သီတင်းပတ်များစွာကြာနိုင်ကြောင်း၊ ရည်ရွယ်ချက်မှာ တူရကီနယ်စပ်ရှိ ဆီးရီးယားပိုင်နယ်မြေများကို အိုက်အက်စ်တို့ထံမှ ပြန်လည်ရယူနိုင်ရေးဖြစ်သည်။ စစ်သွေးကြွများသည် ယင်းနေရာကို နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများ ဥရောပသို့ အဝင်အထွက်ပြုလုပ်နိုင်ရေးအတွက် ထောက်ပံ့ရေးစခန်းအဖြစ် ကာလကြာရှည်အသုံးပြုခဲ့သည်။

"ဥရောပကိုဝင်ရောက်ဖို့ ဒီနေရာက နောက်ဆုံးမလွယ်ပေါက်ဘဲ" ဟု အမေရိကန် စစ်ဘက်အရာရှိများက ပြောသည်။

အမေရိကန် အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင် အနည်းငယ်သည် မြေပြင်ထိုးစစ်ဆင်တိုက်ခိုက်မှုအတွက် အကြံဉာဏ်များပေးခြင်း၊ ထောက်ပံ့မှုများပေးခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း စစ်ရေးအခြေအနေများနှင့်ပတ်သက်၍ အခြေအနေများကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြောသည်။

"စစ်ဆင်ရေးပြီးမြောက်ဖို့အတွက် ဆီးရီးယားတပ်ဖွဲ့ဝင်တွေနဲ့နီးနီးကပ်ကပ်ရှိနေဖို့လိုတယ်။ ဒါပေမယ့်သူတို့ကတိုက်ရိုက်တော့ ဆက်သွယ်တိုက်ခိုက်မှာမဟုတ်ဘူး" ဟု ၎င်းတို့ကဆိုသည်။ စစ်ဆင်ရေးသည်တူရကီ နယ်စပ်တစ်လျှောက်၌ မြေပြင်တိုက်ခိုက်မှုများနှင့်အတူ အမေရိကန်ဦးဆောင်သွန့်ပေါင်းအဖွဲ့ လေကြောင်းတိုက်ခိုက်မှုများလည်း ထောက်ပံ့ပေးထားကြောင်း သိရသည်။

**(ရိုက်တာ)**



# တပ်ကုန်းမြို့၌ ထိန်းသိမ်းခံရသည့် စစ်ကိုင်းစက်မှုဇုန်မှ အလုပ်သမားအချို့အား စစ်ကိုင်းမြို့သို့ ဒုတိယအကြိမ် လာရောက်လွှဲပြောင်းပေးအပ်

**စစ်ကိုင်း ဇွန် ၁**

တပ်ကုန်းမြို့၌ ထိန်းသိမ်းခံထားရသည့် ချီတက်ဆန္ဒဖော်ထုတ်ခဲ့သော စစ်ကိုင်း ပတ္တမြားစက်မှုဇုန်မှ အလုပ်သမားအချို့ကို တပ်ကုန်းမြို့နယ်တရားရုံးက အမှုနှင့် သက်ဆိုင်ခြင်းမရှိသူ ၃၆ ဦးအား တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက မေ ၃၁ ရက် ညနေ ၅ နာရီခွဲက စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန် ရှင်းလင်းဆောင်၌ ဒုတိယအကြိမ် လာရောက်လွှဲပြောင်း အပ်နှံပေးခဲ့ကြောင်း သိရသည်။

လွှဲပြောင်းပေးအပ်ရာတွင် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးမင်းမွန်ဇံက 2E-2315 မှန်လုံယာဉ်ဖြင့် ထိန်းသိမ်းခံ ဆန္ဒဖော်ထုတ် အလုပ်သမားအချို့မှ အမှုနှင့်သက်ဆိုင်ခြင်းမရှိသည့် အလုပ်သမား၃၆ ဦးကို စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်သို့ လာရောက်လွှဲပြောင်းအပ်နှံပေးအပ်ရာ စစ်ကိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညို၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စန်းဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဉာဏ်သောင်းနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ ဒေါ်ကြိုင်ကြိုင်အေးတို့က လွှဲပြောင်းလက်ခံခဲ့ကြသည်။

ထို့နောက် စက်မှုဇုန်ရှင်းလင်းဆောင်၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဌာနဆိုင်ရာများ၊ စက်မှုဇုန်ဥက္ကဋ္ဌ၊ မြို့နယ်အလုပ်ခွင် အလုပ်သမားညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များနှင့် အဆိုပါအလုပ်သမား ၃၆ ဦးအား စက်မှုဇုန်ရှင်းလင်းဆောင်၌တွေ့ဆုံ၍ **(ယာပုံ)**သက်ဆိုင်ရာ တာဝန်ရှိသူများက အလုပ်သမားများရပိုင်ခွင့်ရှိသည့် အလုပ်ထုတ်နစ်နာကြေး၊ နို့တစ်ကြေးများကိုထုတ်ပေးမည့် အခြေအနေနှင့် နယ်မြေဒေသများသို့ ပို့ဆောင်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားရာ ထုတ်ပေးမည့်အလုပ်ထုတ် နစ်နာကြေးနှင့် နို့တစ်ကြေးများ ရယူလိုခြင်းမရှိကြောင်း တရားလွှတ်တော်ချုပ်ရုံးသို့ စာချွန်တော်အား လျှောက်ထားဆဲဖြစ်ပါကြောင်း၊ လူမှုဖူလုံရေးကြေးပေးသွင်းထားသည်များကို ပြန်လည်ရယူလိုကြောင်းတင်ပြခဲ့ရာ လူမှုဖူလုံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက လူမှုဖူလုံရေးဆိုင်ရာ ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ နိုင်ငံတော်သို့ ပေးသွင်းပြီးဖြစ်သည့် လူမှုဖူလုံရေးကြေးအား ထုတ်ယူခွင့်မရှိကြောင်းကိုလည်းကောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့သဖြင့် ည ၇ နာရီတွင် ၎င်းတို့နေထိုင်ရာနေအိမ်အသီးသီးသို့ အေးချမ်းစွာ ပြန်လည်ထွက်ခွာသွားကြကြောင်း သိရသည်။

**မျိုးဝင်း (စစ်ကိုင်း)**





# ထိန်းသိမ်းခံဆန္ဒပြအလုပ်သမား ၅၁ ဦးအနက် ၃၆ ဦးအား ပြန်လည်လွှတ်ပေးပြီး ကျန် ၁၅ ဦးကို တပ်ကုန်းမြို့နယ်တရားရုံး၌ ရုံးတင်တရားစွဲဆို

**တပ်ကုန်း ဇွန် ၁**

စစ်ကိုင်းမြို့ပတ္တမြားစက်မှုဇုန် Myanmar Veneer and Ply wood ကုမ္ပဏီလီမိတက် သစ်အချောထည်နှင့် သစ်ပါးလွှာစက်ရုံမှ ဆန္ဒပြအလုပ်သမားအဖွဲ့ နေပြည်တော်သို့ လမ်းလျှောက်ချီတက်ဆန္ဒပြခဲ့ကြရာ မေ ၁၈ ရက် ညနေပိုင်းက တပ်ကုန်းမြို့နယ်အဝင်၌ ဆန္ဒပြအလုပ်သမား ၅၁ ဦး ထိန်းသိမ်းခံခဲ့ရပြီး ၃၆ ဦးကို တပ်ကုန်းမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၉ ဖြင့် ထောင်လွှတ်မိန့်ပေးခဲ့၍ ၎င်း ၃၆ ဦးအား မေ ၃၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရမည်းသင်းဗဟိုအကျဉ်းထောင်မှ လွှတ်ပေးလိုက်ပြီးဖြစ်သည်။

အဆိုပါအဖွဲ့မှ ကျန်ရှိသည့် ကိုခိုင်မင်းပါ ၁၅ ဦးအား ဇွန် ၁ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် တပ်ကုန်းမြို့နယ်တရားရုံး၌ ရုံးထုတ်စစ်ဆေးကာ **(ဓါတ်ပုံ)** ပြစ်မှုကြီးအမှတ် (၂၂၁/၂၀၁၆)ဖြင့် လက်ခံပြီး တရားလိုစစ်ဆေးရန်အတွက် ဇွန် ၁၅ ရက်သို့ ချိန်းဆိုလိုက်ကြောင်း သိရသည်။

**တင်ထွန်းတာ**

# ပုဏ္ဏားကျွန်း တောဖျားချောင်း၌ ကျောင်းကြို/ပို့ စက်လှေတိမ်းမှောက်၊ ခုနစ်ဦးပျောက်ဆုံး

**ပုဏ္ဏားကျွန်း ဇွန် ၁**

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ပိုးရွှိပြင်ကျေးရွာ အထကသို့ နေ့ချင်းပြန်ကျောင်းတက်ပြီး ရွာသို့ပြန်လာသော ကျောင်းသား ကျောင်းသူ ၃၅ ဦးအား တင်ဆောင်လာသည့် စက်လှေသည် ဇွန် ၁ ရက်က တောဖျားချောင်းထဲ၌ တိမ်းမှောက်သွားခဲ့ရာ ကျောင်းသား ကျောင်းသူခုနစ်ဦးပျောက်ဆုံးနေကြောင်း ပိုးရွှိပြင်ကျေးရွာ အုပ်ချုပ်ရေးမှူး၏ပြောပြချက်များအရ သိရသည်။

စက်လှေပေါ်လိုက်ပါလာသူများမှာ ပိုးရွှိပြင်ကျေးရွာအရှေ့ဘက် တောဖျားချောင်း တစ်ဖက်ကမ်းရှိ ရဟတ်တောင်ကျေးရွာနှင့် ရခိုင်ဂန့်ဂါကျေးရွာတို့မှ ကျောင်းသား ကျောင်းသူများဖြစ်ပြီး စက်လှေတိမ်းမှောက်ရာတွင် ရခိုင်ဂန့်ဂါကျေးရွာမှ သတ္တမတန်း ကျောင်းသူ သုံးဦး၊ အဋ္ဌမတန်းကျောင်းသူ သုံးဦးနှင့် အဋ္ဌမတန်းကျောင်းသားတစ်ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

သတင်းရရှိလျှင်ရရှိချင်း မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများသည် အခင်းဖြစ်ရာနေရာသို့ သွားရောက်ကာ ဒေသခံလူငယ်အဖွဲ့များနှင့်ပူးပေါင်းပြီး ပျောက်ဆုံးနေသူများကို လိုက်လံရှာဖွေလျက်ရှိကြောင်း၊ အသက်ရှင်ကျန်ရစ်သူ ၂၈ ဦးကို မိဘများထံ ပို့ဆောင်နိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ဖြစ်စဉ်နှင့်ပတ်သက်၍ ပုဏ္ဏားကျွန်းမြို့မရဲစခန်းက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို)**


## "ညှိနှိုင်းဈေးနှုန်းဖြင့် တိုက်ခန်းများ အမြန်ရောင်းမည်"

-ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ ၁၅'x၅၅'ပေ အဆင့်မြင့်ပြင်ဆင်ပြီး၊ မြေညီထပ်၊ ဈေးဆိုင်ဖွင့် ရန်ကောင်း

-သဃ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်၊ အပိုင်း(၅)၊ ငမိုးရိပ်(၃)လမ်း၊ တိုက်အမှတ်-၇၀၈ ၊ ၁၂'ခွဲx၅၀'ပေ မြေညီထပ်၊ အဆင့် မြင့်ပြင်ဆင်ပြီး၊ လူနေခွင့်ကျပြီး

-အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်ချက် စက်လမ်း၊ မုဒိတာအိမ်ရာ-၂၊ တိုက်(B)၊ အခန်း အမှတ်-942၊ ၁၅'x၄၀'ပေ၊ ကွန်ဒိုတိုက်ခန်း၊ ဓါတ်လှေကားပါ။

ဖုန်း ၀၉၅၀၀၀၆၇၃၊ ၀၉၅၁၅၁၅၇၆၊၀၉၅၀၁၅၆၄၇

## ရောင်းမည်

(၁) သန်လျင်၊ အောင်ချမ်းသာ (၁)ရပ်ကွက်၊ ပေ(၁၂၀×၁၈၀) မြေအကျယ် ရေ၊ မီး၊ ဂရန် အမည်ပေါက် သိန်း ၂၆၀၀ ညှိနှိုင်း

(၂) စမ်းချောင်း၊ ဓမ္မိကဝတီလမ်း၊ မြေကွက်ပေ(၂၀×၅၀)အကျယ် သိန်း ၁၅၀၀ ညှိနှိုင်း

(၃) စက်တွင်းလမ်း၊ အလုံမြို့နယ် မြေညီထပ်၊ ပေ(၂၂×၄၅)၊ သိန်း ၁၁၀၀ ညှိနှိုင်း

(၄) ဗိုလ်ကလေးဈေးလမ်း၊ ပထမထပ်၊ ပေ(၂၅×၆၀)အကျယ်၊ တိုက်ခန်းအငှား ၁၀သိန်း

**ဆက်သွယ်ရန်ဖုန်း-၀၁-၅၈၀၉၁၀၊ ၀၉-၄၀၀၄၄၃၉၉၊ ၀၉-၄၂၀၀၉၃၉၉၄**

## ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ ပျော်ဘွယ်စံပြ အထက(ခွဲ)ပဉ္စမတန်းမှ မကေသီဦး၏ ဖခင်ဦးဆယ်တင် ၉/မခန(နိုင်)၁၆၈၁၆၀ နှင့် ဦးဆယ်မှာ တစ်ဦးတည်းဖြစ်ပါသည်။

## ဖခင်အမည်မှန်

ဘုတ်ပြင်းမြို့နယ်၊ လေညာ (အထက)၊ တတိယတန်း(A)မှ မဆုအိမ်စည်၏ ဖခင် အမည်မှန်မှာ ဦးနေထွန်းလင်း ၉/စကတ(နိုင်)၀၆၅၅၅၀ ဖြစ်ပါသည်။ **ဦးနေထွန်းလင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/5164 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/6556 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဝန်ထမ်းအလိုရှိသည်

- Steel Structure, သံပန်းသံတံခါး၊ စတီးလုပ်ငန်း ကျွမ်းကျင်ဝန်ထမ်း အလိုရှိသည်။
- CV Form, ရဲစခန်းထောက်ခံစာနှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၄၂၀၃၀၁၀၉၁**

## ဖခင်အမည်မှန်

မြင်းခြံမြို့ အထက (၃) အဋ္ဌမတန်းမှ မဇင်မွန်သက်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦး ဖြစ်ပါသည်။

## အမည်ပြောင်း

မြန်အောင်မြို့ အထက(ခွဲ) ရေနံမြေ နဝမတန်းမှ ဦးအောင်သူရဝင်း-ဒေါ်ကျော့ကျော့ခိုင်တို့၏သား မောင်အောင်ကျော်ဇေအား မောင်ရှိုင်းထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ရှိုင်းထက်အောင်**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မုရစ်ကလေးကျေးရွာအုပ်စု၊ ရပ်ကွက်(၁၃)၊ အထက (မုရစ်ကလေး)၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်စိုးထက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးငွေတိုး ၁၀/ခဆန(နိုင်)၁၃၉၈၅၀ ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၂၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၈)ပါ ဦးညီညီထက်အောင်သန်း (ခ)ဦးထက်နိုင်လင်း ၉/မရမ(နိုင်)၀၉၀၀၅၇ နှင့် အများသိစေရန် ကြေညာချက်ခေါင်းစဉ်ပါ စာကြောင်းရေသုံးကြောင်းမြောက်ရှိ DSA အပတ်စဉ်(၄၇)အစား DSAအပတ်စဉ်(၄၄) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/4120 Daihatsu Hijet Van (4x2)Rယာဉ်လက်ဝယ်ရှိသူ ဒေါ်မိမိခိုင် ၁၂/တမန(နိုင်)၀၂၈၄၈၀က (ကမ-၃)ပျောက်ဆုံးသွားပါသဖြင့် မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် လမ်း/တံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ သာသနာရေးလုပ်ငန်းများ အောက်ပါအတိုင်း မြို့နယ်အလိုက်ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီလုပ်ငန်းရှင်များသည် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

| စဉ် | လုပ်ငန်းအမည် | | မြို့နယ် |
|---|---|---|---|
| (က) | မြေလမ်း | (၁၆/၆)မိုင် | မော်လိုက်၊ဖောင်းပြင်၊လဟယ် |
| (ခ) | ကျောက်လမ်း | (၁၁/၆)မိုင် | ဟုမ္မလင်း၊ကလေးဝ၊မင်းကင်း၊ ဗန်းမောက်၊ လဟယ် |
| (ဂ) | ကွန်ကရစ်လမ်း | (၃/၁)မိုင် | ခန္တီး၊ ဟုမ္မလင်း၊ မင်းကင်း၊ မော်လိုက်၊ ဖောင်းပြင် |
| (ဃ) | သံကူကွန်ကရစ်တံတား | (၁၀၆၄)ပေ | ခန္တီး၊ဟုမ္မလင်း၊တမူး၊ကလေးဝ၊ ဗန်းမောက်၊ ပင်လည်ဘူး၊ ဖောင်းပြင်၊ လဟယ် |
| (င) | Box Culvert | (၂၃)စင်း | ခမ်းပါတ်၊ ပင်လည်ဘူး၊ ဖောင်းပြင်၊ လေရှီး၊ နန်းယွန်း |
| (စ) | ရေပြွန်/Pipe Culvert | (၆၉)ခု | ဗန်းမောက်၊ နန်းယွန်း၊ လေရှီး၊ လဟယ် |
| (ဆ) | လမ်းဘေးရေနုတ်မြောင်း | (၃၄၂၀)ပေ | ဖောင်းပြင် |
| (ဇ) | သံမဏိကြိုးတံတား | (၅၉၀)ပေ | ဟုမ္မလင်း၊ကလေးဝ |
| (ဈ) | သစ်သားတံတား | (၉၀)ပေ | ကလေးဝ |
| (ည) | ရေရရှိရေးလုပ်ငန်း | (၁၀)ခု | တမူး၊ ခမ်းပါတ်၊ဖောင်းပြင်၊လေရှီး၊ နန်းယွန်း |
| (ဋ) | ဓာတ်အားပေးစက် | (၁)ခု | ခမ်းပါတ် |
| (ဌ) | ဆိုလာ | (၄၆၅)စုံ | ဟုမ္မလင်း၊ လဟယ်၊ နန်းယွန်း |
| (ဍ) | သာသနာရေးလုပ်ငန်း | (၅)ခု | ဟုမ္မလင်း၊ တမူး၊ ကလေး |
| (ဎ) | ချောင်းကျောက်ခင်းခြင်း | (၃၈/၇)မိုင် | တမူး၊ခမ်းပါတ်၊ကလေး၊ကလေးဝ |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၂-၆-၂၀၁၆ ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတွင် ရယူ၍ အောက်ပါအစီအစဉ်အတိုင်း လျှောက်ထားနိုင်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၂-၇-၂၀၁၆ ရက် ၁၆:၀၀ နာရီ

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မုံရွာမြို့

၃။ သတ်မှတ်ရက်/အချိန်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဖုန်း-၀၇၁-၂၂၆၉၉၊ ၀၇၁-၂၃၁၈၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

# ဖွံ့ဖြိုးမှုနှင့် သင်ယူမှုနယ်ပယ်များဖြင့် သင်ရိုးသစ်ပြောင်းလဲလိုက်သော KG (သူငယ်တန်း)စနစ်သစ် ယနေ့စတင်

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်**

**ရန်ကုန် ဇွန် ၁**

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်ကတည်းက အနာဂတ်မျိုးဆက်သစ်များ ဘက်ပေါင်းစုံ ဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးမှုနှင့် သင်ယူမှုနယ်ပယ်များကို ရည်ရွယ်ရေးဆွဲခဲ့သော သူငယ်တန်းသင်ရိုးသစ် KG (Kinder Garten)ကို ယနေ့ နိုင်ငံတစ်ဝန်း အခြေခံပညာ ထက်၊ လယ်၊ မူ ကျောင်းများတွင် ကလေးသူငယ်များ စတင်သင်ကြားခွင့်ရပြီးဖြစ်သည်။

"ဒီနှစ်ပြောင်းလဲလိုက်တဲ့ သူငယ်တန်းသင်ရိုးသစ် KG တန်းနဲ့ပတ်သက်လို့တော့ ဆရာကြီးအနေနဲ့ပြောရရင်သဘောကျပါတယ်။ ဒီသင်ရိုးမှာက ကလေးတွေကိုယ်တိုင် ထိုးထွင်းပြီးတော့ ကြံဆတတ်လာအောင် ပြင်ဆင်ထားပြီး အရင်ကလို ရေးတာဖတ်တာတွေနဲ့အချိန်မကုန်တော့ဘဲ ပန်းချီဆွဲတာ၊ ကဗျာရွတ်တာတွေအပြင် ဆရာ၊ ဆရာမတွေရဲ့ပုံပြောတာကအစ သင်ရိုးထဲမှာ ထည့်ထားပါတယ်။ နောက်တစ်ခုက သင်ကြားနည်း အောင်မြင်ထိရောက်ဖို့ အတန်းတစ်တန်းမှာ ၃၅ နဲ့ ၄၀ ဦးလောက်ဆိုဆီလျော်တယ်။ ဒီထက်ပိုပြီးတော့ ၂၀ နဲ့ ၂၅ ဦး လောက်ဆို ပိုပြီးတော့ ထိရောက်မယ်လို့မြင်ပါတယ်"ဟု ဒဂုံအထက (၁)မှ ကျောင်းအုပ် ကြီး ဦးအောင်ကိုကို က ယခုနှစ်ပညာသင်နှစ်တွင် သူငယ်တန်း သင်ရိုးသစ်စတင်ပြောင်းလဲမှုအပေါ် ပြောကြားသည်။




ပညာရေးဝန်ကြီးဌာနမှ KG တန်းများအတွက် ကူညီထောက်ပံ့သော ကစ်ဘောက်စ်နှင့် ကစားစရာလေးများ

ရန်ကုန်ဒဂုံအထက(၁)သည် သင်ကြားမှုအပိုင်း၊ စည်းကမ်းပိုင်း၊ စာရိတ္တပိုင်းကအစ ရန်ကုန်မြို့ နာမည်ကျောင်းကြီးများတွင် တစ်ကျောင်းအပါအဝင်ဖြစ်ပြီး ယခုနှစ် သင်ရိုးသစ်အဖြစ်ပြောင်းလဲလိုက်သော KG တန်းတွင် တစ်ခန်းလျှင် သတ်မှတ်ဦးရေ ၄၅ ဦးနှင့်အညီ လက်ခံပေးလျက်ရှိသည်။ ယခုလက်ရှိ ဒဂုံအထက(၁)တွင် သင်ရိုးသစ် KG တန်းသို့ တက်ရောက်မည့် ကလေးစုစုပေါင်း ၄၉၅ ဦးအထိ လက်ခံထားကြောင်း သိရသည်။

သင်ရိုးညွှန်းတမ်းပြောင်းလဲလိုက်သော KG (သူငယ်တန်း)နှင့်ပတ်သက်၍ ဒဂုံအလက(၁) မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စီစီလွင်ကလည်း "ကလေးတွေပျော်အောင် မူကြိုပုံစံနဲ့စတော့ကောင်းပါတယ်။ သဘောကျပါတယ်။ ဒီမှာကတော့ အရင်နှစ်ကထက် တစ်ခန်းစာလောက်များပါတယ်။ အရင်နှစ်ကဆို ခြောက်ခန်းပဲရှိတာ ဒီနှစ်တော့ ခုနစ်ခန်းအထိ ဖြစ်လာတယ်။ ဒီပြောင်းလဲလိုက်တဲ့သင်ရိုးညွှန်းတမ်းအပေါ်ကို ဆရာ ဆရာမတွေ အပါအဝင် မိဘတွေကလည်း သဘောကျနှစ်သက်ကြပါတယ်"ဟု ဆိုသည်။

ဒဂုံ အလက(၁)တွင် ယခင်နှစ်က သူငယ်တန်း ခြောက်ခန်းသာ ရှိသော်လည်း ယခုနှစ်တွင် ခုနစ်ခန်းအထိ တိုးလာကြောင်း သိရသည်။ ကွာခြားမှုတစ်ခုမှာ ယခင်သူငယ်တန်းများတွင် သတ်မှတ်ဦးရေ ညွှန်ကြားထားမှုမရှိဘဲ ယခုနှစ်တွင်မှ KG (သူငယ်တန်း) တစ်တန်းကို ၄၅ ဦးထက်မပိုစေရန် ပညာရေးဝန်ကြီးဌာနက ညွှန်ကြားထားကြောင်း သိရသည်။ ဒဂုံ အလက (၁) တွင် ယခုသင်ရိုးသစ် KG တန်း၌ စုစုပေါင်း ကျောင်းသားဦး ရေ ၃၁၅ဦးကို အခန်း ခုနစ်ခန်းတွင် ဆရာ ဆရာမ ၁၀ ဦးက သင်ကြားပေးသွားမည်ဖြစ်သည်။

"ဒီနှစ်KG တန်း သင်ရိုးသစ်ပြောင်းတဲ့အခါမှာ ကျွန်မကျောင်းအနေနဲ့ ၃၅ ဦး ဝင်ဆံ့မယ်လို့ အထက်ကိုတင်ပြခဲ့ပါတယ်။ ဒါပေမယ့် ခုဆိုရင်စုစုပေါင်း ၄၄ ဦးအထိ လက်ခံထားပါတယ်။ သူငယ်တန်း သင်ရိုးသစ်ပြောင်းလိုက်တဲ့အတွက် ကောင်းပါတယ်။ ဒီသင်ရိုးမှာ တချို့မိဘတွေက ထင်ကြတယ် ဗျည်းတချို့ကို ဖြုတ်ခဲ့တယ်လို့၊ မဟုတ်ပါဘူး။ အရွတ်၊ အဖတ်မှာတော့ အားလုံးပါသွားမှာပါ။ အရေးမှာသာ တချို့ခက်ခဲတဲ့စာလုံးလေးတွေကို နောက်နှစ်သင်ခန်းစာမှာ လွယ်ကူအောင်ဆိုပြီး ထည့်သွင်းထားပါတယ်။ ဒီ KG တန်းမှာ နယ်ပယ်ခြောက်ခုနဲ့ သင်တန်းမှာ ပို့ချထားတဲ့အတိုင်း သင်ပြပေးသွားမှာဖြစ်ပါတယ်" ဟု ဗဟန်း အမက(၁)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူခိုင်က ပြောသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ်တွင် သင်ရိုးသစ်အဖြစ် ပြောင်းလဲလိုက်သောKG (သူငယ်တန်း) သင်ရိုးသစ်တွင် သင်ယူမှုနယ်ပယ်ခြောက်ခုနှင့် ဖွံ့ဖြိုးမှုငါးရပ်တို့ဖြင့် ဦးစားပေးသင်ယူသွားမည်ဖြစ်သည်။ သင်ယူမှုနယ်ပယ်ခြောက်ခုမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း၊ စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း၊ အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း၊ သင်္ချာအခြေခံများကို စူးစမ်းလေ့လာခြင်း၊ အနုပညာ ရသခံစားခြင်းနှင့် ဖန်တီးခြင်း၊ ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်း တို့ဖြစ်သည်။ အလားတူ ဖွံ့ဖြိုးမှု ငါးရပ်မှာလည်း ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၊ လူမှုဆက်ဆံရေးဆိုင်ရာ ဖွံ့ဖြိုးမှု၊ စာရိတ္တပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် အသိဉာဏ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတို့ကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

---

❖ *ကျော့ဖုံးမှ*

အဆိုပါနေ့က အုပ်ဖိုကန်ဆည်၏ တာပေါင်တွင်လည်း အရှည်ပေ ၃၀ တစ်ပိုင်းနှင့် အရှည်ပေ ၅၀ တစ်ပိုင်း နှစ်ပိုင်းကျိုးပြတ်ခဲ့သည်။ အုပ်ဖိုကန်ဆည်သည်လည်း လယ်မြေဧက ၂၀၀ကို ရေပေးဝေနိုင်သည့် ဆည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အုပ်ဖိုကန်၊ ကျင်းရွာ၊ တောင်ကုန်း၊ ယာကြီးတောကျေးရွာများမှ အသုံးပြုနေသော အများသုံးသောက်ရေကန်တစ်ခု ထူးပေါက်သွားခဲ့သဖြင့် ဒေသခံရွာသူရွာသားများ စုပေါင်းပြန်လည်ပိတ်ဆို့ခဲ့ကြသည်။

ဆည်များကျိုးပေါက်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးချစ်မင်းသိန်းနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

---

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ကျင်းပ

**ပြည် ဇွန် ၁**

စိတ်ကိုပြောင်းလဲစေတတ်သော မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရန် ဟူသော ရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ခရိုင်ရုံး၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကိုမေ ၃၀ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်ခရိုင်မူးယစ်တပ်စု(၃၇) ဒုရဲမှူး ရွှေသာထွန်းနှင့် ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မူမူတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အခမ်းအနားသို့ တက်ရောက်လာသောဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဒုရဲမှူးနှင့် ခရိုင်ဦးစီးအရာရှိတို့က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



---

# မန္တလေးတိုင်းဒေသကြီးတွင် ဝန်ထမ်းအိမ်ရာအခန်း ၄၀၀ ကျော် တည်ဆောက်ပေးမည်

**မန္တလေး ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်း ဝန်ထမ်းအိမ်ရာအလုံးပေါင်း ၃၄ လုံး၊ တိုက်ခန်းပေါင်း ၄၂၈ ခန်းအား တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝန်ထမ်းအိမ်ရာများအား တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသောဝန်ထမ်းများ ဘဝလုံခြုံစိတ်ချစွာ နေထိုင်နိုင်စေရန် ယခုဘတ်ဂျက်တွင် ငွေကျပ်သိန်းပေါင်း ၆၇၈၆၀ သုံးစွဲကာ တည်ဆောက်ပေးမည်ဖြစ်ပြီး ဇွန် ၁ ရက်တွင် တင်ဒါခေါ်ယူကာ တာဝန်ယူဆောက်လုပ်မည့်လုပ်ငန်းစဉ်များအား ရွေးချယ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ပြောကြားသည်။

"သတ်မှတ်ထားတဲ့ တင်ဒါစည်းကမ်းချက်တွေနဲ့အညီ လက်ခံဆောင်ရွက်နေပြီး ရွေးချယ်တဲ့အခါမှာတော့ သတ်မှတ်ချက်တွေနဲ့ပြည့်စုံတဲ့ လုပ်ငန်းရှင်တွေကို ရွေးချယ်ပြီး ဆောက်လုပ်ခိုင်းမှာပါ။ အဓိကအနေနဲ့လုပ်ငန်းရှင်လည်း အကျိုးရှိပြီး အရည်အသွေးကောင်းမွန်ခိုင်ခံ့တဲ့ အဆောက်အအုံတွေဖြစ်ဖို့ သတ်မှတ်ချက်တွေနဲ့ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမှာပါ"ဟု ၎င်းကဆိုသည်။

ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးမည့် မြို့နယ်များအနက် အောင်မြေသာစံမြို့နယ်တွင် လေးခန်းတွဲ လေးထပ်သုံးလုံး၊ ချမ်းမြသာစည်မြို့နယ်တွင် လေးခန်းတွဲ လေးထပ် တစ်လုံး၊ ကျောက်ဆည်မြို့နယ်တွင် လေးခန်းတွဲ သုံးထပ် လေးလုံး၊ မြင်းခြံမြို့နယ်တွင် လေးခန်းတွဲ လေးထပ်တစ်လုံးနှင့် လေးခန်းတွဲ သုံးထပ်တစ်လုံး၊ တောင်သာမြို့နယ်တွင် လေးခန်းတွဲ သုံးထပ်နှစ်လုံး၊ နွားထိုးကြီးမြို့နယ်တွင် လေးခန်းတွဲ သုံးထပ် နှစ်လုံး၊ မိတ္ထီလာမြို့နယ်တွင် လေးခန်းတွဲ သုံးထပ်နှစ်လုံး၊ ဝမ်းတွင်းမြို့နယ်တွင် လေးခန်းတွဲ သုံးထပ် နှစ်လုံး၊ မလှိုင်မြို့နယ်တွင် လေးခန်းတွဲ သုံးထပ်နှစ်လုံး၊ သာစည်မြို့နယ်တွင် လေးခန်းတွဲ သုံးထပ် နှစ်လုံး၊ ရမည်းသင်းမြို့နယ်တွင် လေးခန်းတွဲ သုံးထပ် သုံးလုံး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် လေးခန်းတွဲ သုံးထပ်နှစ်လုံး၊ပြင်ဦးလွင်မြို့နယ်တွင် လေးခန်းတွဲ သုံးထပ် သုံးလုံး၊ မိုးကုတ်မြို့နယ်တွင် လေးခန်းတွဲ သုံးထပ် နှစ်လုံးနှင့် သပိတ်ကျင်းမြို့နယ်တွင် လေးခန်းတွဲ သုံးထပ် နှစ်လုံး အသီးသီး တည်ဆောက်ပေးမည်ဖြစ်သည်။

အဆိုပါဌာနမှ ယခုဘဏ္ဍာနှစ်တွင် လက်ရှိဝန်ထမ်းများသာမက အငြိမ်းစားဝန်ထမ်းများနှင့် အခြေခံလူတန်းစားများ နေထိုင်ရန်အတွက်လည်း အိမ်ရာများ ဆောက်လုပ်ရန် အစီအစဉ်ရှိသော်လည်း မြေနေရာ အခက်အခဲရှိနေခြင်းကြောင့် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တာဝန်ရှိသူများအနေဖြင့် မိမိတို့မြို့နယ်အတွင်းရှိ ဝန်ထမ်းများ နေရေးအတွက် ပူပင်မှုမရှိစေရန် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ပူးပေါင်းပြီး မြေရရှိရေးအတွက်ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

**အောင်ရဲသွင်**

---

# ယခုနှစ် ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၃၁ ဘီလီယံအထိ ရောက်ရှိရန် မျှော်မှန်း

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇွန် ၁**

ယခု ၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုတန်ဖိုးငွေ ဒေါ်လာ ၃၁ ဘီလီယံအထိ ရောက်ရှိရန် မျှော်မှန်းထားကြောင်း ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောကြားသည်။

ရန်ကုန်မြို့ UMFCCI ခန်းမ၌ ကျင်းပသော အွန်လိုင်းအပြည့်အဝ အသုံးပြု ပို့ကုန်သွင်းကုန် လိုင်စင်စနစ် အလုပ်ရုံဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူးချုပ်က အထက်ပါအတိုင်း ပြောခြင်းဖြစ်သည်။ "ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှုပမာဏ တိုးမြှင့်ရေးအတွက် အလားအလာရှိတဲ့ ပို့ကုန်တွေ တိုးမြှင့်ပို့ဆောင်ဖို့ လုပ်နေပါတယ်။ နယ်စပ်ဂိတ်တွေကသာမက ပင်လယ်ရေကြောင်းကပါ ပို့ကုန်တွေ မြှင့်တင်သွားဖို့ လုပ်ဆောင်နေတာပါ။ အခြားကုန်သွယ်ဘက် နိုင်ငံတွေနဲ့လည်း ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေးမှုတွေ ပြုလုပ်လျက်ရှိပါတယ်"ဟု ဦးရန်နိုင်ထွန်းက ပြောသည်။

မြန်မာနိုင်ငံ၏ကုန်သွယ်မှုပမာဏမှာ ယမန်နှစ်က အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံဖိုးရှိပြီး ၄င်းနှစ်မတိုင်မီ အရင်တစ်နှစ်က ဒေါ်လာ ၂၉ ဘီလီယံအထိ မြင့်တက်ခဲ့ကြောင်း သိရသည်။ ယခုနှစ်တွင် အလားအလာရှိသော ပို့ကုန်များ မြှင့်တင်ရေးကြိုးပမ်းလျက်ရှိရာ အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံဖိုးအထိ တိုးတက်ရရှိရန် ခန့်မှန်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံက အလားအလာရှိသော ပို့ကုန်များအဖြစ် ကွမ်းသီး၊ နှမ်း၊ ဝါဂွမ်း၊ သကြားအစရှိသော ပို့ကုန်များ တိုးမြှင့်တင်ပို့လျက်ရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် အလားအလာရှိသော ပို့ကုန်များတွင် သကြားမှာ တင်ပို့မှု အများဆုံးဖြစ်ပြီး ယမန်နှစ် ဩဂုတ်လပိုင်းမှ တင်ပို့မှု ခွင့်ပြုချိန်မှစပြီး တန်ချိန်တစ်သန်းအထိ တင်ပို့နိုင်ပြီဖြစ်ကြောင်း သိရသည်။ ကုန်သွယ်မှုမြှင့်တင်ရာတွင် ပြည်ပနိုင်ငံများ၏ လိုအပ်ချက်နှင့် မြန်မာနိုင်ငံမှ ပို့ကုန်များ ထုတ်လုပ်တင်ပို့နိုင်မှုအပေါ်တွင် အခြေခံကြောင်း၊ ဈေးကွက်ရှိပြီး ကုန်ထုတ်လုပ်မှုလည်း ကောင်းရန်လိုကြောင်း သိရသည်။ သို့ရာတွင် ပို့ကုန်နှင့်သွင်းကုန် နှိုင်းယှဉ်ရာတွင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အလျောက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကဲ့သို့ ကုန်ပစ္စည်းများကိုတင်သွင်းနေရ၍ သွင်းကုန်ပမာဏမှာ ဆက်လက်မြင့်မားနေဦးမည်ဖြစ်ကြောင်း သိရသည်။



## ဈေးအတွင်းအထည်ဆိုင်မှ ငွေအိတ်ခိုးယူသူကို ဖမ်းမိ

**မြဝတီ ဇွန် ၁**

ကရင်ပြည်နယ် မြဝတီမြို့အမှတ်(၄)ရပ်ကွက်ရှိ ဘုရင့်နောင်ဈေးကြီးတွင် ခါးပိုက်နှိုက်မှုများဖြစ်ပွားကြောင်း သတင်းအရ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်မြတ်စိုးလင်းနှင့် တပ်ဖွဲ့ဝင်များ၊ ဈေးခေါင်းဦးမျိုးဇော်ဦးနှင့်အဖွဲ့ဝင်များ ပူးပေါင်း၍ အရပ်သက်သေများနှင့်အတူ မေ ၃၁ ရက်က လှည့်ကင်းဆောင်ရွက်နေစဉ် အထည်ဆိုင်တစ်ဆိုင်မှ ငွေများထည့်၍ချိတ်ထားသော ဘေးလွယ်အိတ်တစ်လုံးကို ခိုးယူထွက်ပြေးသည့် အမျိုးသမီးတစ်ဦးအား ဖမ်းမိခဲ့ကြောင်း သိရသည်။ ဖမ်းဆီးရမိသူမှာ မထွေးလေး(ခ) ပဲလှော်(၂၈ နှစ်)ဖြစ်ပြီး ၄င်းအား မြဝတီမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

## အရက်သောက်ပြီး မောင်းလာသောဆိုင်ကယ် တိမ်းမှောက်

**ဘားအံ ဇွန် ၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-မြဝတီကားလမ်းပေါ်တွင် မေ ၂၉ ရက် နံနက် ၁ နာရီခန့်က အရက်သေစာသောက်စားထားသည့် လူငယ် သုံးဦးစီးနင်းလာသော ဆိုင်ကယ်တိမ်းမှောက်၍ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

အိန္ဒုနယ်မြေရဲစခန်းမှ တာဝန်မှူးဒုရဲအုပ်ကြည်လင်းစိုးနှင့် တပ်ဖွဲ့ဝင်များက ဆိုင်ကယ်တိမ်းမှောက်ရာသို့ သွားရောက်စုံစမ်းရာ ဆိုင်ကယ်မောင်းနှင်လာသူများမှာ ပန်းရန်အလုပ်သမားလူငယ် သုံးဦးဖြစ်ပြီး အရက်သေစာသောက်စား၍ ဘားအံ-မြဝတီကားလမ်းအတိုင်း အိန္ဒုဘက်မှ မြဝတီဘက်သို့ မောင်းနှင်လာစဉ် တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆိုင်ကယ်မောင်းသူမှာ လယ်ဝေးမြို့နယ်နေ အောင်ဆန်းမင်း(၂၀ နှစ်)ဖြစ်ပြီး ကျော်ရဲဦး(၂၁ နှစ်)နှင့် သားငယ်(၂၃ နှစ်)တို့ နောက်မှလိုက်ပါ၍ မောင်းနှင်လာစဉ် မိုက်အောင်ကျေးရွာ ဆိုင်းဘုတ်အနီးတွင် လဲကျ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဆိုင်ကယ်တိမ်းမှောက်စဉ် ဒဏ်ရာရရှိသူ ကျော်ရဲဦးကို ဘားအံဆေးရုံမှတစ်ဆင့် နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံသို့ ပို့ဆောင်ကုသနေစဉ် မေ ၃၀ ရက်တွင် သေဆုံးသွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အရက်သေစာသောက်စားပြီး ဆိုင်ကယ်ကို မဆင်မခြင် မောင်းနှင်ခဲ့သူ အောင်ဆန်းမင်းအား အိန္ဒုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## ငွေနှင့်ရွှေထည်များပျောက်၍ တိုင်တန်းထား

**သာစည် ဇွန် ၁**

သာစည်မြို့နယ် လယ်ပြင်ကျေးရွာအုပ်စု သဖန်းတောကျေးရွာရှိ အာရုကမ္ဘာမြေ ရွှေတူးဖော်ရေးကုမ္ပဏီ၌ တန်ဖိုးကျပ်သိန်း ၄၀ ကျော်ခန့်ရှိ ငွေစက္ကူရောရာနှင့် ရွှေထည်များ ထည့်ထားသည့် သံသေတ္တာတစ်လုံး မေ ၂၅ ရက်က ပျောက်ဆုံးသွားသဖြင့် ယင်းမာပင်ရဲစခန်း၌ မေ ၃၀ ရက်က အမှုဖွင့်တိုင်တန်းထားပြီး ယင်းမာပင်ရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါ ရွှေတူးဖော်ရေးကုမ္ပဏီနှင့် အကျိုးတူ ပူးပေါင်းလုပ်ကိုင်နေသည့် ဦးထွန်းထွန်းနိုင်သည် မေ ၂၅ ရက်က ၄င်းပိုင် ငွေစက္ကူရောရာ ၃၈၉၀၀၀၀ ကျပ်၊ သန့်စင်ထားသော ၁၆ ပဲရည် ရွှေအလေးချိန် ခြောက်ပဲနှင့် သန့်စင်ထားရှိခြင်းမရှိသော ရွှေအရိုင်း ၁၁ ပဲ စုစုပေါင်းတန်ဖိုး ကျပ် ၄၃၉၀၀၀၀ ခန့်ကို သံသေတ္တာအတွင်းထည့်၍ မန်နေဂျာဦးမြင့်လွင်၏အခန်းတွင် ထားခဲ့ကာ ဦးမြင့်လွင်နှင့်အတူ ဗြုန်းများ ချိတ်ထားသော ကန်များကို သွားရောက်စစ်ဆေးခဲ့ပြီး ပြန်လာစဉ် သံသေတ္တာမှာ ပျောက်ဆုံးနေကြောင်း ပိုင်ရှင်ဖြစ်သူ ဦးထွန်းထွန်းနိုင်က မေ ၃၀ ရက်တွင် ယင်းမာပင်နယ်မြေရဲစခန်း၌ အရေးယူပေးပါရန် တိုင်ကြားခဲ့ခြင်းဖြစ်သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ခရီးသည်တင်ယာဉ်တိမ်းမှောက်၍ အမျိုးသမီးနှစ်ဦး သေဆုံး

**အမ်း ဇွန် ၁**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ကျောက်ဇကွဲကျေးရွာအနီး ရန်ကုန်-စစ်တွေကားလမ်းပေါ် မိုင်တိုင်အမှတ် (၈/၄)နှင့် (၈/၅)ကြား၌ မေ ၃၀ ရက် ညနေ ၄ နာရီခန့်က ခရီးသည်တင် မှန်လုံယာဉ်တစ်စီး တိမ်းမှောက်ခဲ့ပြီး ယာဉ်ပေါ်ပါသူ ခရီးသည်အမျိုးသမီးနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ယာဉ်မောင်း ကျော်သူရ မောင်းနှင်လာသည့် မင်းထက်သာ ခရီးသည်တင်ယာဉ်သည် မဲတောင်ခြေတွင် ဘရိတ်ပေါက်သဖြင့် တောင်အဆင်းတွင် ကန့်လန့်ဖြတ်အနေအထားဖြင့် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါသူ ၂၂ ဦးအနက် ၁၈ ဦးမှာ ဒဏ်ရာများရရှိခဲ့ပြီး အမျိုးသမီးနှစ်ဦးမှာ နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှုမှ ဒဏ်ရာရသူများကို အမ်းမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးထားပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ကို အမ်းမြို့မရဲစခန်းတွင် ထိန်းသိမ်းထားကာ အမှုဖွင့်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## မိခင်အား ဆဲဆိုကြိမ်းမောင်းပြီး လှံဖြင့်ထိုးမည်ပြုသူကို ဖမ်းဆီးထား

**နေပြည်တော် ဇွန် ၁**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာ၌ အသက် ၈၇ နှစ်အရွယ် မိခင်ဖြစ်သူကို ဆဲဆိုကြိမ်းမောင်းပြီး လှံဖြင့်ထိုးသတ်မည်ပြုသည့် သားဖြစ်သူကို ဥပဒေအရ အမှုဖွင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဒိုးနွယ်ကျေးရွာတွင်နေထိုင်သူ ဒေါ်တောရွှေ (၈၇ နှစ်)သည် မေ ၈ ရက်က ၄င်း၏နေအိမ်၌ရှိနေစဉ် သားဖြစ်သူ ညိုမင်းမှာ နေအိမ်သို့ရောက်ရှိလာကြောင်း၊ ဒေါ်တောရွှေက သားဖြစ်သူ ညိုမင်းအားအပ်နှံထားသည့် လယ်ဖိုးငွေကို တောင်းရာမှ ညိုမင်းက မကျေနပ်သဖြင့် တွန်းလှဲကိုင်ပေါက်ခဲ့ပြီး နေအိမ်ပေါ်မှဆွဲချခဲ့ကြောင်း၊ ထို့နောက် ညိုမင်းမှာ လက်ထဲတွင် လှံကိုင်လျက် နေအိမ်ပေါ်သို့ ထပ်မံရောက်ရှိလာပြီး မိခင်အား ဆဲဆိုကြိမ်းမောင်းကာ လှံဖြင့်ထိုးသတ်မည်ပြု၍ အိမ်နီးချင်းများရောက်ရှိလာပြီး ဝိုင်းဆွဲခဲ့ကြကြောင်း၊ မိခင် ဒေါ်တောရွှေမှာ ကြောက်လန့်သဖြင့် ဘုန်းတော်ကြီးကျောင်းသို့ထွက်ပြေးခဲ့ရကြောင်း၊ နောက်တစ်နေ့တွင်လည်း ဒေါ်တောရွှေမှာ နေအိမ်၌ မနေရဲတော့သဖြင့် သမီးကြီးဖြစ်သူ မငွေး၏ဈေးဆိုင်၌ ပုန်းနေစဉ် ည ၈ နာရီခန့်အချိန်တွင် ညိုမင်းမှာ ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး အမေအားသတ်မည်ဟု ထပ်မံပြောဆိုခဲ့ကြောင်း၊ ထို့ကြောင့် မေ ၃၀ ရက်တွင် မိခင်ဖြစ်သူဒေါ်တောရွှေက ဒက္ခိဏသီရိမြို့နယ် မြို့မရဲစခန်း၌ သားဖြစ်သူ ညိုမင်းအား ဥပဒေအရအရေးယူပေးရန် တိုင်တန်းလာသဖြင့် မြို့မရဲစခန်းက ညိုမင်း (၄၀ နှစ်)အား အမှုဖွင့်ကာ ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ကျွန်းသစ်အပါအဝင် တရားမဝင်သစ်ခွဲသားများကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိ

**ထီးချိုင့် ဇွန် ၁**

ထီးချိုင့်မြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်အရ တရားမဝင်သစ်များ ဖမ်းဆီးရမိရေး ဆောင်ရွက်နေစဉ် အင်းတိန်ကျေးရွာအနီး၌ တရားမဝင်သစ်ခွဲသားများ တင်ဆောင်ထားသည့် ခြောက်ဘီးကားတစ်စီးကို မေ ၃၁ ရက်က ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထီးချိုင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးသိန်းလင်းအောင်၊ မြို့နယ်သစ်တော ဦးစီးဌာနမှ တောအုပ်ရန်နိုင်ဦးနှင့် အလည်တောရဲကင်းစခန်းမှူး ရဲအုပ်အောင်လွင်တို့ပါဝင်သော ပူးပေါင်းအဖွဲ့က တရားမဝင်သစ်များ ဖမ်းဆီးရမိရေး ဆောင်ရွက်စဉ် အင်းတိန်ကျေးရွာအနီး၌ ရပ်ထားသော ခြောက်ဘီးကားတစ်စီးပေါ်မှ တရားမဝင်သယ်ဆောင်လာသော အင်ခွဲသား ၃၃ ချောင်း၊ ယမနေခွဲသား အချောင်း ၄၀ နှင့် ကျွန်းခွဲသား ၃၇၆ ချောင်းတို့ကို ပိုင်ရှင်မဲ့တွေ့ရှိခဲ့သဖြင့် ယာဉ်နှင့်အတူ ပိုင်ရှင်မဲ့သစ်များကို မြို့နယ်သစ်တောဦးစီးဌာနသို့ ပို့အပ်ကာ ယာဉ်ပိုင်ရှင်နှင့် သစ်ပိုင်ရှင်များကို စုံစမ်းဖော်ထုတ်ပြီး ဥပဒေအရအရေးယူနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**


ဆရာဌေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
ဇွန်လ (၄/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

ရောင်းမည်
Model LGH 1800S(1800 Ton)
LGH 1300S(1300 Ton)
Plastic Injection Machine
Email:alanlwin@proven.com.mm
Ph:(+95)09-5019086,09-43104190

ဖခင်အမည်မှန်
၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဇန်းမော်မြို့ အလက(၄)၊ ထ(ခွဲ)ကျောင်း နဝမတန်း(B)မှ အောင်မြင်သူ မဆိုနီတား၏ ဖခင်အမည်မှန်မှာ ဦးမေကားဗဟာဒူး ၁/မကန(နိုင်)၀၈၄၈၁၇ ဖြစ်ပါကြောင်း။
ဦးမေကားဗဟာဒူး

ပြောင်းလဲခေါ်ပါရန်
၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဇန်းမော်မြို့ အထက(၁)၊ သတ္တမတန်း(A)မှ အောင်မြင်သူ မနန်းသီရိစံ(ဘ)ဦးခင်မောင်ရွှေ ၁/ဗမန(နိုင်)၀၀၄၈၄၂ အား မနန်းသီရိစုဟုပြောင်းလဲခေါ်ပါရန်။
မနန်းသီရိစု

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သည့် အရည်အသွေးပြည့်မီသော ကတ္တရာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိပြီးသူများ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | ကတ္တရာ (၈၀/၁၀၀) Country of Origin | (၅၀၀)တန် Iran |
| (ခ) | တင်ဒါပုံစံထုတ်ပေးမည့်ရက် | - ၁-၆-၂၀၁၆ ရက် |
| | တင်ဒါပိတ်မည့်ရက်/အချိန် | - ၁၅-၆-၂၀၁၆ ရက် ၁၆:၀၀ နာရီ |
| | တင်ဒါပေးသွင်းရမည့်နေရာ | - အင်ဂျင်နီယာဌာန (လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်-
အင်ဂျင်နီယာဌာန(လမ်း/တံတား)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇

ပစ္စည်းဝယ်ယူရေးအဖွဲ့
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကလေးများအတွက်
တစ်နှစ်ပတ်လုံးဖွင့်မည့်
Regular English Courses
For Young Learners
(၁)တန်းမှ (၉)တန်းကလေးများအတွက် Level-၅ ဆင့်ခွဲ၍ ထိရောက်စွာသင်ကြားမည့်
4-Skill English
သင်တန်းများ
Sat+Sun(တစ်ပါတ် ၂ ရက်)
9:30 to 11:30 a.m.
June 4 စပါမည်။
ဝင်ကြေး - ၅၀၀၀/-
လစဉ်ကြေး - ၂၀၀၀၀/-

တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
1 - 2:30 (Mon~Thurs) 1 Jun
10-11:30 (Mon~Thurs) 13 Jun
3:30 - 5 (Mon~Thurs) 20 Jun
9 - 12:00 (Sat + Sun) 25 Jun
BASIC FOUR SKILLS ENGLISH
6 - 7:30 (Mon~Thurs) 30 May
10-11:30 (Mon~Thurs) 1,20 Jun
1 - 2:30 (Mon~Thurs) 6 Jun
1 - 4:00 (Sat + Sun) 12 Jun
3:30 - 5 (Mon~Thurs) 13 Jun
7:30 - 9 (Mon~Thurs) 20 Jun
BASIC WRITING
7:30 - 9 (Mon~Thurs) 6 Jun
PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon~Thurs) 30 May
10-11:30 (Mon~Thurs) 1 Jun
12 - 3:00 (Sat + Sun) 4 Jun
1 - 2:30 (Mon~Thurs) 13 Jun
3:30 - 5 (Mon~Thurs) 27 Jun
INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon~Thurs) 30 May
3:30 - 5 (Mon~Thurs) 6 Jun
1 - 4:00 (Sat + Sun) 12 Jun
1 - 2:30 (Mon~Thurs) 20 Jun
VOCAB ENRICHMENT
1 - 2:30 (Mon~Thurs) 30 May
9 - 12:00 (Sat + Sun) 25 Jun
BASIC GRAMMAR
10-11:30 (Mon~Thurs) 13 Jun
BASIC ENGLISH SPEAKING
3:30 - 5 (Mon~Thurs) 30 May
7:30-10:30 (Sat + Sun) 5 Jun
7:30 - 9 (Mon~Thurs) 20 Jun
BASIC GRAMMAR
7:30-10:30 (Sat + Sun) 29 May
PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon~Thurs) 6 Jun
6 - 7:30 (Mon~Thurs) 6 Jun
9 - 12:00 (Sat + Sun) 25 Jun
IELTS (Preparation)
1 - 3:30 (Mon~Thurs) 6 Jun
1 - 4:30 (Sat + Sun) 18 Jun
IELTS (Speaking)
7:30 - 9 (Mon~Thurs) 6 Jun
BASIC FOUR SKILLS ENGLISH
7:30-10:30 (Sat + Sun) 4 Jun
1:30 - 4:30 (Sat + Sun) 5 Jun
3:30 - 5 (Mon~Thurs) 6 Jun
10-11:30 (Mon~Thurs) 13 Jun
INTERMEDIATE (ACADEMIC ENGLISH)
4:30-7:30 (Sat + Sun) 2 Jul
IELTS (Preparation)
4:30-7:30 (Sat + Sun) 4 Jun
IELTS (Writing)
12:30-3:30 (Sat+Sun) 28 May
IELTS (Reading)
1 - 3:00 (Mon~Thurs) 6 Jun
IELTS (Grammar)
10-11:30 (Mon~Thurs) 20 Jun

ဥယျာဉ်ခြံမြေရောင်းမည်
ရန်ကုန်-ပြည်ကားလမ်းဘေး မိုင်တိုင်(၄၃/၅) ဂုတ်ခြံ ရေ၊ မီးစုံ (၆.၄၂)ဧက၊ တစ်ဧက သိန်း(၆၀၀)
ဖုန်း-၀၉-၅၁၂၆၆၀၂၊ ၀၉-၇၉၉၅၀၁၁၂၈

■ *ကျောဖုံးမှ*

နိုင်ငံတကာခြေစမ်းပွဲများ စတင်ယှဉ်ပြိုင်ကစားလျက်ရှိပြီး ဂျပန်နိုင်ငံ အိုဆာကာမြို့၌ မေ ၇ ရက်မှ ၂၅ ရက်အထိ သွားရောက်လေ့ကျင့်ကာ ခြေစမ်းပွဲငါးပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာအမျိုးသမီးအသင်းနည်းပြချုပ်သစ် ရော်ဂျာရိုင်နာ၏ ပွဲဦးထွက် ပြည်ပလေ့ကျင့်ရေးခရီးစဉ်မှာ ရလဒ်မကောင်းခဲ့ဘဲ ခြေစမ်းပွဲ ငါးပွဲ ယှဉ်ပြိုင်ကစားရာတွင် နိုင်ပွဲလုံးဝမရခဲ့ဘဲ နှစ်ပွဲသရေ၊ သုံးပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် တရုတ် (တိုင်ပေ) လက်ရွေးစင်အသင်းအပါအဝင် ဂျပန်ကလပ်အသင်းများ၊ တက္ကသိုလ်အသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။

မြန်မာ အမျိုးသမီးအသင်းသည် ဂျပန်ခြေစမ်းခရီးစဉ်အပြီးတွင် မေ ၃၀ ရက်မှစတင်ကာ ပြန်လည်လေ့ကျင့်လျက်ရှိပြီး ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည့် ၂၃ ဦး၊ ယင်းခရီးစဉ်တွင် မပါဝင်ခဲ့သည့် သုံးဦး စုစုပေါင်း ၂၆ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် တောင်ကိုရီးယား လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲအပြီးတွင် ပြိုင်ပွဲကျင်းပမည့် မန္တလေးမြို့သို့ သွားရောက်လေ့ကျင့်မည်ဖြစ်သည်။ ပြိုင်ပွဲမတိုင်မီ နောက်ဆုံးခြေစမ်းပွဲအဖြစ် ဇူလိုင် ၉ ရက်တွင် ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းနှင့် မန္တလေးမြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံအမျိုးသမီးပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၄ ရက်အထိ မန္တလေးမြို့၌ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲကို သုံးကြိမ်မြောက်လက်ခံကျင်းပခြင်းဖြစ်သည်။

တောင်ကိုရီးယား အမျိုးသမီးအသင်းသည် ခြေစမ်းပွဲကစားရန် ဇွန် ၂ ရက်တွင် ရောက်ရှိမည်ဖြစ်ပြီး ၂၀၁၅ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမားအချို့ လိုက်ပါလာမည်ဖြစ်သည်။

# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ တိကျစွာလိုက်နာရေး မှာကြား

**ရန်ကုန် ဇွန် ၁**

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် မေ ၂၇ ရက် နံနက်ပိုင်းက ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ နေ့လယ်ပိုင်းတွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်အတူ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ဒုတိယဝန်ကြီးသည် မေ ၂၈ ရက်တွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများဖြစ်သည့် Myanmar Securities Exchange Center Co., Ltd.၊ KBZ Stirling Coleman Securities Company Ltd.၊ CB Securities Ltd.၊ KTz Ruby Hill Securities Company Ltd. နှင့် AYE Trust Securities Company Ltd. များသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ ကော်မရှင်မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာရေး၊ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာပေးမှုလုပ်ငန်းစဉ်များ တိုးချဲ့ဆောင်ရွက်ရေး၊ ငွေကြေးခဝါချမှု၊ ဈေးကွက်အတွင်း ဝင်ရောက်ဈေးကစားမှုတို့အတွက် ကာကွယ်ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# မန္တလေး- လားရှိုး- မူဆယ် ဂုတ်တွင်းကားလမ်း ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ရေး ဆောင်ရွက်နေ

**သီပေါ ဇွန် ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်ထောင်စုလမ်းမကြီး၏ မန္တလေး-လားရှိုး-မူဆယ် ကားလမ်းပေါ်ရှိ နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ်အကြား ဂုတ်တွင်းလမ်း၌ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေးအတွက် နောင်ချိုမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ကြီးကြပ်ဆောင်ရွက်နေမှုများကြောင့် အစုန်၊ အဆန်ကုန်စည်တင်ဆောင်သော မော်တော်ယာဉ်ကြီးများ၊ မှန်လုံလူစီးယာဉ်များနှင့် ယာဉ်ငယ်များပုံမှန်ဆက်သွယ်သွားလာလျက်ရှိသည်ကို ဇွန် ၁ ရက်က တွေ့မြင်ခဲ့ရသည်။

**စိုင်း(သီပေါ)**

# ကံထူးရှင်များ ပေါ်ထွက်

**ရန်ကုန် ဇွန် ၁**

**ယနေ့ဖွင့်လှစ်သည့် အောင်ဘာလေသိန်းဆုဌာနခွဲမှ (၃၂၉)ကြိမ်မြောက် ထွက်ပေါ်လာသော ဆုမဲများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-**

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း (၁၅၀၀)**

ခ - ၇၀၂၈၅၂

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၁၀၀၀)**

| | |
|---|---|
| ဋ - ၈၃၄၇၈၂ | ဆ - ၉၄၃၆၅၁ |

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၅၀၀) ဆုများ**

| | | |
|---|---|---|
| ရ - ၃၁၄၃၀၈၊ | | ထ - ၄၅၀၆၅၆ |
| ကင - ၅၃၂၂၁၂၊ | ရ - ၈၉၃၁၁၄ | မ - ၉၀၈၀၇၈ |

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၃၀၀) ဆုများ**

| | | |
|---|---|---|
| အ - ၁၁၂၇၆၀ | ဏ - ၆၇၄၈၀၅ | ကက - ၁၆၉၄၉၁ |
| ကခ - ၉၉၁၆၉၄ | ယ - ၅၄၂၆၄၇ | ဈ - ၉၉၅၂၈၅ |

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၂၀၀) ဆုများ**

| | | |
|---|---|---|
| ဝ - ၂၉၄၆၄၇ | ဠ - ၆၄၀၀၄၃ | မ - ၃၇၀၉၈၃ |
| ကဃ - ၇၆၁၃၀၃ | လ - ၅၄၉၈၄၃ | ခ - ၈၃၃၅၇၂ |
| ဃ - ၅၈၃၆၂၆ | | |

**ဆုတစ်ဆုချင်း ကျပ်သိန်း (၁၀၀) ဆုမဲများ**

| | | |
|---|---|---|
| လ - ၁၃၅၀၈၁ | ဟ - ၃၆၇၉၈၉ | တ - ၅၃၄၃၆၈ |
| ထ-၈၈၄၆၁၂ | တ - ၁၅၂၈၉၃ | န - ၃၈၃၁၉၁ |
| စ - ၅၅၆၄၉၄ | ဘ - ၉၀၁၉၄၁ | ဘ - ၁၈၀၄၁၈ |
| န - ၄၀၉၂၁၇ | ဌ - ၇၇၉၀၁၉ | ဈ - ၉၆၄၁၅၂ |
| င - ၃၁၃၃၄၈ | ကင - ၄၆၂၀၇၁ | ကင - ၇၉၄၁၈၇ |
| ကင - ၃၂၅၉၆၆ | တ - ၄၉၆၃၇၃ | ၎ - ၈၂၃၆၅၂ |

**(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးရွာငါးရွာ လျှပ်စစ်မီးလင်းပြီ

**ပဲခူး ဇွန် ၁**

ပဲခူးတိုင်းဒေသကြီး (အရှေ့) ကျေးလက်နေပြည်သူများအတွက် ဂျပန်နိုင်ငံ JICA . ODA ချေးငွေဖြင့် BME ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဝေါမြို့နယ် မြစ်ကျိုးမြို့တွင် ၄၀၀ ဗို့ ABC ဓာတ်အားလိုင်း နှစ်မိုင်ကို ယခုနှစ် ဇန်နဝါရီ ၁၆ ရက်၊ ဇောင်းတုဒေသနှင့် မုန်းဒေသတို့တွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း တစ်မိုင်စီကို ယခုနှစ် ဇန်နဝါရီ ၂၂ ရက်နှင့် မတ် ၁၅ ရက်တို့တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ပြီးစီးသည့်နေ့မှစ၍ လျှပ်စစ်ဓာတ်အားများ စတင်ဖြန့်ဖြူးပေးလျက်ရှိသည်။

အဆိုပါ လျှပ်စစ်ဓာတ်အား ဆောင်ရွက်ပေးမှုကြောင့် ပဲခူးမြို့နယ်ရှိ ဇောင်းတုနှင့် မကျီးခုံကျေးရွာရှိ အိမ်ခြေ ၁၀၄လုံး၊ ဝေါမြို့နယ်အနေဖြင့် မြစ်ကျိုးဒေသ မြစ်ကျိုးနှင့် ကွေ့ကြီးကျေးရွာရှိ အိမ်ခြေ ၃၆၀ ၊ ကျောက်ကြီးမြို့နယ် မုန်းဒေသတွင် တုန်းလော့ကျေးရွာရှိ အိမ်ခြေ ၅၀ ၊ ကျေးရွာငါးရွာ စုစုပေါင်း အိမ်ခြေ ၅၁၄ လုံးသည် တစ်နေ့လျှင် နှစ်နာရီ မီးလင်းလျက်ရှိသည်။ အဆိုပါ ဒေသများသည် လျှပ်စစ်ဓာတ်အား ယခင်က မရရှိကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

Congratulations

For factory opening of kansai paint Myanmar Co.LTD.

Zaw Tun Family Electrical Trading Company Limited

**ပျောက်ဆုံး**

ကျွန်မ မယွန်းအိန္ဒြာကျော် ၇/ကဝန(နိုင်)၁၆၀၉၉၇ ၏ နိုင်ငံကူးလက်မှတ် MA-893599 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၂၈၁၃၄၄၈**

**ဖခင်အမည်မှန်**

အထက(၃)၊ ဥယျာဉ်စု ပျဉ်းမနား၊ န၀မတန်းမှ မောင်အောင်ကျော်ဖြိုး ၉/ပဗသ(နိုင်)၀၁၀၄၀၅ ၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့် ၉/ပမန(နိုင်)၀၅၃၇၃၃ ဖြစ်ပါကြောင်း။ **ဦးကျော်မြင့်**

**ဖခင်အမည်မှန်**

မိုးကောင်းမြို့နယ်၊ ပင်းဘော အထကကျောင်း၊ နဝမတန်းအောင် မစုစုအောင် ၁/မကတ(နိုင်)၁၃၆၁၃၇ ၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း ၁/ကဘလ(နိုင်)၀၅၆၃၆၈ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

အင်္ဂပူမြို့နယ်၊ အထကထန်းပင်ကုန်းကျောင်း တက္ကသိုလ်ဝင်တန်း(B) မှ မောင်ချစ်မင်းကို၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

မိုးကောင်းမြို့၊ နောင်တိုင်တော် အထက၊ အဋ္ဌမတန်းမှ မစုရည်နိုင်နှင့် ဒုတိယတန်းမှ မောင်ထူးမြတ်တို့၏ဖခင်အမည်မှန်မှာ ဦးစိန်အောင် (ခ) ဦးဇော်မျိုးနိုင် ၁/မကတ(နိုင်)၀၀၁၂၇၂ ဖြစ်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1J/7056 Toyota RAV 4 ACA 21 S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဉ္ဇာလွင် ၁/မကန(နိုင်)၀၈၉၂၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

**သွေးသည် အသက်**

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖေါ့ကန်ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ မြေကွက်အမှတ် (၁၀၃၈) အိမ်အမှတ်-၃၆၁ ဟုခေါ်တွင်သော (၂၂' × ၆၀') ပေရှိ မြေကွက်နှင့် အိမ်သုံးလျှပ်စစ်မီတာ (၂) လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ရှင်များဖြစ်ကြသော ဒေါ်သင်းသင်းမာ၊ ဒေါ်အေးအေးအောင်၊ ဒေါ်စုစုမာတို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ ယင်းကိစ္စရပ်အား ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်ဇင်မာထွန်း (LL.B, D.B.L)** တရားလွှတ်တော်ရှေ့နေ
**ဦးထွန်းလင်းကျော် (LL.B, D.B.L)** အထက်တန်းရှေ့နေ
အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီ ၇လမ်း၊ ခြံအမှတ် ၃၆၀ဟုခေါ်တွင်သော (၁၀၂×၄၂)ပေခန့်ရှိ ခြံမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးသက်တင် ၁၂/ရကန(နိုင်)၀၂၆၃၄၈ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ သုံးရက်အတွင်း ခိုင်လုံသောတရားဝင်စာချုပ်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနန်းဦးလင်း**
**LL.B, D.B.L, D.M.L,D.I.L**
**အထက်တန်းရှေ့နေ**
**အမှတ် ၂၃၊ ပထမထပ်၊ ဦးဖိုးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၇၄၀၇၁**

# အစိုးရနှင့် ပြည်သူအကြား ပေါင်းကူးတံတားအဖြစ် ဆက်သွယ်ဆောင်ရွက်ပေးမည့် ပြန်ကြားရေးဝန်ကြီးဌာန

[ ပြန်ကြားရေးဝန်ကြီးဌာန ရက် ၁၀၀ စီမံချက် ]

**တွေ့ဆုံမေးမြန်း-မော်စီ**



**ဒေါက်တာဖေမြင့်**
**ပြည်ထောင်စုဝန်ကြီး**
**ပြန်ကြားရေးဝန်ကြီးဌာန**

အစိုးရသစ်အနေဖြင့် ပြည်သူကိုမျက်နှာမူပြီး မီဒီယာကဏ္ဍမှ ပြည်သူကို သတင်းအချက်အလက်၊ ဖျော်ဖြေမှုနှင့် အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်သည့်အခါ ပြည်သူနှင့် အစိုးရကြား ပေါင်းကူးဆက်သွယ်ပေးမည့်ပြုပြင်ပြောင်းလဲမှုများကို “ ပြည်သူ့အတွက် ပထမ ရက် ၁၀၀ ” အစီအစဉ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာနက အထူးကဏ္ဍတစ်ရပ်အဖြစ် ဖော်ဆောင်တင်ပြလျက်ရှိသည်။

ထို့ပြင် စာကြည့်တိုက်များကိုလည်း အများပြည်သူနှင့် နီးနှော ဖလှယ်ရာ၊ အများပြည်သူတို့ဆုံတွေ့ရာ၊ အများပြည်သူတို့ ရပ်ရွာအကြောင်းကိစ္စများ ဆွေးနွေးတိုင်ပင်ရာ Community Centre နေရာများအဖြစ် ပြောင်းလဲရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့မှုများကို ပြန်လည်စုစည်းရေးသားတင်ပြလိုက်ရပါသည်။

**ဒေါက်တာဖေမြင့်**
**ပြည်ထောင်စုဝန်ကြီး**
**ပြန်ကြားရေးဝန်ကြီးဌာန**

**မေး ။ ။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ပြောင်းလဲကျင့်သုံးသွားမယ့် မူဝါဒတွေနဲ့ပတ်သက်ပြီး သိလိုပါတယ် ခင်ဗျာ။**

ဖြေ ။ ။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ပြန်ကြားရေးဆိုတဲ့ ဌာနများရဲ့လုပ်ငန်းတာဝန်တွေ မိဘပြည်သူကို အသိပညာပေးဖို့၊ သတင်းအချက်အလက်ပေးဖို့၊ ပြည်သူကို ဖျော်ဖြေဖို့ဆိုတဲ့ ပြန်ကြားရေး မီဒီယာတွေရဲ့ လုပ်ငန်းတာဝန်တွေပါ။ အဲဒီ လုပ်ငန်း တာဝန်တွေကိုပဲ ဆက်လက်ဆောင်ရွက်သွားဖို့ရှိပါတယ်။ သို့သော် အဲဒီလုပ်ငန်းတာဝန်တွေကို ဆောင်ရွက်တဲ့နေရာမှာ ထားရှိတဲ့သဘောထားကတော့ ပြောင်းလဲသွားတယ်။ တစ်နည်းပြောရရင် မူဝါဒကတော့ ပြည်သူနဲ့ဆက်စပ်တယ်။ အစိုးရအနေနဲ့ ပြည်သူကို မျက်နှာမူတဲ့ သဘောထားကို လက်ခံပြီးတော့ ဒါကို ပြောင်းလဲသွားဖို့ရှိတဲ့ အတွက်ကြောင့် ကျွန်တော်တို့ မီဒီယာများအနေနဲ့ ပြည်သူကို သတင်းအချက် အလက်ပေးရာ၊ ဖျော်ဖြေမှုပေးရာ၊

*စာမျက်နှာ ၁၆ သို့*



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မေ ၁၄ ရက်က ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်သို့ လှည့်လည်ကြည့်ရှုစဉ် (အပေါ်ပုံ)

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

“ပြောင်းလဲချိန်တန်ပြီ” ဟူသော ကြွေးကြော်သံနှင့်အတူ အပြောင်းအလဲကို မျှော်လင့်သော ပြည်သူများက အစိုးရသစ်တစ်ရပ်ကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ပြည်သူက ရွေးချယ် တင်မြှောက်ခြင်းခံရသော ပြည်သူ့အစိုးရများ၏တာဝန်မှာ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် လိုအင် ဆန္ဒများကို ဖြည့်ဆည်းပေးရန်ဖြစ်သည်။ ယင်းအချက်သည် အစိုးရသစ်တိုင်းအတွက် စိန်ခေါ်မှုတစ်ခု လည်းဖြစ်သည်။

အစိုးရသစ်သည် ယခင်အစိုးရ ဝန်ကြီးဌာနများကို လျှော့တန်လျှော့၊ ပြင်တန်ပြင်၊ ပေါင်းတန်ပေါင်း စသည်ဖြင့် ပြုလုပ်ကာ ဝန်ကြီးဌာနများကို ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်း၍ အစပျိုးပြုပြင်ပြောင်းလဲခဲ့သည်။ အစိုးရသစ်၏ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များသည် ယင်းအစိုးရ၏အရည်အသွေးကို အကဲဖြတ်နိုင်သည့် စံတစ်ခုဖြစ်သည်။ မေ ၁ ရက်မှ စတင်သည့် ရက် ၁၀၀ ကာလ အတွင်း ဝန်ကြီးဌာနတစ်ခုချင်းအလိုက် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်ကြမည့် လုပ်ငန်းများကို သတင်းရယူစုစည်းဖော်ပြအပ်ပါသည်။



နေ့စဉ်ထုတ် မြန်မာ့အလင်း၊ ကြေးမုံ သတင်းစာများအား ပြည်သူလက်ဝယ်သို့ အရောက်ဖြန့်ဝေပေးနိုင်ရန်အတွက် သတင်းစာ ကိုယ်စားလှယ်များ ဤသို့ ရေတွက်သယ်ယူနေကြစဉ်




ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ ရွှေ့လျားစာကြည့်တိုက်ယာဉ်များဖြင့် ကျောင်းသားလူငယ်များအား စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေးစဉ်

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

*စာမျက်နှာ ၁၇ မှ*

နောက် ဒုတိယအချက်ဖြစ်တဲ့ Channel Rebranding လုပ်ဖို့အတွက် Logo ၊ နောက် Main Title တွေအပါအဝင် Software တွေကို ဗစ်ဆာတီကုမ္ပဏီနဲ့ ညှိနှိုင်းဆွေးနွေးပြီး တော့ဂရပ်ဖစ်ဒီဇိုင်းတွေကို အသစ်ထုတ်လုပ်နိုင်ဖို့ ဆောင်ရွက် လျက်ရှိပါတယ်။

နောက်တတိယလုပ်ငန်းဖြစ်တဲ့ ရုပ်သံမီဒီယာဖွံ့ဖြိုး တိုးတက်ရေးအတွက်ကိုလည်း မီဒီယာသမားတွေ၊ ဥပဒေပညာ ရှင်တွေ၊ နောက်သတင်းစာနဲ့ ဂျာနယ်ကနေပြီးတော့ တာဝန်ရှိတဲ့ သူတွေ၊ ပြင်ပပညာရှင်တွေ၊ Broadcasterတွေ၊ နောက်ရုပ်သံ လွှင့်လုပ်ငန်းကို လက်တွေ့ဆောင်ရွက်နေတဲ့သူတွေပါဝင်တဲ့ ဆွေးနွေးပွဲတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

အဲ့ဒီဆွေးနွေးပွဲမှာ သူတို့ရဲ့အကြံပြုချက်၊ အမြင်တွေအပေါ်မှာ သုံးသပ်ပြီးတော့ လိုအပ်သလို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ခုက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့ ရုပ်မြင်သံကြားနဲ့ အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ကနေ ဥပဒေအမှတ် ၅၃ နဲ့ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အဲ့ဒီဥပဒေမှာ ပါတဲ့ ကောင်စီဖွဲ့စည်းနိုင်ဖို့အတွက်ကို ဥပဒေပါအချက်အချို့ကို ပြင်ဆင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

အဲ့ဒီလို ပြင်ဆင်ပြီးလို့ ကောင်စီပေါ်ပေါက်လာပြီဆိုရင် အဲ့ဒီ ကောင်စီကနေ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေ ထုတ်ပြန်မှာ ဖြစ်ပါတယ်။ အဲ့ဒီလို ထုတ်ပြန်ပေးရင်တော့ ရုပ်သံလုပ်ငန်းကို လုပ်ကိုင်လိုတဲ့ New Broadcaster တွေ အနေနဲ့ကတော့ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနဲ့အညီ လိုင်စင်များလျှောက် ထားပြီး ရုပ်သံလွှင့်လုပ်ငန်းတွေမှာ ပါဝင်လုပ်ကိုင်နိုင်တော့မှာ ဖြစ်ပါတယ်။

အဲ့ဒီအချိန်ကျရင် ကျွန်တော်တို့ရဲ့ Broadcasting Industry တစ်ခုလုံးဟာ အများကြီး တိုးတက်ပြောင်းလဲလာ တော့မှာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားကနေ ရက် ၁၀၀ အတွင်း ဆောင်ရွက်မယ့် လုပ်ငန်းစဉ် သုံးခုကို တင်ပြခဲ့တာဖြစ်ပါတယ်။

အဲဒါအပြင် မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားအနေနဲ့ကတော့ မိမိတို့ဌာနရဲ့ ရက် ၁၀၀ အတွင်း ဆောင်ရွက်ရမယ့် လုပ်ငန်း တွေအပြင် ကျွန်တော်တို့က အစိုးရသစ်ရဲ့ ရက်ပေါင်း ၁၀၀ ကာလအတွင်းမှာ အခြားဌာနများရဲ့လုပ်ငန်းအကောင်အထည် ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိဖို့အတွက် ပြည်သူ့ အတွက် ပထမ ရက် ၁၀၀ ဆိုတဲ့ အစီအစဉ်ကို မေလ ၁၄ ရက် နေ့ကနေစပြီးတော့ ရိုက်ကူးထုတ်လွှင့်ပေးလျက်ရှိပါတယ်။

အဲ့ဒီရက်ပေါင်း ၁၀၀ ပြည့်ပြီးသွားလို့ ၁၀၁ ရက် နေစပြီး တော့ ဝန်ကြီးဌာနတွေအနေနဲ့ ရက်ပေါင်း ၁၀၀ ကာလအတွင်း မှာ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့မှုတွေအပြင် အားနည်းချက်၊ အားသာချက်များကိုလည်း ကျွန်တော်တို့က ဆက်လက်ပြီး ရိုက်ကူးထုတ်လွှင့်ဖို့အတွက် စဉ်းစားထားပါ တယ်။

အချုပ်အားဖြင့် တင်ပြရရင် ကျွန်တော်တို့ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား MRTV အနေနဲ့ ပြည်သူ့အကျိုးပြု ပြီးတော့ အရည်အသွေးရှိတဲ့ ရုပ်မြင်သံကြား Channel တစ်ခုဖြစ်အောင် ဆက်လက်ကြိုးစား ဆောင်ရွက်သွားပါမယ်လို့ ပြောကြား လိုပါတယ်။

**ဦးအောင်မျိုးမြင့်**
**ညွှန်ကြားရေးမှူးချုပ်**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

**မေး ။ ။ အစိုးရကဆောင်ရွက်နေတဲ့ ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်မှာ ပုံနှိပ်ရေးနဲ့ ထုတ်ဝေရေးဦးစီးဌာနအနေနဲ့ ဘာတွေကို ဆောင်ရွက်သွားမှာပါလဲ။**

ဖြေ ။ ။ ပုံနှိပ်ရေးနဲ့ထုတ်ဝေရေး ဦးစီးဌာနအနေနဲ့ ပထမရက် ၁၀၀ အတွင်း ဆောင်ရွက်မယ့်လုပ်ငန်းတွေကို အကောင် အထည်ဖော်ရာမှာ စာပေဌာနခွဲ(စာပေဗိမာန်)က ဆောင်ရွက် နေတဲ့ စာပေဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနဲ့ ပုံနှိပ်စက်ရုံများရဲ့ပုံနှိပ် ထုတ်လုပ်ခြင်းလုပ်ငန်းကဏ္ဍဆိုတဲ့ ကဏ္ဍနှစ်ရပ်နဲ့ အကောင် အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စာပေဗိမာန်က ဆောင်ရွက်နေတဲ့ အခန်းကဏ္ဍကိုပြောရ ရင် လက်ရှိဆောင်ရွက်နေတဲ့ အမျိုးသားစာပေဆုနဲ့ စာပေဗိမာန် စာမူဆုတွေ စိစစ်ရွေးချယ်ရာမှာ စိစစ်ရွေးချယ်ရေးအဖွဲ့တွေမှာ စာပေနယ်ကထင်ရှားကျော်ကြားတဲ့ စာပေပညာရှင်တွေ ပိုမိုပူး ပေါင်းပါဝင်လာစေဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုစာပေ ဆုများ စိစစ်ရွေးချယ်ရာမှာ ပိုမိုပွင့်လင်းမြင်သာမှုရှိစွာ ဆောင် ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွေဖြစ်တဲ့ စာတမ်းဖတ်ပွဲ၊ စာအုပ်ဈေးပွဲတော်၊ စာပေဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲစတဲ့ လှုပ်ရှားမှုတွေနဲ့ အခမ်းအနားတွေမှာ စာပေ ဗိမာန်က ပြည်သူတွေ ပိုမိုတက်ကြွစွာပါဝင်ရေး ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် စာပေလုပ်ငန်းဖွံ့ဖြိုးတိုး တက်စေဖို့ မိတ်ဖက်စာပေအဖွဲ့အစည်းတွေနဲ့လည်း ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်သူတွေ ပညာမျက်စိပွင့်လင်းပြီး ဗဟုသုတများ ရရှိစေဖို့နဲ့ နှလုံးသားနူးညံ့စေမယ့် ရသတွေခံစားနိုင်ဖို့ စာပေကို ဖတ်ရှုလေ့လာမှတ်သားကြရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် သုတ၊ ရသ စာပေတွေကို ဖြန့်ဖြူးပေးနေတဲ့ စာအုပ်ဆိုင်တွေဟာ မရှိမဖြစ်လိုအပ်ပါတယ်။ စာပေဗိမာန်ဟာ ရန်ကုန်မြို့ရဲ့အချက် အချာနေရာမှာရှိတာကြောင့် လက်ရှိဖွင့်လှစ်နေတဲ့ စာပေဗိမာန် စာအုပ်အရောင်းဆိုင်မှာ သုတ၊ ရသ စာအုပ်စာတမ်းတွေ ပိုမိုစုံလင်အောင် ရောင်းချပေးနိုင်ဖို့၊ စာအုပ်ဆိုင်ကို လာကြတဲ့ စာပေစိတ်ဝင်စားသူများ သက်သောင့်သက်သာနဲ့ စာမြည်းပြီး နှစ်သက်ရာစာအုပ်တွေကို ဝယ်ယူနိုင်ဖို့၊ စာပေ စိတ်ဝင်စားသူများ ကို ဆွဲဆောင်နိုင်မယ့် အပြင်အဆင်တွေ ပြင်ဆင်နိုင်ဖို့စတဲ့ စာအုပ်ဆိုင်အဆင့်မြှင့်တင်နိုင်ရေးလုပ်ငန်းတွေကို ဆောင်ရွက် နိုင်အောင် အကောင်အထည်ဖော်လျက်ရှိပါတယ်။



စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်တွင် စာဖတ်ပရိသတ်များ စာအုပ်စာပေများကို လာရောက်လေ့လာဖတ်ရှုနေကြစဉ်

ဒါ့အပြင် စာဖတ်ရှိန်မြှင့်တင်နိုင်အောင်၊ ပြည်သူတွေ သုတ၊ ရသ စာပေတွေကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူခွင့်ရနိုင်အောင် လက်ရှိဖွင့်လှစ်ထားတဲ့ စာပေဗိမာန်စာအုပ်ဆိုင်အပြင် စာပေ ဗိမာန်မှာပဲ အဆင့်မီစာပေဗိမာန်စာအုပ်ဆိုင်တစ်ဆိုင် အသစ်ဖွင့် လှစ်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။

စာပေဗိမာန်ဟာ စာပေဖွံ့ဖြိုးမှုလုပ်ငန်းတွေကို ဆောင်ရွက် ရုံသာမက ပြည်သူများ သုတ၊ ရသစာပေများ ဖတ်ရှုလေ့လာ ခံစားနိုင်အောင် ရန်ကုန်နဲ့ မန္တလေးတို့မှာ စာပေဗိမာန် ပြည်သူ့ စာကြည့်တိုက်တွေ တည်ထောင်ဖွင့်လှစ်ပြီး ပြည်သူကိုဝန်ဆောင် မှုပေးနေပါတယ်။ ရန်ကုန်မှာရှိတဲ့ စာပေဗိမာန်ပြည်သူ့စာကြည့် တိုက်မှာ ပြည်သူတွေဖတ်ရှုနိုင်အောင် စာအုပ်စာပေတွေကို ဖြည့်ဆည်းပေးထားတဲ့အပြင် e-Book တွေကို e-catalogue နဲ့ အလွယ်တကူ ရှာဖွေနိုင်အောင်၊ ခွင့်ပြုထားတဲ့ စာအုပ်တွေကို Download ဆွဲနိုင်အောင်၊ Wi-Fi အသုံးပြုနိုင်အောင်၊ PDLS စက်အသုံးပြုပြီး စာအုပ်တွေဖတ်ရှုနိုင်အောင်၊ Download ဆွဲနိုင်အောင် ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ ပြည်သူ တွေကို မျက်နှာမူပြီး ဒီထက်ပိုမိုကောင်းမွန်ပြည့်စုံတဲ့ ဝန်ဆောင်မှု တွေပေးနိုင်အောင် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ကို နိုင်ငံ တကာ အဆင့်မီစာကြည့်တိုက်ဖြစ်အောင် မွမ်းမံပြင်ဆင်ဖို့ စီမံ ဆောင်ရွက်လျက်ရှိပါတယ်။

ပုံနှိပ်စက်ရုံတွေ အခန်းကဏ္ဍအနေနဲ့ ရန်ကုန်မြို့မှာ ပုံနှိပ် စက်ရုံ ငါးရုံ၊ မန္တလေးမြို့မှာ ပုံနှိပ်စက်ရုံ တစ်ရုံ၊ နေပြည်တော်မှာ ပုံနှိပ်စက်ရုံ တစ်ရုံ စုစုပေါင်း ပုံနှိပ်စက်ရုံ ခုနစ်ရုံနဲ့ လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ အရင်က ပညာရေးဝန်ကြီးဌာနက အပ်နှံတဲ့ ကျောင်းသုံးစာအုပ်တွေကို အဓိကပုံနှိပ်ပေးပြီး နိုင်ငံ တော်ရဲ့ အရေးကြီးပုံနှိပ်လုပ်ငန်းတွေနဲ့ အခြားပုံနှိပ်လုပ်ငန်းတွေ ကိုလည်းဆောင်ရွက်ပေးပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအင်းစိန် မြို့နယ် အောင်ဆန်းဒေသမှာရှိတဲ့ ပုံနှိပ်စက်ရုံသုံးရုံမှာ အဆင့်မီ ပုံနှိပ်သင်တန်းကျောင်း ဖွင့်လှစ်သင်ကြားပေးပြီး ပုံနှိပ် လုပ်ငန်း အရည်အသွေး မြင့်မားလာအောင် ဆောင်ရွက်သွားမှာဖြစ် ပါတယ်။

**ဦးမောင်ဖေ**
**ခေတ္တညွှန်ကြားရေးမှူးချုပ်**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

**မေး ။ ။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေ နဲ့ လတ်တလောအကောင်အထည်ဖော်နေတဲ့ ပြည်သူ့ အတွက် ရက် ၁၀၀ စီမံချက်မှာ ဘယ်ကဏ္ဍတွေကို ဦးစားပေး ဆောင်ရွက်သွားမယ်တာဆိုတာကို သိချင်ပါတယ်။**

ဖြေ ။ ။ ကျွန်တော်တို့ဌာနရဲ့ ရက်ပေါင်း ၁၀၀ အတွင်းမှာ ဆောင်ရွက်မယ့်လုပ်ငန်းတွေထဲကနေပြီးတော့ အဓိက ဆောင်ရွက်မယ့်လုပ်ငန်းနှစ်ခုပေါ့။ ပထမလုပ်ငန်းကတော့ ကျွန်တော်တို့ရုံးတွေရဲ့ စာကြည့်တိုက်တွေကို ဝန်ဆောင်မှု အဆင့်မြှင့်တင်တဲ့အနေနဲ့ Innovative Service တွေကို ဆောင်ရွက်သွားဖို့အစီအစဉ်ရှိပါတယ်။ အဲ့ဒါတွေကို ၂၀၁၃ ခုနှစ်က ကော့မှူးမြို့နယ်မှာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနဲ့ ပူးပေါင်းပြီး Community Library အဖြစ်ဆောင်ရွက်ခဲ့ ပါတယ်။ အဲ့ဒီကမှ Community Centre အဖြစ်တိုးမြှင့် ဆောင်ရွက်သွားဖို့ရှိပါတယ်။ လက်ရှိဆောင်ရွက်ခဲ့တဲ့ ကော့မှူးမြို့နယ်က အောင်မြင်မှုတွေကိုယူပြီးတော့ ကျန်တဲ့ နတ်မောက်ရယ်၊ ကလောရယ်၊ မြောင်းမြရယ်၊ နေပြည်တော်ရယ် အဲ့ဒီလေးမြို့ကို ဒီရက် ၁၀၀ အတွင်းမှာ အဆင့်မြှင့်တင် ဆောင်ရွက်သွားဖို့ရှိပါတယ်။

အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ဌာနက ဒုညွှန်ချုပ်ဦးစီးတဲ့အဖွဲ့ရယ်၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကဖွဲ့ ထားတဲ့ အင်ဂျင်နီယာအဖွဲ့တွေ ပူးပေါင်းပြီးတော့ ပြီးခဲ့တဲ့လရဲ့ ပထမအပတ်မှာ Survey လုပ်ပြီး ဆောင်ရွက်နေတာရှိပါတယ်။ မကြာခင်မှာ MoU ထိုးပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာပါ။ အဲ့ဒီဟာတွေကို အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ဆိုရင် နောက်ဆက်ပြီးတော့လည်း တိုင်း ဒေသကြီးနဲ့ ခရိုင်တွေမှာရှိတဲ့ ခရိုင်ရုံးကြီးတွေကို ထပ်မံတိုးချဲ့ ပြီး စီမံချက်နဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တစ်ခါတည်း တစ်ပြိုင်တည်းမှာပဲ ရန်ကုန်နဲ့ မန္တလေး မှာလည်း ရန်ကုန်မှာဆို ငါးနေရာ၊ မန္တလေးမှာ သုံးနေရာ Community Centre အဖြစ်ရွေးချယ်ပြီးတော့ ဆောင်ရွက် သွားမှာပါ။ မေလ ၁၄ ရက်နေ့ကလည်း ဝန်ကြီးကိုယ်တိုင် ပန်းဆိုး တန်းရုံးမှာရှိတဲ့ ရန်ကုန်အနောက်ပိုင်းခရိုင် ပညာအလင်း ခေတ်မီစာကြည့်တိုက်ကို သွားရောက်စစ်ဆေးပြီးတော့ အဲ့ဒီ စာကြည့်တိုက်တွေကို Community Library အဖြစ် ဆောင်ရွက်ဖို့အတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနဲ့ပူးပေါင်းပြီး ဆောင်ရွက်သွားဖို့ လမ်းညွှန်မှုပြုပြီး ဖြစ်ပါတယ်။ အဲ့ဒီလိုပဲ မန္တလေးမှာလည်း သုံးခုဆောင်ရွက်သွားဖို့အစီအစဉ် ရှိပါတယ်။ ဒါကတော့ စာကြည့်တိုက်တွေကို အဆင့်တိုးမြှင့် ဝန်ဆောင်မှု ပေးမယ့်စနစ်ပဲ ဖြစ်ပါတယ်။

ဒုတိယအနေနဲ့ ကျွန်တော်တို့ အဓိကလုပ်မယ့် လုပ်ငန်း ကတော့ သတင်းဝန်ဆောင်မှုပေးမယ့်လုပ်ငန်းဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနမှာ ရှိတဲ့ ရုံးတွေက များသောအားဖြင့် မြို့နယ်၊ မြို့နယ်ခွဲအထိ တစ်နိုင်ငံလုံးမှာ ၃၁၄ ရုံးအထိ စာကြည့်တိုက် တွေ ဖွင့်လှစ်ပြီး ဆောင်ရွက်နေတာဖြစ်တယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ဝန်ထမ်းတွေက အနယ်နယ်အရပ်ရပ်မှာရှိတဲ့ အတွက်ကြောင့်မို့လို့ ပြည်သူတွေထဲကို နိုင်ငံတော်အစိုးရရဲ့ မူဝါဒလေးရပ်အရ အကောင်အထည်ဖော်နေတဲ့ လုပ်ငန်းစဉ် တွေကို ပြည်သူတွေသိအောင် ထဲထဲဝင်ဝင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲ့ဒီလို ဆောင်ရွက်တဲ့ နေရာမှာ ကျွန်တော်တို့ လုပ်နေတဲ့ ဟောပြောပွဲတွေ၊ လက်ကမ်းစာစောင်တွေ၊ နံရံကပ် ဘုတ်တွေနဲ့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ ဝန်ထမ်းတွေက ပြည်သူ တွေထဲကနေပြီးတော့ ပြည်သူတွေရဲ့အသံတွေ၊ ပြည်သူတွေရဲ့ ခံစားချက်တွေ၊ အကြံပြုချက်တွေ၊ ပြည်သူတွေရဲ့သိရှိစေချင်တဲ့ အချက်တွေကို ပြန်လည်ရယူပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့၊ ဝန်ကြီးရုံးနဲ့ ဌာနတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေ သိအောင် ကျွန်တော်တို့က ပြန်လည်တင်ပြ ဆောင်ရွက်သွား မှာဖြစ်ပါတယ်။

**ဦးကျော်စိုး**
**ဦးဆောင်ညွှန်ကြားရေးမှူး**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

**မေး ။ ။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေနဲ့ သတင်းမီဒီယာ ကဏ္ဍ ဖွံ့ဖြိုးအောင် ရက် ၁၀၀ အတွင်း ဘယ်လိုမူဝါဒ တွေနဲ့ ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်သွားဖို့ ရှိပါသလဲ။**

ဖြေ ။ ။ သတင်းနဲ့ စာနယ်ဇင်းလုပ်ငန်းအနေနဲ့ နေ့စဉ်ထုတ် သတင်းစာ သုံးစောင်ကို ပုံနှိပ်ထုတ်ဝေလျက်ရှိပါတယ်။ အဲ့ဒီလိုထုတ်ဝေရာမှာ နိုင်ငံပိုင်သတင်းစာဖြစ်တဲ့ မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာ နှစ်စောင်နဲ့ ပုဂ္ဂလိကနဲ့ အကျိုးတူ Joint Venture စနစ်ဖြင့် အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့ Global New Light of Myanmar သတင်းစာတို့ပဲဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့သစ်ရဲ့ ပြည်သူ့အတွက် ပထမ ရက် ၁၀၀ ဆောင်ရွက်မှုအစီအစဉ်မှာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေနဲ့ နေ့စဉ်ထုတ်သတင်းစာ တွေကို အသွင်သဏ္ဌာန်နဲ့ အနှစ်သာရပိုင်း ပြုပြင်ပြောင်းလဲမှု အမြတ်အစွန်းကို ဦးစားမပေးဘဲ ပြည်သူ့အတွက် ဝန်ဆောင်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်မှုဆိုတဲ့ အပိုင်းနှစ်ပိုင်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။

အဲ့ဒီလို သတင်းစာတွေ အသွင်သဏ္ဌာန်နဲ့ အနှစ်သာရပြုပြင် ပြောင်းလဲရေး ဆောင်ရွက်မှုအပိုင်းမှာ မြန်မာ့အလင်းနဲ့ ကြေးမုံ သတင်းစာတွေရဲ့ သတင်းစာအမည်၊ လိုဂိုနဲ့ ဒီဇိုင်းတွေကို အဲဒီသတင်းစာတွေရဲ့မူလအမှတ်တံဆိပ် ထိန်းသိမ်းမှုနဲ့ပြောင်း လဲဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် သတင်းစာမှာ စာလုံးပုံစံ၊ စာဖောင်ပြင်ဆင်စုဖွဲ့မှုနဲ့ ဒီဇိုင်းများဆန်းသစ်တီထွင်မှုတွေကို လည်း ပြောင်းလဲဆောင်ရွက်နေပါတယ်။ သတင်းရေးသားရာ မှာလည်း သတင်းခေါင်းစဉ်တပ်တဲ့ပုံစံကစပြီး သတင်းအရေး အသားပုံစံတွေကို ပြောင်းလဲဆောင်ရွက်နေပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ ဝါဒဖြန့်ချိမှုမျိုးမဟုတ်ဘဲ နိုင်ငံတော် အစိုးရရဲ့လုပ်ဆောင်ချက်တွေကို ပြည်သူတွေသိရှိနိုင်ဖို့ အစီရင်ခံ တဲ့ပုံစံဖော်ပြပေးဖို့နဲ့ တစ်ချိန်တည်းမှာ နိုင်ငံရဲ့ကဏ္ဍစုံမှာ လစ်ဟာ ချက်၊ ချို့ယွင်းအားနည်းချက်များ ရှိနေမှုအပေါ် ထောက်ပြမှု၊ ဝေဖန်သုံးသပ်မှုနဲ့ အကြံပြုချက်ပုံစံများနဲ့ ပြည်သူ့ဆန္ဒများ၊ လိုလားချက်များကို တာဝန်ရှိသူတွေ သိရှိဆောင်ရွက်နိုင်ဖို့ ဖော်ပြပေးတဲ့ “အသွားအပြန်ရှိတဲ့ ပေါင်းကူးတံတားပုံစံမျိုး ” ကြိုးပမ်းဆောင်ရွက်နေပါတယ်။

ဒါ့အပြင် ထိလွယ်ရှလွယ်ရှိနိုင်ပြီး အကဲဆတ်တဲ့သတင်း အချက်အလက်များကို ဂရုပြုပြီး စာနယ်ဇင်းကျင့်ဝတ်နဲ့အညီ စိစစ်ထိန်းသိမ်းဆောင်ရွက်သွားမှာဖြစ်သလို လွတ်လပ်စွာ ထုတ် ဖော်ပြောဆိုရေးသားဖော်ပြခွင့် တိုးတက်စေဖို့အတွက်လည်း အားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲ့ဒီလို မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာတွေကို စာမျက်နှာ(၃၂)မျက်နှာနဲ့ ထုတ်ဝေ လျက်ရှိရာမှာ ကြော်ငြာစာမျက်နှာတွေကို လျှော့ချပြီး ပြည်သူ့ အကျိုးပြုသတင်းစာမျက်နှာတွေ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါ တယ်၊ အခြားတစ်ဖက်မှာလည်း ကြော်ငြာလုပ်ငန်းနဲ့ ပြည်သူကို ဝန်ဆောင်မှုပေးဖို့ တာဝန်ရှိတာကြောင့် ကြော်ငြာဝင်ရောက်မှု အပေါ်မူတည်ပြီး ပြည်သူ့လိုအပ်ချက်ကိုလည်း ဖြည့်ဆည်း ဝန်ဆောင်မှုပေးသွားမှာဖြစ်ပါတယ်။

ကြော်ငြာများလျှော့ချရာမှာလာမယ့် ဇွန်လ ၁ ရက်နေ့က စပြီး ပြင်ပကြားညှပ်ကြော်ငြာများကို လျှော့ချထားပါတယ်။ အဲ့ဒီလိုလျှော့ချလိုက်ခြင်းအားဖြင့် ပြင်ပကြားညှပ် ကြော်ငြာ စာမျက်နှာတွေမှာ ပါဝင်မယ့် ကြော်ငြာတွေဟာ အခြား သတင်းစာနဲ့ ဂျာနယ်တွေဆီကို ခွဲဝေရောက်ရှိသွားမယ်ဆိုရင် သူတို့အတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူ ဖြစ်လိမ့်မယ်လို့ ထင်မြင်ပါတယ်။

ဒီလိုဆောင်ရွက်မှုကြောင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မှာ ပြင်ပ ကြားညှပ်ကြော်ငြာလုပ်ငန်းများမှ ရရှိနေတဲ့ ဝင်ငွေ လျော့နည်းသွားမှာ ဖြစ်သော်လည်း သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းအနေနဲ့ အမြတ်အစွန်းကို ဦးစားမပေးဘဲ ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းကို အဓိကထားပြီး ဆောင်ရွက်သွားမှာ ဖြစ်ပြီး ပြည်သူ့ဘဏ္ဍာငွေ မဆုံးရှုံးစေရန်အတွက်သာ ချိန်ဆပြီး ဂရုပြုဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒါ့အပြင် သတင်းစာဖြန့်ချိရေး လုပ်ငန်းတွေကိုလည်း ပြည် သူ့ထံ အချိန်စောစီးစွာ ဖြန့်ချိနိုင်ဖို့အပြင် လက်လှမ်းမီတဲ့ကျေး ရွာတွေအထိ သတင်းစာများ ရောက်ရှိနိုင်ဖို့ကိုလည်း ရည်မှန်း ချက်ထားပြီး ပို့ဆောင်မှုနည်းလမ်းများ တိုးမြှင့်ဆောင်ရွက် လျက်ရှိပါတယ်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေနဲ့ နိုင်ငံပိုင်သတင်းစာ များကို အသွင်သဏ္ဌာန်နဲ့ အနှစ်သာရတိုးတက်ပြောင်းလဲရေး၊ အမြတ်အစွန်းကို ဦးစားမပေးဘဲ ပြည်သူတွေကို အကျိုးပြုတဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေ တိုးမြှင့်ဆောင်ရွက်ရေး မျှော်မှန်းချက်တွေနဲ့အညီ ပြည်သူ့အတွက် ပထမရက် ၁၀၀ အစီအမံမှာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

# မိုးခေါင်တော့လည်းမကောင်း ရေဖောင်တော့လည်းမလွယ်

သိပ္ပံစာရေးဆရာကိုကိုအောင်

၁၉၆၅ ခုနှစ်မှ ၁၉၆၇ ခုနှစ် ကာလများအတွင်းက အိန္ဒိယနိုင်ငံတစ်ဝန်း မိုးခေါင်ခဲ့မှုကြောင့် လူခြောက်သန်းခန့် အသက်ဆုံးရှုံးခဲ့ရသည်။ ကမ္ဘာပေါ်ရှိ အရပ်ဒေသအသီးသီးတို့၌ မိုးခေါင်မှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုတန်ဖိုးသည် ရေကြီးရေလျှံဖြစ်မှုများကြောင့် ပျက်စီးဆုံးရှုံးရသောတန်ဖိုးထက် ပို၍ကြီးမားသည်ကို သာမန်အားဖြင့် ဂရုပြုမိလေ့ မရှိကြပေ။ မိုးခေါင်ရေရှားဖြစ်မှုသည် ရေကြီးရေလျှံ ဖြစ်မှုများကဲ့သို့ ကမ္ဘာ့သတင်းမျက်နှာစာများပေါ်၌ ထင်ရှားပေါ်လွင်မှုမရှိသော်လည်း တကယ့်လက်တွေ့၌မူ မိုးခေါင်မှုဒဏ်ကြောင့် ခံစားရသောဆိုးကျိုးများနှင့် ဆက်စပ်ဆိုးကျိုးများ၏ အတိုင်းအဆ ပမာဏက ရေကြီးရေလျှံဖြစ်မှု၏ အကျိုးဆက်များထက် ပို၍ကြီးမားကျယ်ပြန့်သည်။

မိုးခေါင်သည့်ဒေသများတွင် ရေအလုံအလောက်မရရှိသော ပြဿနာကြောင့် ဒေသခံပြည်သူများ၏ အသက်ရှင်ရပ်တည်ရေးကို ခြိမ်းခြောက်ခံနေရသည်။ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် အလယ် တောင်ကြားဒေသ၌ ကာလရှည်မိုးခေါင်မှုကြီး ဖြစ်ပေါ်ခဲ့သည့်အတွက် မြေအောက်ရေများကို အားကိုးအားထားပြုခဲ့ကြရသည်။ ကယ်လီဖိုးနီးယားပြည်နယ်၏ အရှေ့ဘက်၌ရှိသော ကမ္ဘာ့နာမည်ကျော် ရေကန်များ၌လည်း ရေများခန်းခြောက်သွားခဲ့သည်။ ဒေသခံပြည်သူများမှာ သောက်သုံးရေရရှိနိုင်သော အရပ်ဒေသများသို့ ပြောင်းရွှေ့နေထိုင်ကြရသည်အထိ ဖြစ်ခဲ့ရသည်။

ကမ္ဘာပေါ်၌ ဆဋ္ဌမမြောက်အကြီးဆုံး ရေကန်ကြီးဖြစ်သော ချဒ်ရေကန်သည် အကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ပေါင်း ၉၇၀၀ ရှိသည်။ ဆာဟာရသဲကန္တာရတောင်ပိုင်းနှင့် ကပ်လျက်၌တည်ရှိသော ထိုရေကန်ကြီးကိုအကြောင်းပြု၍ နိုင်ဂျီးရီးယား၊ နိုင်ဂျာ၊ ချဒ်နှင့် ကင်မရွန်းစသော နိုင်ငံများ၏ စိုက်ပျိုးမွေးမြူရေးနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ထိုဒေသတွင် မိုးခေါင်မှုအကြီးအကျယ်ဖြစ်ပေါ်ခဲ့သည့်အပြင် ရေဝေဒေသများမှ ချဒ်ရေကန်ကြီးဆီသို့ စီးဝင်လာသောရေများကို ဆည်နှင့်တမံများတည်ဆောက်ကာ ကြားဖြတ်ရယူနေကြသည့်အတွက် ချဒ်ရေကန်ကြီး၏ ရေပမာဏမှာ လက်ရှိအချိန်တွင် တစ်ဆယ်ရာခိုင်နှုန်းသာ ကျန်ရှိတော့သည်။

မိုးခေါင်ခြင်းသည် လတ်တလောအားဖြင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးခြင်း၊ သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်ခြင်း၊ အပူဒဏ်လွန်ကဲခြင်း စသည်တို့ကို ခံစားကြရစေသလို... ဆက်စပ်ဆိုးကျိုးများအဖြစ်လည်း ရေအရင်းအမြစ်များ လျော့နည်းခန်းခြောက်ခြင်း၊ မြေဆီလွှာပျက်သုဉ်းခြင်း၊ သဲကန္တာရ ကျယ်ပြန့်လာခြင်းတို့ကို ကြုံတွေ့ရစေသည်။ သာဓကအားဖြင့် တရုတ်နိုင်ငံမြောက်ပိုင်းရှိ ဂိုဘီသဲကန္တာရကြီး တဖြည်းဖြည်း ကျယ်ပြန့်လာနေခြင်းကြောင့် ယင်းနှင့်နီးကပ်စွာတည်ရှိပြီး စိုက်ပျိုးမွေးမြူရေးကို အားထားလုပ်ကိုင်ကြသောကျေးရွာအချို့ကို ရွှေ့ပြောင်းပေးနေကြရသည်။

အရပ်ဒေသတစ်ခု၌ မိုးရေချိန်ပမာဏရရှိမှုကို အကြောင်းပြု၍ မိုးခေါင်မှုဖြစ်စဉ်ကို တိုင်းတာသတ်မှတ်ကြသည်။ ကာလအတိုင်းအတာတစ်ခုအတွင်း၌ ပုံမှန်ရွာသွန်းမြဲမိုးရေချိန် ပမာဏအောက် များစွာလျော့နည်းရရှိခဲ့လျှင် ထိုကာလအတွင်း၌ မိုးခေါင်သည်ဟု ယေဘုယျအားဖြင့် သတ်မှတ်သည်။ ရှေးကာလကတည်းက အစဉ်အဆက် မိုးရေချိန် ရရှိမှုပမာဏ နည်းပါးသောဒေသ၊ တစ်နည်းဆိုရသော် မိုးနည်းရပ်ဝန်းဒေသများတွင် ပုံမှန်အားဖြင့် မိုးရွာသွန်းနေကျကာလအတွင်း မိုးရွာသွန်းမှုလုံးဝမရှိခြင်းသည်လည်း မိုးခေါင်မှုဖြစ်စဉ် ပေါ်ပေါက်နေခြင်း ဖြစ်သည်။

မိုးရွာသွန်းမှု အလွန်နည်းပါးခြင်းဖြစ်စဉ်ကို ဖြစ်ပေါ်စေသောအကြောင်းရင်း အခြေခံမှာ ဖိအားများသည့် လေထုပင် ဖြစ်သည်။ ဖိအားများနေသောလေထုသည် အပေါ်ဘက်သို့မတက်ရောက်နိုင်ဘဲ အောက်ဘက်သို့ပြန်လည်နိမ့်ဆင်းနေသည့်အတွက် မိုးအဖြစ် ရွာမချနိုင်ပေ။ ဖိအားများသောလေ၏ သဘောသဘာဝအရ နီးကပ်စွာတည်ရှိနေသော တိမ်တိုက်များကို ဝေးရာဆီသို့ တွန်းထုတ်ပစ်တတ်ကြသည့်အတွက် ထိုအရပ်တွင် မိုးမရွာဘဲ တိမ်ကင်းစင်ကာ ကောင်းကင်ပြာနှင့်အတူ နေရောင်ကို ထွန်းလင်းတောက်ပစေသည်။ သာမန်အားဖြင့် အရပ်ဒေသတစ်ခု၌ရှိသော လေထု၏ဖိအားသည် များလိုက်နည်းလိုက်ဖြစ်ပေါ်တတ်သော်လည်း တစ်ခါတစ်ရံ၌မူ ထူးခြားဖြစ်စဉ်အနေဖြင့် နေ့စဉ်ရက်ဆက်ဆိုသလို ဖိအားများနေသည့်အခါ မိုးမရွာသည့်ကာလ ရှည်ကြာပြီး မိုးခေါင်မှုဖြစ်ပေါ်လာသည်။

မိုးခေါင်မှုကို ဖြစ်ပေါ်စေသည့် နောက်ထပ်အကြောင်းရင်းတစ်ခုမှာ ပင်လယ်နှင့် သမုဒ္ဒရာရေများ အငွေ့ပြန်မှုကြောင့် ဖြစ်ပေါ်လာသော ရေငွေ့အစုအဝေးသည် ပုံမှန်ရောက်နေကျအရပ်ဒေသတစ်ခုသို့ ရောက်မလာခြင်းပင် ဖြစ်သည်။ အိန္ဒိယသမုဒ္ဒရာမှ တိုက်ခတ်လာသော မုတ်သုံလေသည် သမုဒ္ဒရာရေပြင်ပေါ်မှ ရေငွေ့များကို သယ်ဆောင်ပေးခြင်းကြောင့် မြန်မာနိုင်ငံအပါအဝင် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၌ မိုးရွာသွန်းမှုကို ဖြစ်ပေါ်စေသည်။ မုတ်သုံလေတိုက်ခတ်မှုအင်အား လျော့နည်းခြင်းကြောင့် သမုဒ္ဒရာရေငွေ့များကို သယ်ဆောင်နိုင်စွမ်းကျဆင်းသွားသည်ဖြစ်စေ၊ မုတ်သုံလေတိုက်ခတ်ရာလမ်းကြောင်း ပြောင်းလဲသွားသည်ဖြစ်စေ အဆိုပါဒေသနိုင်ငံများ၌ မိုးခေါင်မှုများ ဖြစ်ပေါ်လာတော့သည်။



တရုတ်နိုင်ငံမြောက်ပိုင်းမှ တဖြည်းဖြည်းကျယ်ပြန့်လာနေသော ဂိုဘီသဲကန္တာရကြီး

တောင်စဉ်တောင်တန်းများသည်လည်း တောင်ကွယ်ရာအရပ်ဒေသများကို မိုးခေါင်မှုဖြစ်ပေါ်စေနိုင်သည်။ ရေငွေ့များကို သယ်ဆောင်လာသောလေသည် တောင်ကိုဖြတ်ကျော်သည့်အခါ အမြင့်သို့တက်ရင်း အေးလာသည့်အတွက် မိုးအဖြစ် ရွာသွန်းကြလေ့ရှိရာ... တောင်ကိုဖြတ်ကျော်ပြီးချိန်၌ ရေငွေ့နည်းသွားပြီး တောင်ကွယ်ရာအရပ်များ၌ မိုးခေါင်မှုကို ဖြစ်ပေါ်စေခြင်း ဖြစ်သည်။

ပုံမှန်ရှိသင့်သည့်အနေအထားထက် ပို၍အေးမြသော သမုဒ္ဒရာရေနှင့် ပို၍ပူနွေးသော သမုဒ္ဒရာရေများသည်လည်း ဖိအားများသည့် လေထုကို ဖန်တီးဖြစ်ပေါ်စေသည်ဖြစ်၍ မိုးခေါင်မှုကို ဖြစ်ပေါ်စေနိုင်သည်။ သာဓကအားဖြင့် ပစိဖိတ်သမုဒ္ဒရာ၌ ဖြစ်ပေါ်လာတတ်သော အယ်နီညိုရေနွေးစီးကြောင်းသည် ပစိဖိတ်သမုဒ္ဒရာ၏ အရှေ့ဘက်ခြမ်း မြောက်အမေရိကတိုက်၌ မုန်တိုင်းများကို ဖြစ်ပေါ်စေသော်လည်း အနောက်ဘက်ခြမ်းရှိ အာရှ၊ ဩစတြေးလျနှင့် အာဖရိကတိုက်၏ အရှေ့တောင်ဒေသတို့တွင် မိုးခေါင်မှုကို ဖြစ်ပေါ်စေသည်။ ထို့အတူ လာနီညာရေအေးစီးကြောင်းများကလည်း ပစိဖိတ်သမုဒ္ဒရာ၏ အရှေ့ဘက်ခြမ်းရှိမြောက်အမေရိကတိုက်ကို မိုးခေါင်စေပြီး အာရှ၊ ဩစတြေးလျနှင့် အာဖရိက အရှေ့တောင်ဒေသတို့ကို စွတ်စိုသော ရာသီဥတုဖြစ်ပေါ်စေသည်။

တောင်လတ္တီတွဒ် ၃၀ ဒီဂရီနှင့် မြောက်လတ္တီတွဒ် ၃၀ ဒီဂရီဝန်းကျင်ဒေသများတွင် လေထုအပေါ်ယံလွှာရှိ ပူနွေးသောလေစိုင်များက အောက်ဘက်သို့ စဉ်ဆက်မပြတ် စုန်ဆင်းနေကြသည့်အတွက် ထိုအရပ်ဒေသများသည် မိုးခေါင်လွန်းသော ဒေသများ ဖြစ်လာရသည်။ ထို့ကြောင့်ပင် မြောက်လတ္တီတွဒ် ၃၀ ဒီဂရီနှင့် တောင်လတ္တီတွဒ် ၃၀ ဒီဂရီ ဝန်းကျင်တွင် သဲကန္တာရများ ကျယ်ပြန့်စွာတည်ရှိနေကြခြင်း ဖြစ်သည်။

လွန်ခဲ့သော ရာစုနှစ်ဝက်ခန့်မှစ၍ မိုးခေါင်မှုကိုဖြစ်ပေါ်စေသော ခေတ်သစ်အကြောင်းတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ ယင်းသည်ကား ကမ္ဘာကြီး ပိုမိုပူနွေးလာနေခြင်းပင် ဖြစ်သည်။ တရိပ်ရိပ်တက်လာနေသော ကမ္ဘာ့အပူချိန်ကြောင့် ပူနွေးသောလေထုသည် မြေကြီးထဲရှိ ရေငွေ့များကို အဆတိုး၍ စုပ်ယူနေသောကြောင့် ကမ္ဘာ့မြေမျက်နှာပြင်ခြောက်သွေ့မှု ဖြစ်ပေါ်လာခဲ့သည်။ အကျိုးဆက်အဖြစ် ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းတွင် မိုးခေါင်မှုဖြစ်ပွားသော အရပ်ဒေသများ၏ အကျယ်အဝန်း နှစ်ဆတိုးလာခဲ့သည်။ ကမ္ဘာကြီး ပို၍ပူနွေးလာနေခြင်းကြောင့် ကမ္ဘာ့မျက်နှာပြင်၏ ၃၀ ရာခိုင်နှုန်းဖြစ်သော ကုန်းမြေဒေသများပေါ်၌ဖြစ်ပေါ်သည့် မိုးခေါင်မှုဖြစ်စဉ်များတွင် ကမ္ဘာ့မျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းဖြစ်သော သမုဒ္ဒရာနှင့် ပင်လယ်ရေထုတို့က ပါဝင်ပတ်သက်လာကြတော့သည်။

ကမ္ဘာကြီး ပိုမိုပူနွေးလာနေမှုကြောင့် ၁၉၈၂ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း အိန္ဒိယသမုဒ္ဒရာရေပြင်၏အပူချိန်သည် ၀ ဒသမ ၂၅ ဒီဂရီ စင်တီဂရိတ် တက်လာခဲ့သည်။ အကျိုးဆက်အဖြစ် အိန္ဒိယသမုဒ္ဒရာတောင်ပိုင်းတွင် ပုံမှန်တိုက်ခတ်နေကျကုန်သည်လေများ အားပျော့သွားကာ သမုဒ္ဒရာအနက်ပိုင်းရှိ အေးသောရေများ အပေါ်သို့ဆန်တက်လာမှု ၇၀ ရာခိုင်နှုန်းခန့် လျော့ကျသွားခဲ့သည်။ အဆိုပါဖြစ်စဉ်ကြီးသည် နှစ်ကာလကြာရှည်စွာ ဖြစ်ပေါ်နေမည်ဆိုပါက အိန္ဒိယသမုဒ္ဒရာ ဝန်းကျင်ရှိဒေသများ၌ မိုးခေါင်လာဖွယ်ရှိသည်။ အထူးသဖြင့် အာဖရိကတောင်ပိုင်းဒေသများ၌ ပို၍မိုးခေါင်လာနိုင်သည့် အခြေအနေ ဖြစ်ပေါ်လာဖွယ်ရှိနေသည်။

အခြားတစ်ဖက်တွင်လည်း ပိုမိုပူနွေးလာသည့် ကမ္ဘာ့အပူချိန်ကြောင့် ရေငွေ့ပြန်မှုပမာဏ ပိုမိုများပြားလာပြီး ရေသံသရာလည်ခြင်းဖြစ်စဉ်က ပို၍မြန်ဆန်လာလျက်ရှိနေသည်။

ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ လွှတ်တင်ထားသော ရာသီဥတုစောင့်ကြည့်လေ့လာရေး ဂြိုဟ်တုများက တိုင်းတာပေးပို့ချက်များအရ ကမ္ဘာ့သမုဒ္ဒရာရေပြင်၏ အပေါ်၌ရှိသော လေထုအတွင်း၌ ရေငွေ့ပါဝင်ဖွဲ့စည်းနေမှုသည် ၁၉၈၈ ခုနှစ်မှ ၁၉၉၈ ခုနှစ်အတွင်း တစ်ရာခိုင်နှုန်းမြင့်တက်လာကြောင်း တွေ့ရှိရသည်။

ကုန်းမြေဒေသများပေါ်၌မူ လေထုအတွင်း၌ ရေငွေ့ပါဝင်ဖွဲ့စည်းမှုသည် ၁၉၇၃ ခုနှစ်မှစ၍ တစ်နှစ်လျှင် ငါးရာခိုင်နှုန်းခန့် တိုးလာခဲ့သည်။ ကုန်းမြေဒေသများအားလုံး မဟုတ်သော်လည်း အချို့နေရာများတွင် ၁၉၉၃ ခုနှစ်ထိတိုင် အနှစ်နှစ်ဆယ်လုံးလုံး တစ်နှစ်လျှင် ငါးရာခိုင်နှုန်းခန့် မှန်မှန်ကြီး တိုးလာနေခဲ့သည်။ ယင်းကဲ့သို့ ရေငွေ့ပြန်မှုပမာဏ တိုးလာပြီး လေထုအတွင်း ရေငွေ့ပါဝင်ဖွဲ့စည်းမှု မြင့်တက်လာခဲ့လျှင် ကမ္ဘာ့မြေပြင်နှင့် ရေပြင်တို့အပေါ်သို့ မိုးအဖြစ်လည်းကောင်း၊ ဆီးနှင်းမိုးများအဖြစ်လည်းကောင်း ပြန်လည်ရွာချမှုပမာဏကလည်း ပို၍တိုးလာသည်။

ကမ္ဘာ့မြေပြင်ပေါ်သို့ မိုးရွာချသည့်အခါ သည်းထန်စွာရွာသွန်းခြင်း၊ မိုးရွာသွန်းမှု တစ်ကြိမ်နှင့်တစ်ကြိမ် နီးကပ်ခြင်း၊ မိုးသည်းထန်မှုမရှိသော်လည်း နေ့စဉ်ရက်ဆက်ဆိုသလို အဆက်မပြတ်ရွာသွန်းခြင်းများသည် ရေကြီးရေလျှံမှုများကို ဖြစ်ပေါ်စေသည်။ ရွာချနေသော မိုးရေချိန်ပမာဏ အလွန်များပြားလာသည့်အခါ ရေဝေဒေသများမှ စီးဝင်လာသော မိုးရေများကို မြစ်ချောင်းများက ရေအိုင်ကြီးများဆီသို့လည်းကောင်း၊ ပင်လယ်ထဲသို့ လည်းကောင်း၊ အလျဉ်မီအောင် ပို့ဆောင်စီးဆင်းနိုင်စွမ်း မရှိတော့သည့်အတွက် မြစ်ကမ်းဘေးနှင့် ချောင်းကမ်းပါးဒေသများ၌ ရေကြီးရေလျှံမှုကြီးများ ဖြစ်ပေါ်လာတော့သည်။

**မိုးခေါင်မှု၏ ဆက်စပ်ဆိုးကျိုးများထဲတွင် သဲကန္တာရများ ကျယ်ပြန့်လာနေခြင်းသည် ကြောက်စရာအကောင်းဆုံးပင် ဖြစ်သည်။ ကမ္ဘာ့ အရှေ့အလယ်ပိုင်းဒေသနှင့် တရုတ်ပြည် မြောက်ပိုင်းဒေသများသည် သဲကန္တာရနယ်မြေ ကျယ်ပြန့်စွာ တည်ရှိရာ ဒေသများဖြစ်ပြီး ထိုသဲကန္တာရနယ်မြေများသည် မည်သည့်အခါမျှ ထွန်ယက်စိုက်ပျိုး လုပ်ကိုင်စားသောက်နိုင်သောမြေအဖြစ်သို့ ပြန်လည်မရောက်ရှိနိုင်တော့သော နယ်မြေများဖြစ်ကြသည်**

ယင်းကဲ့သို့ ရေလွှမ်းမိုးမှုများကို ဖြစ်ပေါ်စေသော မိုးရွာသွန်းမှုပုံစံသည် ၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများ၌ သိသာစွာ ဖြစ်ပေါ်လာခဲ့သည်။ နောက်ပိုင်းတွင်မူ ထိုဖြစ်စဉ်ဖြစ်ရပ်မျိုးကို ကမ္ဘာ့ဒေသအနှံ့အပြားတွင် တွေ့ရှိလာရသည်။ တစ်ဖက်တွင်လည်း သစ်တောပြုန်းတီးနေမှုကြောင့် စီးဆင်းလာသောရေထုကြီးကို ခုခံဟန့်တားထားနိုင်မှုမရှိတော့သည့်အတွက် ရုတ်တရက် ရေလွှမ်းမိုးမှုကို ကြုံတွေ့နေကြရသည်။ လူဦးရေတိုးပွားလာသည့်အတွက် မြို့ရွာများတိုးချဲ့ခြင်းကြောင့်လည်း မိုးရေကို စုပ်ယူနိုင်သောမြေပြင်ဧရိယာ ကျုံ့သွားကာ ရေလွှမ်းမိုးမှုများကို ပို၍ဖြစ်ပေါ်လာစေသည်။

စက်မှုဖွံ့ဖြိုးမှု၏ အကျိုးဆက်ဖြစ်သော လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု မြင့်တက်လာနေခြင်းသည်လည်း ရေကြီးရေလျှံမှုကိုဖြစ်စေသော အကြောင်းရင်းတစ်ရပ် ဖြစ်လာသည်။ သစ်ပင်တို့၏ အလင်းဖွဲ့အစာချက်ဖြစ်စဉ်အတွင်း လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူကာ ပင်စည်ထဲ၌ ကာဗွန်အဖြစ် သိုမှီးထားကြရသလို...အမြစ်မှတစ်ဆင့် မြေကြီးထဲ၌ပါ အော်ဂဲနစ်ကာဗွန်အဖြစ် သိုလှောင်သိမ်းဆည်းထားကြရသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူရမှုပမာဏ လွန်ကဲများပြားလာသည့်အခါ မြေကြီးထဲမှ ရေကိုစုပ်ယူသောအမြစ်များရှိ ရေစုပ်ပေါက်များ ပိတ်သွားတော့သည်။ ဤသို့အားဖြင့် ကမ္ဘာ့မြေပြင်ပေါ်ရွာချသော မိုးရေများကို အပေါ်ယံမြေလွှာမှတစ်ဆင့် သစ်ပင်အမြစ်များက စုပ်ယူနိုင်စွမ်းလျော့ကျကာ မိုးရေစီးဆင်းမှုကို များပြားစေလျက် ရေကြီးရေလျှံမှုများကို ဖြစ်ပေါ်လာစေသည်။

ကမ္ဘာ့လေထုထဲ၌ ရေငွေ့ပါဝင်နှုန်း တိုးလာသည့်အတွက် အမေရိကန်ပြည်ထောင်စုတွင် မိုးရွာသွန်းမှုပမာဏ ငါးရာခိုင်နှုန်း ပိုမိုလာခဲ့ပြီး ကမ္ဘာ့မြောက်ဘက်စွန်းဒေသများ၌မူ နှစ်ဆယ်ရာခိုင်နှုန်းအထိ ပို၍တိုးလာခဲ့သည်။ ဥရောပတိုက်နေရာအနှံ့အပြား၊ ဩစတြေးလျတိုက်နှင့် အာဖရိကတိုက်တောင်ပိုင်းဒေသများတွင်လည်း မိုးနှင့်ဆီးနှင်းမိုးများရွာသွန်းမှုက ၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ အကျိုးဆက်များအဖြစ် ဒုတိယထောင်စုနှစ်၏ နောက်ဆုံးဆယ်နှစ်အတွင်း ကမ္ဘာ့ပြည်သူ သန်းပေါင်း ၁၅၀၀ ခန့်သည် ရေလွှမ်းမိုးမှုဒဏ်ကို ခံခဲ့ကြရသည်။

မှတ်တမ်းများအရ ကမ္ဘာ့အကျယ်ပြန့်ဆုံးသော မြစ်ဝှမ်းဒေသများ၌ အကြီးကျယ်ဆုံးသော ရေလွှမ်းမိုးမှု ၂၁ ကြိမ်ဖြစ်ပေါ်ခဲ့ကာ ယင်းတို့အနက် ၁၆ ကြိမ်မှာ ၁၉၅၃ ခုနှစ်နောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရှိရပြီး အဆိုပါ တွေ့ရှိချက်က ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု စတင်ဖြစ်ပေါ်ခဲ့ချိန်နောက်ပိုင်းမှစ၍ ရေလွှမ်းမိုးမှုအကြိမ် ပို၍များပြားလာကြောင်း ထောက်ပြလျက်ရှိနေသည်။ ထို့ပြင် အနာဂတ်ကာလများ၌ ကမ္ဘာ့ဒေသအနှံ့တွင် ရေဖောင်နေသောမြင်ကွင်းများကို ပိုမိုမြင်တွေ့ကြရလိမ့်မည်ဖြစ်ကြောင်းကိုလည်း အဆိုပါမှတ်တမ်းများက သတိပေးထောက်ပြလျက်ရှိနေကြသည်။

မြင့်တက်လာသော ကမ္ဘာ့အပူချိန်သည် အပူပိုင်းဒေသများ၏ ကောင်းကင်ယံရှိ အပေါ်လွှာလေထုအတွင်း တိမ်ဖြစ်ထွန်းမှုကို ပိုမိုများပြားလာစေပြီး ထိုဖြစ်ရပ်က အင်အားအလွန်ကြီးမားသော မုန်တိုင်းများနှင့် သည်းထန်လွန်းသော မိုးရွာသွန်းမှုများကို ဖိတ်ခေါ်လျက် ရှိနေသည်။ သမုဒ္ဒရာရေပြင်အပူချိန် တစ်ဒီဂရီစင်တီဂရိတ်တက်လာတိုင်း အပေါ်လွှာလေထု၌ တိမ်ဖြစ်ထွန်းမှုက ၄၅ ရာခိုင်နှုန်း တိုးလာလျက်ရှိရာ မိုးသည်းထန်စွာရွာသွန်းမှုကို တစ်ပါတည်းသယ်ဆောင်လာမည့် အင်အားအလွန်ကောင်းသော မုန်တိုင်းအရေအတွက်ကလည်း ဆယ်စုနှစ်တစ်စုလျှင် ခြောက်ရာခိုင်နှုန်း တိုးလာဖွယ်ရှိနေသည်။

မိုးခေါင်ခြင်းဖြစ်ရပ်များကြောင့် ကမ္ဘာ့အရပ်ဒေသအချို့တွင် သောက်သုံးရေအခက်အခဲဖြစ်ခြင်း၊ ကောက်ပဲသီးနှံများပျက်စီးဆုံးရှုံးခြင်း၊ အပူဒဏ်ကို လွန်ကဲစွာခံစားကြရခြင်း၊ ရေအရင်းအမြစ်များ လျော့နည်းခန်းခြောက်ခြင်း၊ သဲကန္တာရများကျယ်ပြန့်လာခြင်းစသော ဆိုးကျိုးများကို ခံစားကြရစေသလို... ရေဖောင်သော ဖြစ်ရပ်များကြောင့်လည်း ကမ္ဘာ့အရပ်ဒေသအချို့၌ ကောက်ပဲသီးနှံစိုက်ခင်းများ အကြီးအကျယ် ထိခိုက်ပျက်စီးခြင်း၊ လယ်ယာလုပ်ငန်းခွင်သုံး ကျွဲ၊ နွား တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးခြင်း၊ လူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ ကျရောက်ခံစားရခြင်း၊ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခြင်း၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး ကိစ္စရပ်များအပေါ် သိသာသော ထိခိုက်မှုများဖြစ်ပေါ်ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကြေးနှင့် အချိန်များစွာ အကုန်အကျခံရခြင်းစသော လူမှုဒုက္ခဆိုးများကို ခံစားကြရစေသည်။

မိုးခေါင်မှု၏ ဆက်စပ်ဆိုးကျိုးများထဲတွင် သဲကန္တာရများ ကျယ်ပြန့်လာနေခြင်းသည် ကြောက်စရာအကောင်းဆုံးပင် ဖြစ်သည်။ ကမ္ဘာ့ အရှေ့အလယ်ပိုင်းဒေသနှင့် တရုတ်ပြည် မြောက်ပိုင်းဒေသများသည် သဲကန္တာရနယ်မြေ ကျယ်ပြန့်စွာ တည်ရှိရာ ဒေသများဖြစ်ပြီး ထိုသဲကန္တာရနယ်မြေများသည် မည်သည့်အခါမျှ ထွန်ယက်စိုက်ပျိုး လုပ်ကိုင်စားသောက်နိုင်သောမြေအဖြစ်သို့ ပြန်လည်မရောက်ရှိနိုင်တော့သော နယ်မြေများဖြစ်ကြသည်။

ကမ္ဘာကြီး ပိုမိုပူနွေးလာနေခြင်းသည် ကမ္ဘာ့မြေပြင်ကို ပို၍ခြောက်သွေ့စေခြင်းဖြင့် မိုးခေါင်မှုကို အဆတိုးကာ ဖြစ်ပေါ်လာစေသည့်နည်းတူ ရေသံသရာလည်ခြင်းဖြစ်စဉ်ကိုလည်း ပို၍မြန်ဆန်စေခြင်းဖြင့် မိုးရွာသွန်းမှုပမာဏကို အဆတိုး၍ များပြားလာစေခြင်းကြောင့် ရေဖောင်သော ဖြစ်ရပ်များကို တိုး၍ ကြုံတွေ့ကြရစေသည်ဖြစ်ရာ လူမှုဒုက္ခအပေါင်းကို ကြုံတွေ့ရစေသည့် မိုးခေါင်မှုနှင့် ရေဖောင်မှုများမှ ရှောင်လွှဲနိုင်ကြစေရန်အတွက် ကမ္ဘာကြီးပူနွေးလာနေမှုကို တတ်နိုင်သည့်နည်းလမ်းများဖြင့် အစွမ်းကုန် တိုက်ဖျက်သွားကြရမည်သာ ဖြစ်ပေသည်။ ။

**ဂျပန်နိုင်ငံမှ IT ပညာရပ်များကို လေ့လာသင်ယူနိုင်မည့် IT သင်တန်းကျောင်းကိုမြန်မာနိုင်ငံ၌ ၂၀၁၅၊နိုဝင်ဘာလတွင်စတင်ဖွင့်လှစ်ခဲ့ပြီး၊ ၂၀၁၆ဇွန်လတွင်တန်းခွဲသစ်များကိုထပ်မံဖွင့်လှစ်ပါတော့မည်**

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးဂျပန်နိုင်ငံ၏အိုင်တီစီးပွားရေးလုပ်ငန်းများတွင်
အလုပ်ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် . . .

**METRO**
IT & Japanese Language Centre

**2016 June Start !**



**2016** ခုနှစ် **April** လ **24** ရက်နေ့တွင် ကျင်းပခဲ့သော **ITPEC** စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံးမှဖြေဆိုသူပေါင်း **160** ဦးရှိသည့်အနက် အောင်မြင်သူစုစုပေါင်း **54** ဦးရှိခဲ့ပြီး အောင်ချက်ရာခိုင်နှုန်း **33.8%** ရှိခဲ့ပါသည်။

**အဆိုပါစာမေးပွဲတွင် Metro မှဝင်ရောက်ဖြေဆိုသူပေါင်း 38 ဦး**
**ဖြေဆိုအောင်မြင်သူပေါင်း 23 ဦး**
**အောင်ချက်ရာခိုင်နှုန်း 60.5%**

ဂျပန်နိုင်ငံမှာ **IT** ပညာရှင်များစွာ လိုအပ်လျက်ရှိနေတယ် ဆိုတဲ့သတင်းကအမှန်ပဲလား ?

**METRO IT** ကျောင်းမှာ ဂျပန်ဘာသာကော သင်ပေးမှာလား... ?

**METRO IT** ကျောင်းနဲ့ ဂျပန် **IT** ကုမ္ပဏီ ဘယ်လိုများ ဆက်စပ်နေပါလိမ့်... ?

ဂျပန် **IT** ကုမ္ပဏီမှာ အလုပ်လုပ်ရင် ဘယ်လို အခွင့်အရေးတွေရနိုင်မလဲ... ?

တနင်္လာ မှ သောကြာနေ့ များတွင်လည်း ကျောင်းတွင်အချိန်မရွေးလာရောက် ဆွေးနွေးနိုင်ရန်စီစဉ်ထားပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ဆက်သွယ်ပေးပါရန် . . .
ဖုန်း ၀၉ – ၉၇၆ ၃၃၄ ၁၆၀ ၊ ၀၉ – ၂၅၄ ၅၀၄ ၃၉၀

**အိုင်တီနှင့်ဂျပန်စာကိုအတူလေ့လာရင်းဂျပန်**
**အိုင်တီကုမ္ပဏီများတွင်အလုပ်လုပ်ကြရအောင်**

IT & Japanese Language Centre
**သင်တန်းကျောင်း၏ သင်ကြားရေးနှင့် ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲ**

**Date** : 5.6.2016 ( Sunday )
**Time** : 1:00 ~ 3:00
**Venue** : Metro IT & Japanese Language Centre ( Room A,B,C,D 3rd Floor, Kyaw Business Tower Condo ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန် )

**AYA bank နှင့် Samsung Show Room ကြားဓါတ်လှေကားမှတက်ပါရန်**

**လူဦးရေကန့်သတ်ထားပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို ဖုန်းဖြင့်ကြိုတင်စာရင်းပေးသွင်း၍ အခမဲ့ တက်ရောက် ဆွေးနွေးနိုင်ပါသည်။**

ဆက်သွယ်ရန် – Room No (A,B,C,D), 3rd Floor, Kyaw Business Tower Condo, ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်
ဖုန်း – ၀၁-၃၇၂၆၉၁ ၊၀၁-၃၇၂၆၁၀ ၊ ၀၉-၂၆၂၀၀၇၇၀၀၊ ၀၉-၂၆၂၀၀၇၉၀၀။ www.metro-myanmar.com/mic
Email : mminfo@metro-myanmar.com www.facebook.com/metrogroupmyanmar






MADE IN THE UK.
VALUED WORLDWIDE.

# MBA Programmes

INTERNATIONAL LEARNING.
INDEPENDENT THINKING.

www.ebsglobal.net

မြန်မာနိုင်ငံတွင်တက်ရောက်နိုင်သော နိုင်ငံတကာ MBA များတွင်အကောင်းဆုံးနှင့် ဂုဏ်သိက္ခာအကြီးမားဆုံးဖြစ်သော UK နိုင်ငံ Heriot-Watt University, Edinburgh Business School မှ MBA, MBA (Finance), MBA (Marketing), MBA (HRM) နှင့် MSc programmes များကို Strategy First Institute မှ တရားဝင်အသိအမှတ်ပြု မိတ်ဖက်အဖြစ်ယူဆောင်လာခဲ့ပြီဖြစ်ပါသည်။

UK, Scotland ရှိ Heriot-Watt University ကို 1821 တွင်တည်ထောင်ခဲ့ပြီး UK တွင် (၉) ခုမြောက်သက်တမ်းအရှည်ဆုံး အဆင့်မြင့်ပညာရေးအဖွဲ့အစည်းဖြစ်ပါသည်။ UK နိုင်ငံရှိ တက္ကသိုလ်များ၏ အဆင့်သတ်မှတ်ချက်ကို ဖော်ပြသော UK Guardian University League Table 2016 တွင် Heriot-Watt University သည်နံပါတ် (၁၈) နေရာရရှိထားပြီး QS World's Ranking အရကမ္ဘာ့အကောင်းဆုံးတက္ကသိုလ်များတွင် အဆင့် (၃၁၈) ရှိသောတက္ကသိုလ်တစ်ခုဖြစ်ပါသည်။ Edinburgh Business School (EBS) သည် Heriot-Watt University ၏ ဘွဲ့လွန်စီးပွားရေးသင်တန်းများကို သင်ကြားပေးနေသောဌာနတစ်ခုဖြစ်ပါသည်။ ယခုလက်ရှိ EBS MBA programme များကို နိုင်ငံပေါင်း (၁၆၆) နိုင်ငံမှ တက်ရောက်နေကြပြီး တက်ရောက်နေသူများထဲတွင် Fortune (500) စာရင်းတွင်ပါဝင်သော ကမ္ဘာ့ဩဇာအကြီးမားဆုံးကုမ္ပဏီများမှလည်း ပါဝင်ပါသည်။

MBA သင်တန်းများအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားပြီး လုပ်သက်အတွေ့အကြုံအနည်းဆုံး (၃) နှစ်နှင့် အင်္ဂလိပ်စာကျွမ်းကျင်မှု IELTS 6.5 ရရှိထားရန် လိုအပ်ပါသည်။ IELTS စာမေးပွဲ အောင်လက်မှတ်မရှိပါက အင်္ဂလိပ်စာ အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပါသည်။ ဘွဲ့မရရှိထားသော်လည်း လုပ်သက်အတွေ့အကြုံကောင်းမွန်သော လုပ်ငန်းရှင်များကိုလည်း အင်္ဂလိပ်စာ လိုအပ်ချက်ပြည့်မီပါက ဝင်ခွင့်ရရှိရန် စဉ်းစားပေးပါမည်။ ပထမ Core Module သုံးခုအောင်မြင်မှသာ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

သင်တန်းကြေးများမှာ MBA (General) 9675 USD + 5,000,000 Kyats နှင့် MBA (with Specialism) 11800 USD + 5,000,000 Kyats ဖြစ်ပြီး ဘာသာရပ်အားလုံးကို UK မှ တိုက်ရိုက်စာမေးပွဲစစ်ဆေး ဆုံးဖြတ်ပါသည်။ သင်တန်းများအောင်မြင်ပြီးဆုံးသည့်အခါ UK Heriot-Watt University မှ ချီးမြှင့်သောဘွဲ့ကို ရယူနိုင်ပါသည်။ UK, Malaysia နှင့် Dubai တို့ရှိ Heriot-Watt University Campus များတွင် Revision အတန်းများသွားရောက်သင်ယူလိုပါက တစ်ဘာသာလျှင် ပေါင် ၃၀၀ ထပ်မံ ပေးသွင်းပြီးတက်ရောက်နိုင်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက်အဆင်ပြေစေရန် အတန်းချိန်များသည်ရုံးပိတ်ရက်များနှင့်ရုံးချိန်လွတ်သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လကြာမြင့်ပါမည်။



■ သင်တန်းများကို ဇွန်လ (၁၁) ရက်နေ့တွင် စတင်မည်ဖြစ်ပါသည်။

သင်တန်းအပ်လက်ခံမည့် နောက်ဆုံးရက် - ဇွန်လ (၃) ရက်

■ သင်တန်းကြေးကို (၁၅) ကြိမ်အထိ အရစ်ကျပေးသွင်းနိုင်ပါသည်။

Installment plan လျှောက်ထားရန် နောက်ဆုံးရက် - 31 May 2016

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp.

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

**Apply Now - (09) 450177770**

## လမ်းဦးစီးဌာန၊ ကျောက်ဖြူခရိုင်
# Open Tender ခေါ်ယူခြင်း
### တင်ဒါအမှတ် ၁/၂၀၁၆-၂၀၁၇

၁။ ရခိုင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ကျောက်ဖြူခရိုင်လက်အောက်ရှိ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ အမ်းမြို့နယ်များမှ ပြည်နယ်ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများအတွက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ဝယ်ယူမည့်ပစ္စည်း | စဉ် | ဝယ်ယူမည့်ပစ္စည်း |
|---|---|---|---|
| 1 | 150mm-225mmကျောက် | 9 | ဘိလပ်မြေ |
| 2 | 50mm-100mmကျောက် | 10 | သံချောင်းရှယ်စုံ |
| 3 | 75mm အောက်ခွဲကျောက် | 11 | တောသစ်ခွဲသား(ထု) |
| 4 | 25mm-50mm ခွဲကျောက် | 12 | တောသစ်ခွဲသား(ပျဉ်) |
| 5 | Chipping | 13 | သစ်မာတိုင်/ |
| 6 | B-Fine | 14 | ၈'×၄' ငါးထပ်သား |
| 7 | ကျောက်စရစ်(ကွန်ကရစ်လုပ်ငန်းသုံး) | 15 | ဖြုန်းကျောက်စရစ် |
| 8 | သဲ | 16 | သစ်မာခွဲသား |
| | | 17 | မျောတိုင် |

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၅-၆-၂၀၁၆ ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျောက်ဖြူမြို့
**တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျောက်ဖြူမြို့
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၁-၆-၂၀၁၆ ရက် ၉း၀၀ နာရီ

အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၄၃-၄၆၀၃၃**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
## ရုံးအမှတ်(၂)၊ နေပြည်တော်
# လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါလစာနှုန်း (၁၈၀၀၀၀ိ-၂၀၀၀ိ-၁၉၀၀၀၀ိ) ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

(က) ဒု-ဦးစီးမှူး LL.B (၂)နေရာ
(ခ) ဒု-ဦးစီးမှူး BA(English) (၁)နေရာ
(ဂ) ဒု-ဦးစီးမှူး BE(EC) (၉)နေရာ
(ဃ) စာရင်းကိုင်(၂) B.Com (၁)နေရာ

၂။ လျှောက်ထားသူများသည်-
(က) ၃၀-၆-၂၀၁၆ ရက်တွင် အသက်(၃၀)၊ ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဂ) မဟာဘွဲ့/ပါရဂူဘွဲ့ရရှိသူများလည်း လျှောက်ထားနိုင်ပါသည်။
(ဃ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။
(င) အလုပ်သမားမှတ်ပုံတင်ထားသူဖြစ်ရမည်။ (ဝန်ထမ်းမဟုတ်သူများ)
(စ) အပိုဒ်(၁)ပါ အမှတ်စဉ်(ဂ)အတွက် လုပ်ငန်းလိုအပ်ချက်အရ အမျိုးသားများသာ ဦးစားပေးခန့်ထားမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါအချက်အလက်များ ပူးတွဲလျက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့ ၃၀-၆-၂၀၁၆ ရက် နောက်ဆုံးထား၍ အရောက်ပို့ရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူ
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင် လက်မှတ်မိတ္တူမှန်
(ဂ) သက်ဆိုင်ရာမြို့နယ်၊ ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်းရရှိသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဃ) လိုင်စင်ဓာတ်ပုံ(၂)ပုံ
(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(စ) ဝင်ကြေးငွေကျပ် ၅၀၀ိ/- ပေးသွင်းသည့် ချလန်မူရင်း

၄။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်၊ ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲ ကျင်းပမည့်ရက်ကို သတင်းစာများတွင် ကြော်ငြာသွားမည်ဖြစ်ပါသည်။

၅။ ဝန်ထမ်းများသည် မိမိတို့၏လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ် ၂၊ နေပြည်တော်သို့ လိပ်မူ၍ သက်ဆိုင်ရာဌာနမှတစ်ဆင့် ၃၀-၆-၂၀၁၆ရက် နောက်ဆုံးထား လျှောက်ထားရမည်။ (ကြိုတင်မိတ္တူကို ပေးပို့ရမည်။)

၆။ စာမေးပွဲဝင်ကြေးငွေကျပ် ၅၀၀ိ/-ကို ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်) ငွေစာရင်းအမှတ်-MD011092 သို့ ပေးသွင်းရမည်။

၇။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်းမပြည့်စုံလျှင်သော်လည်းကောင်း၊ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသည့်ရက်ထက် နောက်ကျရောက်ရှိသော်လည်းကောင်း၊ လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၈။ ရွေးချယ်ခြင်းခံရပါက အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း စာချုပ်ချုပ်ဆိုနိုင်ရမည်ဖြစ်သည်။

၉။ ရွေးချယ်ခြင်းခံရသူများအား လစာနှုန်းကျပ် (၁၈၀၀၀၀ိ-၂၀၀၀ိ-၁၉၀၀၀၀ိ)တွင် ကနဦး လစာကျပ် ၁၈၀၀၀၀ိ/-ဖြင့် စတင်ခန့်ထားပါမည်။ အရာထမ်းငယ်အခြေခံသင်တန်းသို့ တက်ရောက်ပြီးမှသာလျှင် နှစ်တိုးခံစားခွင့်ပြုမည်ဖြစ်ပြီး တစ်ဆင့်မြင့်ရာထူးတိုးစာမေးပွဲများ ဝင်ရောက်ဖြေဆိုခွင့်ပြုမည် ဖြစ်သည်။

၁၀။ အသေးစိတ်အကြောင်းအရာများကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ် ၂၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၂၃၀၊ ၀၆၇-၄၀၇၂၅၀ တို့တွင် စုံစမ်းနိုင်ပါသည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရှိ ဌာနခွဲများတွင် အသုံးပြုရန်အတွက်လိုအပ်သော Computer,Printer, Scanner,Projector,Copier များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၃၀-၅-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်၊အချိန်** - ၁၅-၆-၂၀၁၆ရက် ၁၅း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၉၇**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူရသောလူနာများအတွက် ဆေးဝါးနှင့် ဆေးပစ္စည်းများ ဓာတ်ခွဲစမ်းသပ်စစ်ဆေးနိုင်ရန် ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များအတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းဆေးပစ္စည်းများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ စာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၆-၆-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၇-၂၀၁၆ရက် ညနေ ၄း၀၀နာရီ

**ဆေးရုံအုပ်ကြီး**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# အသေးစားဓာတ်အားလိုင်းစနစ်လုပ်ငန်းများ
# အဆိုပြုလွှာခေါ်ယူခြင်း

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်မီးလင်းရေးလုပ်ငန်းများအတွက် အသေးစားဓာတ်အားလိုင်း (ဆိုလာ၊ အသေးစားရေအား၊ ဇီဝ) စနစ်များဖြင့် ဆောင်ရွက်မည်ဖြစ်၍ စိတ်ပါဝင်စားသည့် ပြည်တွင်းလုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများမှ ကွင်းဆင်းလေ့လာ၍ အသေးစိတ်အချက်အလက်များနှင့်တကွ အဆိုပြုတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ အဆိုပြုလွှာတွင် ပါဝင်ရမည့် အသေးစိတ်အချက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းရယူနိုင်ပါသည်။

**အဆိုပြုလွှာနောက်ဆုံးထားတင်သွင်းရမည့်ရက်** - ၁၈-၇-၂၀၁၆ ရက်
**အဆိုပြုလွှာနောက်ဆုံးထားတင်သွင်းရမည့်အချိန်** - ၁၆း၀၀ နာရီ

**ဆက်သွယ်ရန်**
**NEP စီမံကိန်းရုံး**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄)နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၉၅၂၉၊ ၀၉-၂၀၁၂၉၃၀**
**E-mail- neppmo,drd@gmail.com**
**- dr.soesoeohn@gmail.com**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၂)၊ တတိယတန်း(က)မှ စိုင်းကွမ်ခေး၏ ဖခင်အမည်မှန်မှာ စိုင်းကောလ္လိသ ဖြစ်ပါကြောင်း။

**စိုင်းကောလ္လိသ**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၂)၊ နဝမတန်း(ဃ)မှ ခွန်ထွန်းဟန်၏ ဖခင်အမည်မှန်မှာ ဦးခွန်ကျော် ဖြစ်ပါကြောင်း။

**ဦးခွန်ကျော်**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့၊ အထက(နမ့်စန်)၊ တတိယတန်းအောင်မှ စိုင်းမွမ်းဖ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဆိုင်အွမ် ၁၃/နစန(နိုင်)၀၆၄၆၅၉ ဖြစ်ပါကြောင်း။

**ဦးစိုင်းဆိုင်အွမ်**

## အမည်ပြောင်း

ပျဉ်းမနားမြို့နယ်၊ အမှတ်(၁)မြို့မမူလွန်၊ စတုတ္ထတန်း(ခ)အောင်မှ မအိမ့်သဒ္ဒါထက်အား ယနေ့မှစ၍ မအိမ့်သီရိလွင်ဟု ပြောင်းလဲခေါ်ပါရန်။

**မအိမ့်သီရိလွင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်းတယမြို့နယ်၊ ညောင်ဝန်းကျေးရွာအုပ်စု၊ ပိန္နဲကုန်းကျေးရွာနေ ဦးသာအေး-ဒေါ်ရွှေတို့၏သား ဦးစောဖေ ၁၃/ပတယ(နိုင်)၀၁၄၈၇၂နှင့် ဦးစိုးဖေသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစောဖေ(ခ)ဦးစိုးဖေ**

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အေးသာယာ၊ အထက(ခွဲ)စက်မှုဇုန်၊ စတုတ္ထတန်း(ဂ)မှ မမျိုးယုမွန်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်နိုင် ၁၃/ကတန(နိုင်)၀၈၈၅၇၈ ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်နိုင်**

## အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၄)၊ ဆဋ္ဌမတန်း(ခ)မှ မောင်ကုဋေကျော်အား ယနေ့မှစ၍ မောင်သော်ထက်ဈာန်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သော်ထက်ဈာန်**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့၊ အထက(နမ့်စန်)၊ ပဉ္စမတန်းအောင်မှ နန်းဖွေးဟွမ်၏ဖခင်အမည်မှန်မှာ ဦးစိုင်းဆုလိန် ၁၃/နစန(နိုင်)၀၃၀၃၁၄ ဖြစ်ပါကြောင်း။

**ဦးစိုင်းဆုလိန်**

## အမည်မှန်

အထက(၂) ပင်လောင်း၊ ဆဋ္ဌမတန်းမှ စိုင်းအောင်သူရဟိန်း၏ အမည်မှန်မှာ မွေးစာရင်းအရ စိုင်းမွမ်းဆိုင်ခေး ဖြစ်ပါကြောင်း။

**စိုင်းမွမ်းဆိုင်ခေး**

## အမည်ပြောင်း

တောင်ကြီးမြို့၊ ပညာရောင်ခြည်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပထမတန်းအောင်မှ ခွန်ဇမ်နူးအား ယနေ့မှစ၍ ခွန်ထက်အောင်ရှိုင်းဟု ပြောင်းလဲခေါ်ပါရန်။

**ခွန်ထက်အောင်ရှိုင်း**

# AGTI Society
# Vocational Training Centre
# သင်တန်းသားများခေါ်ယူခြင်း

၁။ ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း (AGTI Society) နှင့် ဂျပန်နိုင်ငံမှ Kinden Corp; Sumitomo Corp; တို့နှင့်ပူးပေါင်း၍ (ယခင်)အင်းစိန် စက်မှုလက်မှုသိပ္ပံကျောင်းဝင်းအတွင်း၌ အောက်ပါသင်တန်းများကို အမှတ်စဉ်(၄) အဖြစ် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်-

**Sakura-Insein Technical Course**
(က) Commercial Electrical Wiring Course (၃၀)ဦး
(ခ) Electrical Power Distribution Line Course (၁၀)ဦး

**သင်တန်းကာလ (၇)လဖြစ်ပါသည်။**

၂။ ဤသင်တန်းသည် ဂျပန်နိုင်ငံ၏ လျှပ်စစ်လုပ်ငန်း၌ နာမည်ကြီးကျော်ကြားသည့် Kinden Corp; ၏ လျှပ်စစ်သင်တန်းကျောင်းနှင့် တွဲဖက်ဖွင့်လှစ်ပြီး ဂျပန်ဆရာများ ကြီးကြပ်၍ သင်ထောက်ကူပစ္စည်းအပြည့်အစုံနှင့် ဂျပန်နိုင်ငံ၏ လျှပ်စစ်စံချိန်စံညွှန်းများနှင့်အညီ သင်ကြားပေးမည်ဖြစ်ပါသည်။

၃။ ဤသင်တန်းအား စိတ်ပါဝင်စားသော အောက်ဖော်ပြပါအရည်အချင်းနှင့် ပြည့်စုံသူ၊ မြန်မာနိုင်ငံသား အမျိုးသား၊ အမျိုးသမီးများ လျှောက်ထားနိုင်ပါသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနိမ့်ဆုံး တက္ကသိုလ်ဝင်တန်းအဆင့် သင်ကြားဖူးသူဖြစ်ရမည်။
(ဂ) ၂၀၁၆ခုနှစ် ဇူလိုင် ၁ရက်တွင် အသက်(၁၇)နှစ်ပြည့်ပြီး၊ အသက်(၂၃)နှစ်ထက်မကြီးသူ။
(ဃ) သင်တန်းကြေးပေးသွင်းတက်ရောက်ရမည်။

လျှောက်လွှာများကို Sakura-Insein Technical Course တည်ရှိရာ AGTI Society, Vocational Training Centre (ယခင် GTI Campus)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ ရွာမ၊ အင်းစိန်၊ ရန်ကုန်မြို့နှင့် GTI ကျောင်းသားဟောင်းများအသင်း(ရုံး)၊ အမှတ် ၃၀၃၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(တတိယထပ်)၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့တွင် အခမဲ့ထုတ်ယူနိုင်မည်ဖြစ်ပြီး ၃၀-၆-၂၀၁၆ ရက်မတိုင်မီ Sakura-Insein Technical Course သင်တန်းကျောင်းသို့ လျှောက်ထားရမည်ဖြစ်ပါသည်။

**အသေးစိတ်သိရှိလိုပါက ကျောင်းအုပ်ချုပ်ရေးရုံးခန်း-**
**ဖုန်း-** ၀၁-၅၁၉၈၆၃၊ ၀၁-၆၄၃၆၆၃၊ ၀၉-၅၀၅၆၇၁၇၊ ၀၉-၃၀၃၁၆၅၇၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## အထူးလျှော့ဈေး (865.L)

ရွှေသံလွင်စက်မှုဇုန်ရှေ့ ပေ(၈၀)လမ်းမ ဗဟိုလမ်းပေါ် ပေ(၄၀×၆၀)
ပါမစ်မြေ ရေမီးစုံ
လှိုင်သာယာ
**ဖုန်း-၀၉-၃၂၃၀၀၀၀၃၊ ၀၉-၇၈၈၅၅၅၅၅၇**

## တစ်ဦးတည်းဖြစ်ကြောင်း

တောင်သာမြို့၊ အမှတ် ၅၊ ဘူတာရပ်ကွက်နေ ဦးဆိုးတေ၏ သမီး မနီလာ(ခ)မနီလာထွန်း ၉/တသန(နိုင်)၀၉၁၈၂၉မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မနီလာ(ခ)မနီလာထွန်း**

## အိမ်အမြန်ရောင်းမည်

(မြို့တွင်း အချက်အချာကျ/ နေရာကောင်း)
ပုသိမ်ညွန့် ၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ပုသိမ်ညွန့် ၆လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
**ဆက်သွယ်ရန်-** ဖုန်း-၀၉-၇၈၁၀၆၆၆၈၄၊ ၀၉-၇၈၁၀၆၆၆၈၅
(အကျိုးဆောင်များဆက်သွယ်နိုင်ပါသည်။)

## အမည်ပြောင်း

ဦးဝင်းဇော်၏သမီး မြစ်ကြီးနားမြို့၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ (KG)သူငယ်တန်းမှ မကြယ်စင်သံသာအေးအား မပြည့်စုံသင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကျေးဇူးဆပ်ပါမည်



မဝင်းသီရိဟန်သည် ၂၇-၅-၂၀၁၆ ရက် နံနက် ၉း၀၀ နာရီခန့်တွင် နေအိမ်မှ ကျောင်းသို့သွားစဉ် ပျောက်ဆုံးသွားပါသည်။ ပျောက်ဆုံးသည့်ရက်မှစ၍ မိဘနှစ်ပါးမှာ မအိပ်နိုင်၊ မစားနိုင် စိတ်ဆင်းရဲနေပါသည်။ ဤကြော်ငြာကို တွေ့ရှိပါက မိဘနှစ်ပါးနှင့် ခင်ပွန်းကို အမြန်ဆုံးဆက်သွယ်ပါ။ သမီးရဲ့ အပြစ်တွေကို အားလုံးခွင့်လွှတ်ပါတယ်။ လက်ခံထားသူအား တရားဥပဒေအရ အရေးယူမည်။ တွေ့ရှိပါက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၉၇၄၀၃၆၄၊ ၀၉-၇၉၉၇၄၀၇၃၀၊ ၀၉-၇၉၉၇၄၀၄၈၅**

## အမည်ပြောင်း

ဦးထွန်းထွန်းနိုင်၏သမီး ဖားကန့်မြို့နယ်၊ အလက(မော်စီစာ) ဒုတိယတန်းမှ မဖူးပြည့်စုံ၏ အမည်မှန်မှာ မလဲ့အိန္ဒြေဖြိုး ဖြစ်ပါသည်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် သ-၆၊ ဦးပိုင်အမှတ် ၂၇၊ ၆၇×၆၉ကြား၊ သာယာဝတီ×ပျူစောထီးကြားရှိ ဒုတပ်ကြပ်မြင့်ဝင်းအမည်ပေါက် တောဂရန်မြေကွက်အား ဦးမြင့်ဝင်း ၉/မနမ(နိုင်)၀၉၇၀၅၅မှ တောဂရန်မူရင်း၊ မြေချထားမိန့်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အမက(၃)မူလွန်၊ အဋ္ဌမတန်းအောင်မှ မောင်နော်ထွယ်၏ ဖခင်အမည်မှန်မှာ ဦးခါးထန် ဖြစ်ပါသည်။

## အမည်ပြောင်း

မြစ်ကြီးနားမြို့၊ အလက(၁) ရေကြည်မှ တတိယတန်းကျောင်းသူ မဆုစန္ဒီလဲ့အား မဆုစန္ဒီလှိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဖ-၃၊ ဦးပိုင် အမှတ် ၄၃၊ ၅၇×၅၈လမ်းကြား၊ မနော်ဟရီ×နှင်းဆီလမ်းကြားရှိ မြေကွက်အား တောဂရန် အမှုတွဲအမှတ် ၂၇၈၄/၉၁-၉၂ အရ ဒေါ်ခင်စန်းရီ TDI-၁၀၅၇၈၁ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးစိုင်းဝင်းနိုင် ၁၃/ကမန(နိုင်)၀၇၃၀၁၅မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

ကျွန်မ မလှမိုင် ၁/ဝမန(နိုင်) ၀၉၉၇၀၁၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၀၂၅၉၇၀၂**

## မိခင်အမည်မှန်

လောင်းလုံးမြို့နယ်၊ အထက(ခွဲ) သကျက်တောရွာ၊ တက္ကသိုလ်ဝင်တန်းမှ မသက်သက်မိုး၏ မိခင်အမည်မှန်မှာ ဒေါ်ချိုချိုလဲ့ ၆/လလန(နိုင်) ၁၄၇၈၃၁ဖြစ်ပါကြောင်း။ **ဒေါ်ချိုချိုလဲ့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ညည-၃၄၊ ဦးပိုင်အမှတ် ၁၉-ခ၊ ၅၅×၅၆လမ်းကြား၊ မင်းရဲကျော်စွာ×ဗထူးလမ်းကြားရှိ ဦးပြုံးကျော် အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးအောင်ဖြိုး ၅/ကဘလ(နိုင်)၁၂၉၆၅၄မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ထားဝယ်မြို့၊ ကြက်စာပြင်ရပ်နေ ဦးဝင်းလှိုင်ဌေး ၆/ထဝန(နိုင်)၁၀၄၉၅၈၏သား မောင်ရဲရင့်ဗိုနှင့် စွမ်းထက်ဗိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ရဲရင့်ဗို(ခ)မောင်စွမ်းထက်ဗို**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အမှတ်(၂၃၀/၅၉)၊ ရွှေဝါမြေလမ်း၊ သမိုင်း(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဦးမောင်လှ-ဒေါ်လှလှတို့၏ သမီးဖြစ်သူ မဇင်မင်းမင်းသက် (MYGN-၀၃၇၈၄၅)သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိစိတ်ထင်ရာ ပြုမူဆောင်ရွက်ခဲ့သည့်အပြင် မိသားစု၏ ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ပြုလုပ်သဖြင့် ယနေ့မှစ၍ ၄င်းအား မိသားစုနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း၊ ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့ကို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်လှ-ဒေါ်လှလှ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လောင်းလုံးမြို့၊ အထက(ခွဲ) သကျက်တောရွာ၊ တက္ကသိုလ်ဝင်တန်းမှ မဖြိုးပပဦးနှင့် မပပဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် (ဘ) ဦးခင်ဦးနှင့် ဦးအောင်စိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မဖြိုးပပဦး(ခ)မပပဦး**
**ဦးခင်ဦး(ခ)ဦးအောင်စိုး**
**၆/လလန(နိုင်)၀၂၈၀၁၃**







## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/9635 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ဘိုတင်သိန်း ၈/တတက(နိုင်)၁၅၇၃၀၂ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်အမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၇၄၁၄၉၂၄၂**

## မိဘအမည်မှန်

မကွေးမြို့၊ အထက(၂)အဌမတန်းမှ မအင်ကြင်းဖြူ၏ မိဘအမည်မှန်မှာ ဦးဟန်ဝင်းအောင်နှင့် ဒေါ်ယဉ်ယဉ်နွဲ့ ဖြစ်ပါကြောင်း။

**ဦးဟန်ဝင်းအောင်-ဒေါ်ယဉ်ယဉ်နွဲ့**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါက်တာဒေါ်တင်တင်လှ ၈/မကန(နိုင်)၁၀၉၇၅၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-504979) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၃၄၁၅၉၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၅)၊ ဦးပိုင်အမှတ် (၂၁)၊ ၆၉×၇၀၊ သာယာဝတီ×ပျူစောထီးကြားရှိ ဒုတပ်ကြပ်ကိုကိုအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်အေးတင် ၁၃/မဆတ(နိုင်)၀၀၂၂၆၉ မှ မြို့သစ်တိုးချဲ့ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ် ကျွဲဆွဲ အလက အဌမတန်းမှ မခိုင်ငြိမ်းငြိမ်းအေး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဆွေ ၅/တဆန(နိုင်)၀၀၂၉၂၃ ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/1161 AMA AUNG MYAN ; ASIA L.T P/U (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းယုဝေ ၉/မဟမ(နိုင်)၀၂၁၃၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်မောင်လွေ ၈/ငဖန(နိုင်)၀၂၈၆၃၁၏ နိုင်ငံကူးလက်မှတ် အမှတ်နံပါတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။

**မောင်လွေ ဖုန်း-၀၉-၉၇၄၁၄၉၂၄၂**

## အမည်ပြောင်း

ဦးနေဒွန်း ၅/ငဇန(နိုင်)၀၆၃၉၈၁၏ သား အမှတ် (၂၀)၊ ပင်လုံလမ်း၊ (၂၉) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် Success ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ထက်စံသွေး အား မောင်ဟိန်းထက်စံဟုခေါ်ပါရန်။

## ဖခင်အမည်မှန်

အထက(ရပ်စောက်)၊ န၀မတန်း အောင်မှ မဖြိုးအိအိဇော်၏ ဖခင် အမည်မှန်မှာ ဦးဝင်းလှိုင် ၁၃/ရစန (နိုင်)၀၅၄၉၇၂ဖြစ်ပါကြောင်း။

**ဦးဝင်းလှိုင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်မျိုးကျော် ၉/မလန(နိုင်) ၁၅၁၆၄၉ ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ) သည် ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၄၅၀၈၀၁၇၆၉**

## အမည်ပြောင်း

လှိုင်ကော်မြို့၊ အလက (၂) မူလွန် (မင်္ဂလာ)၊ ဆဋ္ဌမတန်းမှ မနော်မိ (ခ) မမြတ်ငြိမ်းသူအား ယနေ့မှစ၍ မဖြူစင် သန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မဖြူစင်သန့်**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ (၃)၊ ကိုယ်ပိုင်လမ်း၊ အိမ်အမှတ်(၃/၁၃၃)နေ ဦးလီချန်ဝင်း-ဒေါ်စိမ်းမေတို့၏သားဖြစ်သူ မောင်အောင် မြင့်ဦး ၁၃/မရန(ပြု)၀၀၀၂၃၄သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒ အတိုင်းပြုမူနေထိုင်ပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက် သည်၊ ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးလီချန်ဝင်း-ဒေါ်စိမ်းမေ**

## အများသိစေရန်ကြေညာချက်

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ကမ္ဘောဇလမ်းခွဲ(၁)၊ အကွက် အမှတ် ၉-က၊ အစိုးရရပ်၊ ဦးပိုင်အမှတ် ၁၃၊ မြေကွက်အမှတ် ၈၊ ဧရိယာ ၀ ဒသမ ၃၆၇ဧကရှိ မြေကွက်ကို ဒေါ်ခင်မြဝေ(ပါ ၆ ဦး)အမည်ပေါက်ပိုင်ဆိုင် ခဲ့ပါသည်။

အထက်ပါမြေကွက်ကို ကျွန်တော်ဦးကျထီးမှ တရားရုံးလေလံဆွဲဝယ်ယူ ခဲ့ပြီး စာချုပ်စာတမ်းရုံးတွင် တရားဝင်စာချုပ်စာတမ်း ဝယ်ယူခဲ့ပြီးဖြစ်ပါ သည်။

အထက်ပါမြေကွက်အမှတ်ဲ့အမှတ် ၁၇၈/၆၈/၆၉သည် ၂၁-၇-၆၇ ရက်တွင်အိမ်ဂရန် ထုတ်ယူခဲ့ပြီး ဂရန်မူရင်းသည် ပျောက်ဆုံးသွားပါသဖြင့် ကျွန်တော်ဝယ်ယူထားသောအထက်ပါ မြေကွက်အား ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့် သက်ဆိုင်သည့် ဌာနများသို့ ကန့်ကွက် နိုင်ပါကြောင်းနှင့် ကြေညာသည့်ရက်မှစ၍ ရက် ၃၀ အတွင်း ကန့်ကွက်နိုင်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျထီး**
**ဆန်ဆိုင်း(အောက်)ရပ်ကွက်၊ တာချီလိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ ဈေးပိုင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၂၈/ဈေးပိုင်းရပ်၊ မြေကွက်အမှတ် ၁၉၉၊ ဦးပိုင်အမှတ် ၁၃၈-က၊ ဧရိယာ ၀ဒသမ၀၇၃ဧကအကျယ်အဝန်းရှိ မြေကွက်သည် ဦးညွှန့်စိန်အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ဂရန်မှာ ပျောက်ဆုံးသွားပြီး ယခုအခါ ဇနီးဖြစ်သူ ဒေါ်ခင်သန်းမြင့်အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်မည့်သူများရှိပါက ကျွန်မထံတွင် ၁၅ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများနှင့်အတူ လာရောက်ကန့်ကွက် နိုင်ပါသည်။

**ဒေါ်ခင်သန်းမြင့်**
**၁၃/တကန(နိုင်)၀၂၇၂၃၄**
**ဖုန်း-၀၉-၇၃၀၅၄၁၅၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မြောင်းမြခရိုင်တရားရုံး**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၆**

| | | | |
|---|---|---|---|
| ၁။ ဦးခင်မြင့် ၂။ ဒေါ်မြင့်ကြည် | **နှင့်** | ၁။ ဦးသန်းဝင်း ၂။ ဒေါ်ငွေဝင်း | |
| ၃။ ဦးသန်းထွန်း ၄။ ဒေါ်မြင့်ရီ | | ၃။ ဒေါ်ငွေးမြင့် ၄။ ဒေါ်ခင်မာထွေး | |
| ၅။ ဦးမြင့်လွင် ၆။ ဒေါ်ချိုခိုင် | | ၅။ ဦးလှငွေး ၆။ ဦးသန့်ဇော်ထွန်း | |
| | | ၇။ ဒေါ်သင်းသင်းနွယ် | |
| | | ၈။ ဦးကျော်ဇင်မိုး | |
| **တရားလိုများ** | | **တရားပြိုင်များ** | |

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မြပေမာရပ်ကွက်၊ ကွယ်လွယ်တွင် နေထိုင်သူ (၇) တရားပြိုင် ဒေါ်သင်းသင်းနွယ်နှင့် (၈)တရားပြိုင်ဦးကျော်ဇင်မိုး (ယခုနေရပ် လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက အဘိုးဦးရှိန်၊ အဘွားဒေါ်စိန်နုတို့၏ အမွေပုံပစ္စည်း အား စီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြော ဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဇွန် ၁၅ ရက် (၁၃၇၈ခုနှစ် နယုန်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မေ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ငွေးငွေး)**
**ဒုတိယခရိုင်တရားသူကြီး**
**မြောင်းမြခရိုင်တရားရုံး**

## အမည်ပြောင်း

ကျွန်တော် ဦးထက်လင်းအောင် ၁၂/လမန(နိုင်)၁၄၀၄၃၆ ၏ သမီး အမက (၃၀)လှိုင် စတုတ္ထတန်းမှ မခင်မီမီကိုအား မကြွေကနုတ်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာနေ (ဦးရှိုင်းငယ်) - ဒေါ်ခင်ယုမော် ၁၄/နေဖ(နိုင်)၁၂၆၆၅၈၏ သား အလက အမှတ် (၉) ဒုတိယတန်းမှ မောင်ကျော် ဇင်လတ်အား မောင်ညီဘုန်းစံဟု ပြောင်း လဲခေါ်ပါရန်။


**ချာချီးယား**
**ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-681 9020
09-510 1862


# ၂၆-၅-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၈)ပါ တရားလွှတ်တော်ရှေ့နေ ဦးဇော်ဝင်း (စဉ်-၆၅၃၃/၉၈)၊ တရားလွှတ်တော်ရှေ့နေ ဒေါ်မြင့်မြင့်ဝင်း (စဉ်-၁၄၁၆/၇၄)တို့၏ အများသိစေရန်ကြေညာခြင်း ကြော်ငြာချက်အပေါ် အများသိစေရန် ဖြေရှင်းကြေညာခြင်း

လူကြီးမင်းတို့၏ ကြော်ငြာပါဖော်ပြချက်များ လုံးဝမှန်ကန်မှုမရှိပါ။ ဖြစ်ရပ်မှန်ကိုထိမ်ချန်ပြီး ကြော်ငြာခဲ့ခြင်းသာဖြစ်ပါသည်။ ကွယ်လွန်သူ ဦးဒေဘီဒသ်(ခ)ဦးသန်းမောင်ကွယ်လွန်ချိန်တွင် ဆွေမျိုးသားချင်းများကို ခွဲဝေပေးရန်အတွက် သီးသန့်ကျန်ရစ်ခဲ့သော အမွေပစ္စည်းများ လုံးဝမကျန်ခဲ့ပါ။ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး (၃)ရုံး၊ ၂၀၁၆ ခုနှစ် တရားမအထွေထွေလျှောက်ထားမှုအမှတ် (၂၆/၂၀၁၆)တွင် ဦးဒေဘီဒသ်(ခ)ဦးသန်းမောင်၏တူဖြစ်သူ ဦးဒီလာရမ်း(ခ)ဦးဇော်ဝင်းမှ အမွေဆက်ခံခြင်းဥပဒေပုဒ်မ (၂၁၄)အရ အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားမှုအပေါ်တွင်လည်းကောင်း၊ အဆိုပါအမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်သည့် မြေနှင့်အိမ်အပေါ်တွင်လည်းကောင်း၊ ကွယ်လွန်သူ၏ တူအရင်းတော်စပ်သူ ဦးစံခ၊ ဦးအောင်ကျော် (ကွယ်လွန်သူ ဦးနန်ဒီ၏သားများ)မှ လုံးဝကန့်ကွက်ရန်မရှိ သဘောတူညီကြောင်းကို ဦးပီသမ်းဘရ် ပါ(၆)ဦးနှင့်တကွ လူကြီးမင်းတို့အား သိစေရန် ရှင်းလင်းတင်ပြအပ်ပါသည်။

ဦးဒီလာရမ်း(ခ)ဦးဇော်ဝင်းမှ အမွေဆက်ခံခြင်းဥပဒေပုဒ်မ-၂၁၄အရ အမွေဆက်ခံခွင့်လက်မှတ်ထုတ်ပေးရန်အတွက် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး (၃)ရုံးတွင် တရားမအထွေထွေလျှောက်ထားမှုအမှတ် (၂၆/၂၀၁၆)ဖြင့် လျှောက်ထားခဲ့ရာ ၃-၅-၂၀၁၆ရက်ရုံးချိန်းတွင် ကွယ်လွန်သူ ဦးစီးဘာလာလ်၏သားများဟုဆိုကာ ဦးပီသမ်းဘ(ရ်) (စိန်ရတနာမြင်ကုန်စုံဆိုင်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့)၊ ဦးနာရမ်း (Romantic ဆိုင်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့)၊ ဦးချော်ဘီလာ(လ်) (သီဟကုန်စုံဆိုင်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့)၊ ဦးတီကာရမ်း(ဆုမွန်စတိုး၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့)၊ ဦးထွန်းထွန်းအောင်(လက်ချမ်းဘာဘူကုန်စုံဆိုင်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့)၊ ဦးအောင်ဇော်ဇော်(လက်ချမ်းဘာဘူ ကုန်စုံဆိုင်၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့) တို့က ကွယ်လွန်သူဦးဒေဘီဒ(သ်)(ခ)ဦးသန်းမောင်၏ အစ်ကိုကြီးမှ မွေးဖွားသောသားများဖြစ်၍ အမွေဆက်ခံခွင့်ရှိသူများအဖြစ်တင်ပြပြီး ၂၃-၅-၂၀၁၆ရက်တွင် ကန့်ကွက်စာတင်သွင်းခဲ့သည်ကို ကြားသိမြင်တွေ့ရပါသည်။

ဦးပီသမ်းဘရ် ပါ(၆)ဦးတို့သည် ကွယ်လွန်သူနှင့် ဆွေမျိုးတော်စပ်သည်ကို အကြောင်းပြုပြီး ကွယ်လွန်သူတွင် အမွေမကျန်သည်ကို နာရေးတွင် အစအဆုံးမြင်တွေ့ပါလျက် ဦးပီသမ်းဘရ်၏သားဖြစ်သူ မောင်တီကာရမ်း၏ တိုက်တွန်းညွှန်ကြားမှုဖြင့် အမွေရရှိရန်အတွက် ရည်ရွယ်ကာ မူလသဘောတူညီချက်များကို ဆန့်ကျင်ပြီး မတော်လောဘဖြင့် တရားရုံးတွင် ဝင်ရောက်ကန့်ကွက်ခဲ့ခြင်းသာ ဖြစ်ပါသည်။ ဦးပီသမ်းဘရ် ပါ (၆)ဦးတို့သည် ကွယ်လွန်သူ ဦးဒေဘီဒသ်အပေါ် မည်သည့်အခါကမျှ စီးပွားရေး၊ လူမှုရေးအရ ကူညီခဲ့သည့်ပုဂ္ဂိုလ်များမဟုတ်သလို ကျေးဇူးခံ/ကျေးဇူးစားရှိသူများလည်း မဟုတ်ပါ။

**ရှင်းလင်းတင်ပြချက်များ**

ကွယ်လွန်သူ ဦးဒေဘီဒ(သ်)(ခ)ဦးသန်းမောင် ၉/ပဥလ(နိုင်)၀၀၅၉၀၈သည် ၁၉၉၈ခုနှစ်တွင် ပုလဲဖြူထောပတ်နှင့် နို့ဆီလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့ရာ တူ/တူမများဖြစ်သည့် ဦးဒီလာရမ်း(ခ)ဦးဇော်ဝင်း၊ ဦးကစ္စနား၊ ဦးတီကာရမ်း၊ မောင်တီကာရမ်း၊ ဦးအောင်ကျော်၊ ဦးစံခ၊ မောင်ကျော်သူ၊ ဒေါ်ချိုနာဒေဗီတို့မှ ဝိုင်းဝန်းကူညီလုပ်ကိုင်ဆောင်ရွက်ခဲ့ရာမှ လုပ်ငန်းချဲ့ထွင်နိုင်သည့်အပြင် မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ကွယ်လွန်သူ ဦးဒေဘီဒ(သ်)(ခ)ဦးသန်းမောင် ၉/ပဥလ(နိုင်)၀၀၅၉၀၈၏ အမွေပစ္စည်းမဟုတ်၍ ကျန်ရစ်သူအတူနေသူများမှ ကျန်ရစ်သော ပစ္စည်းများအပေါ် ခွဲဝေယူကြရာ၌ အမွေပစ္စည်းအဖြစ် သတ်မှတ်ခြင်းမရှိဘဲ ဦးဒေဘီဒသ်နှင့်အတူ လက်ရေတစ်ပြင်တည်း အတူနေပြီး စီးပွားရှာဖွေခဲ့ကြသည့် ဦးဒီလာရမ်း(ခ)ဦးဇော်ဝင်း၊ ဦးကစ္စနား၊ ဦးဒေဘီဒသ်အား လုပ်ငန်းစတင်လုပ်ကိုင်ရန်အတွက် အရင်းအနှီးထုတ်ပေးခဲ့သော ကိုအောင်ကျော်၊ ဒေါ်ချိုနာဒေဗီ၊ ဦးစံခ၊ ဦးဒေဘီဒသ်၏ ခေါ်ယူမှုကြောင့် ရောက်ရှိလာသည့် ဦးကျင်သာမဏိ၏သား မောင်ကျော်သူ၊ ဦးတီကာရမ်း၏သားများဖြစ်သော (၁)မောင်ရှမ်းလေး(ခ)သေခ်နတ်၊ (၂)မောင်ကျော်ကျော်(ခ)ရာမူး၊ (၃)ကတုံး(ခ)ကစ္စနား၊ ဦးပီသမ်းဘရ်၏သား မောင်တီကာရမ်းတို့မှ ဂုဏ်သရေရှိရှေ့နေများ၊ ဘာသာရေးဆိုင်ရာလူကြီးများ၊ ဦးဒေဘီဒသ်၏ ဆွေမျိုးသားချင်းများအားလုံးတို့၏ရှေ့တွင် ရရှိလာသော ညှိနှိုင်းပြေလည်မှုဖြင့် ဦးတီကာရမ်း ၉/မမန(နိုင်)၀၈၅၂၇၆သည် (၁) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ (၃၇)လမ်း၊ အမှတ် (၉၀)၊ ၆-လွှာ(ဝဲ)ဟုခေါ်တွင်သော တိုက်ခန်းနှင့်စပ်ဆက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ (၂) ရင်းနှီးလုပ်ကိုင်စားသောက်ရန်အတွက် ငွေကျပ်သိန်း ၆၀၀ တိတိတို့ကို လက်ခံရယူခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ ဦးတီကာရမ်း ၉/မမန(နိုင်) ၀၈၅၂၇၆ သည် ပစ္စည်းခွဲဝေရာတွင် ရရှိသည့်တိုက်ခန်းနှင့်ငွေသားသိန်း ၆၀၀ကို လက်ခံရရှိပြီး အမှတ် ၁၇၄၊ မြေညီထပ်၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်တွင် စံပယ်ဖြူထောပတ်နှင့် နို့ဆီဖြန့်ချိရေးလုပ်ငန်းကို စတင်လုပ်ကိုင်နေပြီဖြစ်ပါသည်။

အလားတူပင် ဦးကျင်သာမဏိ၏သားဖြစ်သူ မောင်ကျော်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ (၃၇)လမ်း၊ အမှတ် (၉၀) ၅-လွှာ(ဝဲ)ဟုခေါ်တွင်သော တိုက်ခန်းနှင့် ငွေသားသိန်း ၆၀၀ကိုလည်းကောင်း လက်ခံရရှိခဲ့ပြီး ယခုအခါ မိုးကုတ်မြို့ရှိ မိဘများနှင့် အတူတကွ နေထိုင်လျက်ရှိပါသည်။

ကွယ်လွန်သူ ဦးဒေဘီဒသ်(ခ)ဦးသန်းမောင်အတွက် ရည်စူးပြီး ဘာသာရေးထုံးတမ်းစဉ်လာအရ အခါအားလျော်စွာ လှူဒါန်းနိုင်ရန်အတွက် မော်တော်ယာဉ်အမှတ် (၁ဃ/၉၈၂၃) PRADO (TZ) အမျိုးအစား မော်တော်ယာဉ်ကို တန်ဖိုးငွေ ၁၉၅ သိန်း ဖြင့် ရောင်းချရန် သဘောတူညီခဲ့သဖြင့် ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။

အလားတူပင် ဦးပီသမ်းဘ(ရ်)၏သားဖြစ်သူ မောင်တီကာရမ်း ၉/ပဥလ(နိုင်)၀၂၉၂၀၃ သည်-

(၁) ပုလဲဖြူထောပတ်နှင့် နို့ဆီလုပ်ငန်းအား ဆက်လက်လုပ်ကိုင်ခွင့်နှင့် ဆိုင်ခန်းဖွင့်လှစ်ထားသည့် အမှတ်(၃၀၁-ဘီ)၊ မြေညီထပ်၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ အငှားဆိုင်ခန်းလုပ်ငန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၂) ယင်းလုပ်ငန်းသုံး မော်တော်ယာဉ်အမှတ် (5I-3072) နှင့် (6B-7064) မော်တော်ယာဉ် (၂)စီး။

(၃) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ (၃၇)လမ်း(အောက်)ရှိ အမှတ် (၁၁၂/၁၁၄/၁၁၆)၊ (၆-လွှာ/ဝဲ)ကွန်ဒိုတိုက်ခန်းနှင့် ဆက်စပ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၄) ရင်းနှီးလုပ်ကိုင်စားသောက်ရန်အတွက် ငွေကျပ်သိန်း ၁၀၀၀တို့ကို ခွဲဝေရရှိခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ မောင်တီကာရမ်းသည် ခွဲဝေရရှိသည့် တိုက်ခန်း၊ ကားနှင့်ပတ်သက်သည့် စာချုပ်စာတမ်းများကို လက်ဝယ်ရရှိခဲ့ပြီး ငွေသားကိုလည်း လက်ခံရရှိခဲ့ပြီးဖြစ်ပါသည်။

အလားတူပင် ဦးနန်ဒီ၏သားဖြစ်သူ ဦးအောင်ကျော် ၉/မကန(နိုင်)၀၈၈၈၀၈နှင့် ဦးနန်ဒီ၏သားဖြစ်သူ ဦးစံခ၏ဇနီးဒေါ်ချိုနာဒေဗီ ၉/မကန(နိုင်)၀၀၀၉၉၇တို့သည်-

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ (၃၇)လမ်း(အောက်)ရှိ အမှတ် (၁၀၈)၊ မြေညီထပ်တိုက်ခန်းနှင့် ဆက်စပ်သည့်အကျိုးခံစားခွင့်အားလုံးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ ပန်းဆိုးတန်းလမ်း၊ တိုက်အမှတ် (၂၄၄/၂၄၆/၂၅၆) ရှိ ပန်းဆိုးတန်း Apartment တာဝါ (ပင်လုံထိပ်ထားစံအိမ်)မှ အခန်းအမှတ် (၂၀၆)၊ (၆-လွှာ)ကွန်ဒိုတိုက်ခန်း (၁)ခန်းတွင် စွဲကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ခွဲဝေရရှိခဲ့ပါသည်။

ယခုအခါ ဦးအောင်ကျော်နှင့် ဒေါ်ချိုနာဒေဗီတို့သည် မိမိတို့ရရှိမည့်တိုက်ခန်း (၂)ခန်းအနက် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ ပန်းဆိုးတန်းလမ်း၊ တိုက်အမှတ် (၂၄၄/၂၄၆/၂၅၆)ရှိ ပန်းဆိုးတန်း Apartment တာဝါ (ပင်လုံထိပ်ထားစံအိမ်)မှ အခန်းအမှတ် (၂၀၆)၊ (၆-လွှာ)ကွန်ဒိုတိုက်ခန်း (၁)ခန်းကိုသာ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်တကွ တိုက်ခန်းကိုလက်ရောက်ရရှိခဲ့ပြီးဖြစ်သော်လည်း အမှတ် (၁၀၈)၊ မြေညီထပ်၊ (၃၇)လမ်း(အောက်)၊ (၅)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်ရှိတိုက်ခန်းကို ပိုင်ဆိုင်မှုစာရွက်စာတမ်းရရှိပြီးနောက် ဦးပီသမ်းဘ(ရ်)၏သားဖြစ်သူ မောင်တီကာရမ်းမှ လက်ရောက်ပေးအပ်ခြင်းမရှိသေး၍ လက်ရောက်ရရှိရန်အတွက် ဥပဒေနှင့်အညီ ကျွန်တော်/ကျွန်မတို့မှ ဆောင်ရွက်ဆဲဖြစ်ပါသည်။

ကွယ်လွန်သူ ဦးဒေဘီဒ(သ်)(ခ)ဦးသန်းမောင်ပိုင်ဆိုင်၍ ကျန်ရစ်ခဲ့သောရွှေ့ပြောင်း/မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်း၍ တရားလွှတ်တော်ရှေ့နေ ဦးဇော်ဝင်းနှင့် ဒေါ်မြင့်မြင့်ဝင်းတို့၏ ကြေညာချက်မှာမှန်ကန်မှုမရှိပါ။ ဦးဒေဘီဒ(သ်)(ခ) ဦးသန်းမောင် ကွယ်လွန်သည့်အချိန်တွင် အမွေဆိုင်ပစ္စည်းများလုံးဝကျန်ရစ်ခဲ့ခြင်းမရှိပါ။ အတူနေထိုင်၍ မိသားစုသဖွယ်လက်ရေတစ်ပြင်တည်းလုပ်ကိုင်ခဲ့ကြသော တူ/တူမများ၏ စုပေါင်းပိုင်ဆိုင်သောပစ္စည်းများသာလျှင်ဖြစ်ပါသည်။ အဆိုပါကြေညာချက်အမှတ်စဉ် (၃)ပါ တိုက်ခန်းအမှတ် (၁၁၀)၊ ပထမထပ်၊ A-2၊ ၃၇ လမ်း၊ (၅)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ အမှတ်စဉ် (၇) မထသ (၄၈)အထူးဘတ်စ်ကားကြီး (၁)စီး (1C/1042 YGN)၊ အမှတ်စဉ် (၈) မထသ (၄၈)အထူးဘတ်စ်ကားကြီး (၁)စီး (2C/1780 YGN) တို့သည် ဦးကစ္စနား ၉/မမန(နိုင်)၀၀၀၂၁၇ လက်ရှိထားပိုင်ဆိုင်သော နေအိမ်တိုက်ခန်းနှင့်ကားများဖြစ်ပါသည်။ လူကြီးမင်းတို့၏ကြော်ငြာတွင်ဖော်ပြထားသကဲ့သို့ ကွယ်လွန်သူဦးဒေဘီဒ(သ်)(ခ)ဦးသန်းမောင်ပိုင်ဆိုင်သော ပစ္စည်းများမဟုတ်သလို ကွယ်လွန်ချိန်တွင် ကျန်ရစ်ခဲ့သောပစ္စည်းများလည်းမဟုတ်ပါ။

လူကြီးမင်းတို့၏ကြော်ငြာတွင်ဖော်ပြပါရှိသော ပစ္စည်းစာရင်းအမှတ်စဉ် (၆) ပွင့်ဖြူကိတ်မုန့်လုပ်ငန်း-ဆန်းဝင်းကိတ်ခြောက်လုပ်ငန်းနှင့် လုပ်ငန်းတည်ရှိရာဥပစာမြေကွက်နှင့် အဆောက်အအုံ၊ အမှတ် (၂၉၉/၃၀၀)၊ မကွေးလမ်း၊ တောင်ဒဂုံစက်မှုဇုန် (၁)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ပစ္စည်းစာရင်းအမှတ်စဉ် (၁၂)၊(၁၃)၊(၁၄)ပါ မော်တော်ယာဉ် စုစုပေါင်း (၅)စီး၊ ပစ္စည်းစာရင်းအမှတ်စဉ် (၂) ယခုလက်ရှိဦးဒီလာရမ်း (ခ)ဦးဇော်ဝင်းနေထိုင်လျက်ရှိသော တိုက်ခန်းအမှတ် (၁၀၈) (ပထမထပ်)၊ (D-2)၊ ၃၇လမ်း၊ အမှတ် (၅)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တို့သည် ဦးဒီလာရမ်း(ခ)ဦးဇော်ဝင်းပိုင်ဆိုင်သော ရွှေ့ပြောင်း/မရွှေ့မပြောင်းနိုင်သောပစ္စည်းများသာဖြစ်ပါသည်။ ကွယ်လွန်သူ ဦးဒေဘီဒ(သ်) (ခ)ဦးသန်းမောင်ပိုင်ဆိုင်သောပစ္စည်း များမဟုတ်သလို ဦးဒေဘီဒ(သ်)(ခ) ဦးသန်းမောင်ကွယ်လွန်ချိန်တွင် ကျန်ရစ်ခဲ့သော ရွှေ့ပြောင်း/မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လုံးဝမဟုတ်ပါ။

လူကြီးမင်း၏ကြော်ငြာတွင် ကွယ်လွန်သူပိုင်ဆိုင်၍ ကျန်ရစ်ခဲ့သောပစ္စည်းများအဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ ပန်းဆိုးတန်းလမ်း၊ တိုက်အမှတ် (၂၄၄/၂၄၆/၂၅၆)ရှိ ပန်းဆိုးတန်း Apartment Tower (ပင်လုံထိပ်ထားစံအိမ်)မှ တိုက်ခန်းအမှတ် (၂၀၆)၊ (၆-လွှာ) ကွန်ဒိုတိုက်ခန်း (၁)ခန်း (ကြော်ငြာပါအမှတ်စဉ်-၅)၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ ၃၇ လမ်း(အောက်)၊ အမှတ် (၁၀၈)မြေညီထပ် (ကြော်ငြာပါအမှတ်စဉ်-၁) အဖြစ် ဖော်ပြကြော်ငြာထားခြင်းမှာ ကျွန်တော် ဦးအောင်ကျော်နှင့် ကျွန်မဒေါ်ချိုနာဒေဗီတို့၏ ပိုင်ရေးဆိုင်ခွင့်ကို ထိပါးနှောင့်ယှက်ရာရောက်သဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း အမြန်ဆုံးပြန်လည်ရုပ်သိမ်းပေးရန်အတွက် တောင်းဆိုလိုက်ပါသည်။ တောင်းဆိုချက်ကိုမလိုက်နာပါက မည်သူ၏လွှဲအပ်ညွှန်ကြားချက်အရဟု ဖော်ပြခြင်းမရှိဘဲ အများသိစေရန် ကြေညာခဲ့သည့် လူကြီးမင်းတို့ရှေ့နေ (၂)ဦးအပေါ် မလွဲမရှောင်သာဘဲ တတ်ကျွမ်းသောဥပဒေပညာရှင်များငှားရမ်း၍ ဥပဒေနှင့်အညီ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**ဒေါ်ချိုနာဒေဗီ ၉/မကန(နိုင်)၀၀၀၉၉၇**
**ဦးအောင်ကျော် ၉/မကန(နိုင်)၀၈၈၈၀၈**



# မိုးရွာသွန်းမှုကြောင့် မလှိုင်တွင် ကျေးလက်ဆည်နှစ်ခု ကျိုးပေါက်

**အောင်ဌေး(မလှိုင်)**

**မလှိုင် ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် တွင် မေ ၃၁ ရက် ညပိုင်းက မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ဆည်နှစ်ခုကျိုးပြတ်သွားပြီး အများသုံးသောက်ရေကန်တစ်ခု ထူးပေါက်သွားခဲ့ကြောင်း သိရသည် ။

မလှိုင်မြို့နယ်တွင် မေ ၃၁ ရက်ညပိုင်းက မိုးရေချိန် ၂ ဒသမ ၀၅ လက်မထိ ရွာသွန်းခဲ့သဖြင့် အုပ်ဖိုကန်ကျေးရွာအုပ်စုရှိ တောင်ကုန်းဆည် ရေပိုလွှဲနေရာမှ အရှည်ပေ ၁၇၀ ၊ ထိပ်ပြင်အကျယ်၁၄ ပေ ၊ တာပေါင် အမြင့်ပေ ၂၀ ခန့် ကျိုးပြတ်ပါသွားခဲ့သည်။ တောင်ကုန်းဆည်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်က ပြုပြင်တည်ဆောက်ခဲ့ခြင်း ဖြစ်ပြီး လယ်မြေဧက ၁၅၀ ကျော်ကို ရေပေးဝေနိုင်ကြောင်း ၊ ယမန်နှစ်က စပါးအောင်ရေရသည်အထိ ရေပေးဝေနိုင်သည့်ဆည်ဖြစ်ကြောင်း သိရသည် ။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❖

# စလင်းမြို့နယ် ရဒေးရွာ၌ ချောင်းရေကျ၍ ရွာတွင်းရေဝင်

**စလင်း ဇွန် ၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း စလင်းမှချောက်သို့ သွားရောက်သည့် ကားလမ်း ၁၅ မိုင်အကွာနှင့် ကန်တော်ရွာ၏အရှေ့ဘက် တစ်မိုင်ခွဲအကွာရှိ ရဒေးရွာတွင် မိုးရွာသွန်းမှုကြောင့် ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ရဒေးရွာသည် ကန်တော်ချောင်း၏ရေဦးတိုက်တွင် တည်ရှိပြီးကန်တော်ချောင်းမှာ ချောင်းခြောက်ဖြစ်သော်လည်း ချောင်းဖျားဘက်မိုးကြီးလျှင် ရေကျလေ့ရှိသည် ။ ရေကျလျှင် ရွာတွင်းသို့ချောင်းရေများဝင်လေ့ရှိသည်။ မေ ၂၀ ရက် မိုးတွင် ချောင်းရေကျသဖြင့် ရွာ၌ရေဝင်ကာ လမ်းများပျက်စီးခဲ့သည်။

ဇွန် ၁ ရက် နံနက် ၇ နာရီတွင် ကန်တော်ချောင်းရေကျသဖြင့် ရွာအတွင်း ရေများထပ်မံဝင်ကာ သီးနှံစိုက်ပျိုးပင်အချို့ရေနစ်ပျက်စီးခဲ့သည်။ ရွာအတွင်း ရေဝင်သည့်အတွက် သွားရေးလာရေးခက်ခဲလျက်ရှိသည်။ ရဒေးရွာသည် အိမ်ခြေ ၂၉၈ အိမ်၊ လူဦးရေ ၁၂၁၂ ဦးရှိပြီး တွဲဖက်အလယ်တန်းကျောင်းရှိ၍ ကျောင်းသားကျောင်းသူ ၂၂၂ ဦး ပညာသင်ကြားလျက်ရှိသည်။

ဤသို့ ကန်တော်ချောင်းမှာ မိုးကြီးတိုင်းရေကျတတ်သဖြင့် ယခုနှစ် မိုးရာသီတွင် ချောင်းရေကြီးပြီး ရွာတွင်းရေဝင်နစ်မြုပ်မည်ကို ဒေသခံများက စိုးရိမ်မှုရှိနေကြောင်း မြို့နှင့်ရွာဆက်သွယ်ရေးလမ်းများ ပျက်စီးလျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**





# မြန်မာအမျိုးသမီးအသင်းနှင့် တောင်ကိုရီးယား ခြေစမ်းပွဲ ဇွန် ၄ ရက်နှင့် ၇ ရက်တို့တွင် ကျင်းပမည်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် ဇွန် ၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် တောင်ကိုရီးယားလက်ရွေးစင်အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် တောင်ကိုရီးယားလက်ရွေးစင်အမျိုးသမီးအသင်းတို့၏ ခြေစမ်းပွဲများကို ဇွန် ၄ ရက်နှင့် ၇ ရက်တို့တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မေလမှစတင်ကာ

*စာမျက်နှာ ၁၄ ကော်လံ ၁* ■

မြန်မာအမျိုးသမီးအသင်း အဓိကတိုက်စစ်မှူး ခင်မိုးဝေ

## မိုးလေဝသအခြေအနေ

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

